

# မယ်မင်းဘုံ

ကွန်းခိုဖြစ်သော မျက်ဝန်းလေးဆီ

Lဏင

# မယ်မင်းဘုံ

## ကွန်းခိုဖြစ်သော မျက်ဝန်းလေးဆီ

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၊၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅. ၈၃

မယ်မင်းဘုံ

ကွန်းခိုဖြစ်သော မျက်ဝန်းလေးဆီ၊ မယ်မင်းဘုံ (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၃

၂၈၈-စာ၊ ၅ × ၇

(၁) ကွန်းခိုဖြစ်သော မျက်ဝန်းလေးဆီ

စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့ ..

လေးစားရပါသော မယ်မင်းဘုံ ...

ကျွန်တော်က မမယ်မင်းဘုံရဲ့ စာအုပ်တွေကို အမြဲတမ်း အားပေးနေတဲ့ ပရိသတ်ပါ။

"သက်ဆိုင်သူအတွက် ငါ့မျက်ရည်တွေ စပွန်ဆာပေးခဲ့သည်"

"အမုန်းကမ်းရိုးတန်းတစ်လျှောက်၌ ရင်ခုန်သံလှိုင်းကြီးနေသည်"

"ကျွန်မသာ စိတ်မကောက်ခဲ့ဘူးဆိုရင်" ဝတ္ထုတွေက တော်တော်ကောင်းပါတယ်။

အကြိုက်ဆုံးဝတ္ထုဆိုရင် "အချစ်ကိုဖြိုဖျက်ရမယ်ဆိုရင် မနက်ဖြန် ငါသေပါရစေ" စာအုပ်ကိုတော့ အကြိုက်ဆုံးပဲ။

အစ်မရဲ့ခေါင်းစဉ်ဆန်းဆန်းလေးတွေကြောင့် အရမ်းကြိုက်တာ။ အနမ်းမြို့ကသတို့သားကို ကျွန်တော် ဖတ်ချင်နေပြီ။ ကျွန်တော် အစ်မကိုအရမ်းလေးစားတယ်ဗျာ။ အစ်မကတစ်လနဲ့တစ်လ ဓာတ်ရည်ကိုမ တူအောင်ရေးတော့ ပိုကြိုက်တာပေါ့ဗျာ။ မမယ်မင်း စာပြန်ခဲ့မယ်ဆိုရင် မမယ်မင်းရဲ့ဓာတ်ပုံလေး ထည့်ပေးပါနော်။ မမယ်မင်းကို မြင်ဖူးချင်ပါတယ်။ ဒါ ပထမဦးဆုံးစာမို့ မှားတာပါရင် ခွင့်လွှတ်ပေးပါ။

မမယ်မင်းဘုံကို အစဉ်အမြဲအားပေးနေတဲ့ ပရိသတ် ...

**ဟိန်းတင့်ကျော်**

ကျောက်ဆည်မြို့နယ်၊ သင်တောင်ကြီးရွာ။

စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မမယ်မင်း ...

မင်္ဂလာပါနော် ... မမယ်မင်းဆီကို ဒုတိယအကြိမ် စာရေးလိုက်တာပါ။ မမယ်မင်းရဲ့ဝတ္ထုတွေက အရမ်းကောင်းတယ်။ မမယ်မင်းရဲ့ "အငြိုးကွန်ယက်နတ်သမီး" ဝတ္ထုဖတ်ပြီးပြီးချင်း စာရေးပို့တာပါ။ သိပ်ကြိုက်ပါတယ်လို့ ပြောပါရစေ။ မမယ်မင်းရဲ့ခေါင်းစဉ်လေးတွေ အရမ်းဆန်းပြီး မိုက်တယ်နော်။ ပျိုလေးရည်းစားမြို့ကြီးသားလည်း ဖတ်ချင်လှပါပြီ။

မမယ်မင်းရဲ့ ဝတ္ထုတွေက တစ်အုပ်ထက်တစ်အုပ် ပိုကောင်းလာတယ်နော်။ ဓာတ်ပုံ(၁)ပုံလောက် လက်ဆောင်အဖြစ် ထည့်ပေးစေချင်ပါတယ်။ မမယ်မင်း အားရင် စာပြန်ပါဦးနော်။

အမြဲအားပေးနေတဲ့ ပရိသတ်တစ်ယောက်အဖြစ် အသိအမှတ်ပြုပေးပါ။ စာရှည်သွားရင် ခွင့်လွှတ်ပါ။ မမယ်မင်း Best Seller တစ်ယောက် ဖြစ်ပါစေ။

မမယ်မင်းရဲ့ စာဖတ်ပရိသတ် ...

**ယမင်း**

အမှတ်(၄)ရပ်ကွက်

အမ်းမြို့သစ်။



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

ဆရာမမယ်ရေ ...

မင်္ဂလာပါနော် ... ဆရာမရဲ့ပရိသတ်တစ်ဦးပါ။

ဆရာမမယ်ရဲ့ ဝတ္ထုတွေကိုဖတ်ပြီး အားလုံးကို ကြိုက်နှစ်သက်ပါတယ်လို့ ပြောပါရစေ။

လေးစားပါတယ် မယ်ရေ။ တစ်အုပ်နဲ့တစ်အုပ် ဇာတ်လည်းမထပ်ဘူး၊ အနှစ်သာရရှိအောင်လည်း ရေးတတ်တဲ့ မယ့်ကို လေးစားဂုဏ်ယူမိပါတယ်။

ဗီဒီယိုအခွေတွေလည်း ကြည့်ပြီးပါပြီ။ အားလုံးကို ကြိုက်ပါတယ်။ မယ်ဟာလေ ငုဝါတို့နဲ့ ရွယ်တူပဲဆိုတော့ ချီးမကျူးဘဲ တကယ်မနေနိုင်တာပါ။

ငုဝါတို့ ကလောမြို့လေးမှာတော့ မယ်ဟာ Star ပါလို့ ပြောပါရစေ။

မယ် အောင်မြင်သထက် အောင်မြင်ပါစေ။ ငုဝါတို့ Ph:ဆက်တာ လက်ခံစကား အကြာကြီးပြောပေးတဲ့ မယ့်ကို ကျေးဇူးပါ။

**ငုဝါဒိုဒိုလေး**

ကလောမြို့

စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မမကို မမြင်ဘူးပေမယ့်လည်း ကိုယ့်အစ်မလို ခင်ချင်လွန်းလို့ မမဘုံလို့ ခေါ်ခွင့်ရမလားဟင်။

မမရေးတဲ့ ဝတ္ထုစာအုပ်တွေကို အရမ်းကြိုက်ပါတယ်။

မမရဲ့ငွေတောင်ပြည်ကမြို့သူကို အကြိုက်ဆုံးပါပဲ။

မမ ကျွန်တော့်ဆီကို စာပြန်ပေးပါနော်။ Please ...

မမရဲ့ဖုန်းနံပါတ်လေးကို ကျွန်တော့်ကို စာပြန်ရင် ထည့်ပေးလိုက်ပါနော်။

မမရဲ့အသက်က ဘယ်လောက်လဲဟင် ? ။

ကျွန်တော် ကလေးပဲ ရှိသေးတယ်။

ခုမှ (၉)တန်းတက်မှာဆိုတော့ (၁၄)နှစ်ပဲ ရှိသေးတယ်။

ကျွန်တော် အသက်ငယ်ပေမယ့် မမရဲ့စာအုပ်တွေကို ဖတ်ရတော့ အဲဒီဝတ္ထုထဲက ဇာတ်ကောင်ဖြစ်ချင်တယ်လေ။

ကျွန်တော့်မှာ ကိုယ်ပိုင် Phone မရှိပေမယ့် အိမ်က အဒေါ့်ဖုန်း ရှိပါတယ်။

မမ စာပြန်ပါနော်။

**ရဲရင့်မာန်**
၂၀/၂၁ ၈၇ လမ်း(မန္တလေးမြို့)
အောင်မြေသာဇံမြို့နယ်

မမ ဒီထက်အောင်မြင်ပါစေ။



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

Hello ! ဘုံလေးရေ ...

မင်္ဂလာ နံနက်ခင်းလေးပါ။

ဘုံလေးရဲ့ဝတ္ထုတိုလေးတွေ သိပ်ကောင်းတာပဲ။ မြင်ကွင်းမဂ္ဂဇင်း၊ People မဂ္ဂဇင်းတွေထဲမှာ ဖတ်လိုက်ရပါတယ်။

လှုင်ယ်လူကြီး အားလုံးကြိုက်တဲ့ ဘုံလေးကို ချီးကျူးပါတယ်။ အမုန်းပြယ်ဝိုင်လည်း သိပ်ကောင်းပါတယ်။

ဘုံလေး ဓာတ်ပုံနဲ့ ပြန်စာလေးကိုရလို့ အရမ်းလည်း ဝမ်းသာစွာနဲ့ ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။

ဘုံလေးက အရမ်းငယ်ပြီး ချောလည်းချောတယ်၊ သိပ်မိုက်တာပဲ။

ဘုံလေးကို အားကျလိုက်တာ။

ချစ်တဲ့ဘုံလေး အရမ်းကို အောင်မြင်ပါစေ။

ဘုံရဲ့ထာဝရ ...

AAM
တမ္ဗဝတီ၊ ခတ္တန်းရပ်
မန္တလေးမြို့။

စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မမဘုံ ...

ပထမဆုံးမိတ်ဆက်စာ ရေးတာမို့ အမှားပါရင် ခွင့်လွှတ်ပါ။ "အချစ်အတွက်မနက်ဖြန်မရှိတာ သင့်အတွက်မှတ်ရန်သိပါ" စာအုပ်လေးကို ပထမဆုံး စဖတ်ဖူးတာပါ။

အဲဒီနောက်ထွက်တဲ့ မမဘုံ စာအုပ်တွေ ဖတ်ပြီးပါပြီ။

ညနေခင်းမှာ နတ်သားဘယ်လိုအိပ်ဆုံးခတ်သလဲ ဆိုတာ ခုထိမသိရသေးပါဘူး။ မမဘုံ အရင်စာအုပ်တွေရှာပြီး ပြန်ဖတ်နေပါတယ်။ မမဘုံ အရေးအသားတွေထဲမှာ မောင်လေးတို့လူငယ်တွေအတွက် *အတုယူစရာတွေ အများကြီးပါ,ပါတယ်။*

မမဘုံအသက်ငယ်ပြီး အရမ်းတော်လို့ မောင်လေးက ချီးကျူးပါတယ်။ မမဘုံ မောင်လေးစိတ်က အေးအေးဆေးဆေးနဲ့ တည့်တည့်ငြိမ်ငြိမ်နေချင်တယ်။ ဘယ်လိုနေထိုင်ရမယ်ဆိုတာ မမဘုံ ပြောပြပါလား။

မမဘုံ ပြန်စာကို မောင်လေး စောင့်မျှော်နေမယ်။

မမဘုံရဲ့ထာဝရပရိသတ်တစ်ဦးပါ ။

**မင်းမြတ်ခြိမ့်**
First year, (Math)
မန္တလေးတိုင်း၊ မိတ္ထီလာမြို့
ညောင်ပင်သာ၊ အိမ်အမှတ်(၅၈)



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မမယ်မင်းဘုံ ...

ကျွန်တော် မိတ်ဆက်စာမရေးဘူးတဲ့အတွက် အမှားပါရင် ခွင့်လွှတ်ပါ။ အနမ်းမြို့ကသတို့သားကနေ အခုလထွက်တဲ့ နှလုံးသား Hacker အထိ အားလုံးကို ဖတ်ပြီးပါပြီ။

ကျွန်တော်တို့ လူငယ်တွေရဲ့စိတ်ကို ပျော်ရွှင်စေပါတယ်။

စာဖတ်သူတိုင်းရဲ့ရင်ကို စွဲငြိစေနိုင်တဲ့ စာတွေကို များများရေးပေးနိုင်ပါစေ။

မိုက်တယ်ဗျာ အချစ်ကို Hacker နဲ့ *တင်စားသွားပုံလေး*ကို သိပ်ကြိုက်ပါတယ်လို့ ပြောပါရစေ။

**ရေဝတီ**(ဒုနှစ်-စီးပွားရေး)
ရွှေနံ့သာရပ်ကွက်
အုတ်လမ်း
ဗဟန်းမြို့နယ်
ရန်ကုန်မြို့

စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

ဘုံလေးရေ ...

နှလုံးသား Hacker အရမ်းမိုက်တယ်။
နှလုံးသားကို တင်စားမှုလေးကို ကြိုက်တယ်။
ဘုံလေးကို အရမ်းအားပေးနေတယ်နော်။
အောင်မြင်မှုများစွာ ပိုင်ဆိုင်နိုင်ပါစေ။

**ရွှေလှာဦးမော်**
ဖ/ ရွှေလှာဦးရပ်ကွက်
သိမ်ဇရပ်



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

အစ်မမယ်မင်းဘုံ ...

အမြဲစာအုပ်တိုင်းဖတ်တာနော်။
အစ်မဆီ စာမရေးဖြစ်တာတောင် ကြာခဲ့ပြီနော်။
ပျိုလေးရည်းစားမြို့ကြီးသားကို အကြိုက်ဆုံးပဲ သိလား။
အစ်မရဲ့ခေါင်းစဉ်လေးတွေကြည့်ပြီး အားကျလိုက်တာ။
အစ်မက ချောပါတယ်။
အမြဲပဲ အားပေးနေမယ်နော်။

**ညီမ ဆုမွန်ကြည်**
ဒဂုံမြောက်
နည်းပညာတက္ကသိုလ်(သန်လျင်)

## စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

ချစ်ခင်ရပါသော မမဘုံရေ ...

မင်္ဂလာအပေါင်းနှင့် ပြည့်စုံပိုင်ဆိုင်နိုင်ပါစေ။

နှလုံးသား Hacker ဝတ္ထုလေးက သိပ်မိုက်တယ်။

အရမ်းကြိုက်ပါတယ်။

ဇာတ်လမ်းလေးက ပရိသတ်ကို အရမ်းဖမ်းစားနိုင်တာပဲ။ နောက်လထွက်မယ့် ကွန်းခိုဖြစ်သော မျက်ဝန်းလေးဆီဆိုတဲ့ အမည်လေးကို ကြားရတာနဲ့တင် ဖတ်ချင်လှပါပြီ။ မမဘုံ စာပြန်ပေးပြီး ဓာတ်ပုံလေးပို့ပေးလို့ ကျေးဇူး။

မမဘုံ အောင်မြင်မှုတွေကို ဆက်လက်ထိန်းသိမ်းထားနော်။

**မိုးမမ**
ကန်သာယာလမ်း
၂၄–ရပ်ကွက်
ဒဂုံမြို့သစ်(တောင်ပိုင်း)



## စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မမယ်မင်း ...

မမယ်မင်းရဲ့ဝတ္ထုတွေက အားလုံးကောင်းပါတယ်။

အခု ညီမတို့ဖတ်နေတဲ့ နှလုံးသား Hacker စာအုပ်ကတော့ အရမ်းမိုက်ပါတယ်။

ဇာတ်လမ်းအရေးအသားလည်း အရမ်းမိုက်တယ်။

အမုန်းပြယ်ဝိုင်ကို နှစ်သက်မိပြန်ရော။

အခွေတွေကိုလည်း ညီမတို့ ကြည့်ရပါတယ်။

မမယ်မင်း အောင်မြင်ပါစေ။

**ဗိုးဗိုး**
မိတ္ထီလာရပ်
သိမ်ကုန်း
ရမည်းသင်းမြို့နယ်
မန္တလေးတိုင်း

## အမှတ်တရအစီအစဉ်

ဆရာမမယ်မင်းဘုံ ...

မင်္ဂလာပါ ...

အမုန်းပြယ်ဝိုင်ကို ဖတ်ပြီးပါပြီ။ အရမ်းကျေနပ်တယ်။ နှလုံးသား Hacker ကိုလည်း ကျေနပ်အားရစွာဖြင့် ဖတ်လို့ပြီးပါပြီ။

"မာန်"ကိုတော့ သိပ်ကြွေမိတယ်။ Hacker ကြီးမို့ပေါ့။

ဆရာမ ဒီတစ်ခေါက် စာအုပ်ထွက်တာ အရမ်းနောက်ကျသလိုပဲ။ ဒါပေမဲ့လည်း စောင့်မျှော်ရကျိုးနပ်တဲ့ စာအုပ်လေးပါလို့ ပြောပါရစေ။

ဆရာမ လမင်းကြီးလို အေးမြပါစေ။

မင်းမင်း(M.I.C.T PARK)

တက္ကသိုလ်များနယ်မြေ။





## အမှတ်တရအစီအစဉ်

သို့

မမယ်မင်းဘုံ ...

မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ။

ကျွန်တော်က အစ်မမယ်မင်းဘုံရဲ့ပရိသတ်ပါ။

အမုန်းပြယ်ဝိုင်ကိုလည်း ကြိုက်ပါတယ်။

ဇာတ်လမ်းလေး အစ်မတစ်ခါမှ မရေးဘူးတဲ့ ဇာတ်ဆန်းလေးနော်။ အစ်မ အောင်မြင်မှုသရဖူ ဆောင်းနိုင်ပါစေ။

ထာဝရပရိသတ် ...

**မောင်အောင်အောင်**
အမှတ်(၈၁) ဒဂုံမြို့သစ်တောင်ပိုင်း
လေးဒေါင့်ကန်(စံပြ)ရပ်
ရန်ကုန်တိုင်းဒေသကြီး။

## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

သို့

မယ်ရေ ...

မယ်လို့ပဲ ခေါ်ပါရစေနော်။

မယ့်ရဲ့စာအုပ်တိုင်းကို တော်တော်များများ ဖတ်ပြီးပါပြီ။

အားလုံးကြိုက်ပါတယ်။ မယ်က သိပ်တော်တာပဲနော်။

ကျွန်တော်တို့ကို ဖုန်းလည်း လက်ခံစကားပြောတယ်။ *သဘောလည်းကောင်းတယ်နော်။*

မယ်က ကျွန်တော်တို့ ပခုက္ကူမြို့မှာတော့ နာမည်ရ ဆရာမပါပဲ။

မယ် ထာဝရအောင်မြင်ပါစေ ...

**နိုင်ပွင့်** (ပနှစ်/စာရင်းအင်းပညာ)
ပခုက္ကူ



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

သို့

မမယ်မင်းဘုံ ...

မင်္ဂလာပါနော်။ ညီမလေး တတိယအကြိမ် မိတ်ဆက်စာရေးလိုက်ပါတယ်။ မမယ်မင်းဘုံ "စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း"များစွာဖြင့် စာတွေအများကြီး ရေးနိုင်ပါစေလို့ ညီမလေး ထာဝရ ဆုတောင်းပေးနေပါတယ်။ မမရဲ့ ဒီလထွက်တဲ့ "နှလုံးသား Hacker"ဆိုတဲ့ စာအုပ်လေးက အရမ်းကောင်းတယ်နော်။ မမက တစ်လထက်တစ်လ စာရေးတာ ပိုပြီးကောင်းလာတယ်လို့ ညီမလေး ထင်ပါတယ်။ တကယ်လည်း တော်တယ်။ ညီမလေးက မမကိုမြှောက်ပြောတာ မဟုတ်ဘူးနော်။ မမက အရမ်းတော်နေလို့ ညီမလေးက မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်နေရတာပါ။ မမ နောင်ကိုလည်း ဒီ့ထက်ပိုပြီး စိတ်ဝင်စားဖို့ကောင်းတဲ့စာတွေ အများကြီးရေးပါလို့ ညီမလေး တောင်းဆိုပါရစေ။

ဒါပဲနော် မမ။

မမရဲ့နောက်လထွက်မဲ့စာအုပ်ကို မျှော်နေမယ်နော်။ မမ ညီမလေးကို ဓာတ်ပုံ(၁)ပုံလောက် ပေးဦးနော်။

**ပေရယ်ဖူး (ခ) ဖူးဖူး**
ရှမ်းတဲကြီး အထက်ကျေးရွာ
လှည်းကူးမြို့နယ်"

## စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မယ်မင်းရေ ...

ကျန်းခမ်းသာလို့ မာရဲ့လားခင်ဗျ။ မယ်မင်းရဲ့ဝတ္ထုတွေထဲမှာ မယ်မင်း ထည့်ပေးလိုက်တဲ့ စေတနာတွေကိုပါ မြင်နေရပါတယ်။ မယ်မင်းရဲ့စာအုပ်တွေကို ခုမှ စဖတ်ဖူးတယ် ဆိုပေမယ့် အရမ်းကို သဘောတွေ့ နှစ်ခြိုက်မိပါတယ်။ ဘာညာသာ့ရကာ၊ အမုန်းပြယ်ဝိုင်၊ အချစ်ကိုသာဖြိုဖျက်ရမယ်ဆိုရင် မနက်ဖြန်ငါသေပါရစေ စတဲ့ ဝတ္ထုတွေကတော့ ကျွန်တော့်အကြိုက်ဆုံး ဝတ္ထုတွေပါ။ တခြားဝတ္ထုတွေကိုလည်း အရမ်းကြိုက်ပါတယ်။ မယ်မင်း ဒီ့ထက်မက အောင်မြင်ကျော်ကြားမှာပါ။

အခုလို မြန်မာပြည်ရဲ့ Best Seller စာရေးဆရာမတစ်ယောက်ဖြစ်တဲ့ မယ်မင်းဘုံဆီက ပြန်စာလေးတစ်စောင်လောက်များ ရခဲ့မယ်ဆိုရင် ကျွန်တော် အရမ်းဝမ်းသာမိမှာပါ။

မယ်မင်း ထာဝရ အောင်မြင်ပါစေ။

လေးစားခင်မင်သော ...

**သုခ**
(၃) ရှုပတောင်၊ စစ်တွေ။



## စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

ညီမလေး မယ်မင်းဘုံ ...

ပဥ္စမအကြိမ် ထပ်မံစာရေးလိုက်ပါတယ်။ ညီမလေးရဲ့ "နှလုံးသား Hacker" စာအုပ်လေးကို ဖတ်ပြီးသွားပါပြီ။ အရမ်းကောင်းပါတယ်။ စိတ်ကူးလေးတွေက တစ်မျိုးပြီးတစ်မျိုး ဆန်းတယ်နော်။ ညီမလေးက အရမ်းတော်တယ်နော်။ အစ်မ "ညီမလေး" ကို အားကျတယ်။ လေးစားတယ် ဆိုတာ ညီမလေး ယုံနော်။ ညီမလေး ဒီ့ထက်မက အောင်မြင်ပါစေလို့ အမြဲထာဝရ ဆုတောင်းနေပါတယ်။ ဇာတ်ကောင်တွေရဲ့နာမည်လေးတွေကလည်း အရမ်းလှတယ်နော်။ အမြဲအားပေးနေတယ်နော်။

**ယွန်းနန္ဒီသူရိန်**
ရွာသစ်ရပ်ကွက်၊ ရေနံချောင်းမြို့
မကွေးတိုင်း

## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

သို့

မမမယ်မင်းဘုံ ...

မင်္ဂလာပါ ...

ညီမလေးက မမရဲ့ထာဝရပရိသတ် လုပ်မယ့်သူပါ။ ပထမဆုံး ညီမလေး ကိုယ့်ဘာသာ မိတ်ဆက်ပါရစေ။ ညီမလေး နာမည်က အေးမြကျော်ပါ။ ဒုတိယနှစ် သမဝါယမတက္ကသိုလ်တက်နေတာပါ။ မမရဲ့စာအုပ်တွေကို အစကတော့ မဖတ်မိဘူး။ နောက်ပိုင်းတော့ သူငယ်ချင်းတွေက မမစာအုပ် ဘယ်လိုကောင်းကြောင်း ပြောနေတာ ကြားမိရာက ခေါင်းစဉ်လေးတွေကို စိတ်ဝင်စားမိပြီး ဖတ်ကြည့်မိသွားတယ်။ အဲဒီမှာတင် ညီမလေး အဖတ်နောက်ကျမိလေခြင်းဆိုပြီး ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မဆုံးဘူး။ မမက အရမ်းချစ်စရာကောင်းတယ်။ အပြစ်ကင်းစင်တဲ့ innocent မျက်နှာလေးနဲ့ လိုက်ဖက်အောင် ဝတ္ထုရေးတဲ့နေရာမှာလည်း အင်မတန် တော်ပါတယ်။ မမရဲ့ဆယ်ကျော်သက်ဂိမ်းတို့၊ တစ်ဆိတ်လောက်ခင်ဗျာ ... တို့၊ ဘာညာသာရကာတို့ကို အရမ်းကို အထာကျတယ်။ ဒီဘက်ခေတ်မှာညီမလေးတို့ရဲ့ စိတ်ခံစားချက်တွေကို ထပ်တူဖော်ပြပေးနိုင်တဲ့ စာရေးဆရာမမျိုးကို စင်တင်ပေးတဲ့ စေတနာစာပေကိုလည်း ကျေးဇူးတင်တယ်။ မမက ဘာကျောင်းတက်နေတာလဲဟင်။ မမရဲ့ဖုန်းနံပါတ်လေးလည်း လိုချင်တယ်။



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

ဖြစ်နိုင်ရင် မမကို စာတွေ ဒီ့ထက်အရှည်ကြီးရေးပြီး ပြောချင်တာတွေက အများကြီးကိုရှိတာ။ ဒါပေမဲ့ ကိုယ့်မမ ခေါင်းမူးမှာစိုးလို့ ဒီမှာပဲ စာရပ်လိုက်တော့မယ်နော်။ ချစ်သော မမမယ်မင်းဘုံ ဒီ့ထက်မကသော အလန်းစားဝတ္ထုများစွာကို ဖန်တီးရေးသားနိုင်ပါစေ။

**ညီမလေး – အေးမြကျော်**
အိုးဘိုရပ်ကွက်၊ ပွဲစားလမ်း
ကြည့်မြင်တိုင်၊ ရန်ကုန်။

သို့

တစ်သက်တာ ထာဝရ လေးစားမြတ်နိုးချစ်ခင်ရပါသော ဘုံ ...

မခိုင်ကို မေ့နေပြီလားဟင် ? ။ ဘုံ့ဆီကို စာမရေးဖြစ်တာ တော်တော်ကြာသွားပြီနော်။ ဒါပေမဲ့ ဘုံ့ရဲ့ထွက်သမျှစာအုပ်တွေကိုတော့ လစဉ် မခိုင် ငှားဖတ်ဖြစ်ပါတယ်။ မခိုင် မအားလို့ စာမပြန်ဖြစ်တာပါနော်။ စိတ်မဆိုးပါနဲ့။ လူကသာ မအားတာပါ။ စာကိုတော့ အရမ်း ရေးချင်ခဲ့တာပါ။ ဘုံ့ရဲ့စာအုပ်တွေကို ဗီဒီယိုရိုက်နေပြီနော်။ အခု မခိုင် (၃)ကားကြည့်ပြီးပြီ။ ရှင်ဘုရင်လေးရယ်၊ ချစ်ရင် ... နှစ်မိနစ်စောင့်၊ ကျွန်မသာစိတ်မကောက်ခဲ့ဘူးဆိုရင်ရယ်၊ ဒါပေမဲ့ စာအုပ်ဖတ်ရတာလောက် အရသာမရှိဘူးဖြစ်နေတယ်။ စာအုပ်တွေက အရမ်းဆွဲဆောင်မှုရှိတယ်။

ဖတ်နေရရင် လက်ကမချချင်ဘူး သိလား။ အခုထွက်တဲ့စာအုပ်တိုင်းလိုလိုမှာ ဘုံ့ရဲ့ဓာတ်ပုံလေးတွေ အမြဲတမ်းပါတယ်နော်။ ပုံလေးတွေ အရမ်းလှတယ်။

ဘုံ့ကို အရမ်းချစ်တယ်။ လေးစားတယ်။ မခိုင်လေ ဘုံ့ဆီကို သူများတွေလို စကားလုံးလှလှလေးတွေ အရမ်းပြောချင်တာပဲ။ ရေးလည်း ရေးချင်ပါတယ်။ မခိုင် အမှားပါရင် ခွင့်လွှတ်ပါနော်။ ဘုံ့ရဲ့ ထွက်သမျှစာအုပ်တွေကို မလွှတ်တမ်း ငှားဖတ်ရမယ် ဘုံ့ရဲ့။ မခိုင်ဆီကို စာပြန်ဦးနော်။ ဘုံ့ရဲ့ ဒီဇိုင်းဆန်းလေးတွေနဲ့ ရှယ်ရိုက်ထားတဲ့ ဓာတ်ပုံတစ်ပုံလောက် ထည့်ပေးပါဦးနော်။ အရင်ပုံတွေထက် အခု



ပုံက အရမ်းလန်းနေတယ်။ ဘုံ ပိုပြီးတော့လည်း လှလာတယ်။ မြှောက်ပြောတာ မဟုတ်ပါ။ ရင်ထဲက ရှိတဲ့အတိုင်းပါနော်။

စာရေးတာ ရှည်သွားပြီဆိုတော့ ဘုံ့ကို အားနာပါတယ်။ အလုပ်မအားတဲ့ကြားက မခိုင်စာကို အချိန်ပေးဖတ်တဲ့အတွက် ကျေးဇူးပါနော်။ ဘုံ ထာဝရအောင်မြင်ကျော်ကြားသော စာရေးဆရာမဖြစ်ပါစေလို့။ ဒီ့ထက် အမြဲတမ်း ပိုပိုပြီး အောင်မြင်နိုင်ပါစေလို့ ဆုတောင်းလျက် ...

**မခိုင်**
အမှတ်(၃)ရပ်ကွက်၊ မင်္ဂလာကွက်သစ်
ဦးသြဘာသလမ်း၊ မင်းဘူးမြို့။

## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

သို့

မမယ်မင်းဘုံ ...

မမရေးသမျှ ဝတ္ထုတွေတိုင်းကို တအားနှစ်သက် သဘောကျမိတာပါ။ မှုတို့ရဲ့မြို့ကို အလည်လာဖို့ ဖိတ်ခေါ်တယ်ရှင့်။ မမ ဝတ္ထုတွေဖတ်ပြီး မှု မရောက်ဖူးသေးတဲ့ နေရာတွေကို ရောက်ဖူးတယ်။ ဇာတ်လမ်းထဲမှာ မှုက မင်းသမီးပေါ့။ ဟဲ ... ဟဲ ... မှုက စိတ်ကူးယဉ်တာလေ။ မမကို တအားသဘောကျတာ။ မမက မင်းသမီးပါ လုပ်သင့်တယ်။ ချောလို့လေ မမရဲ့ စာအုပ်တွေထဲမှာပါတဲ့ ဓာတ်ပုံလေးကို ဓာတ်ပုံပြန်ရိုက်ပြီး သိမ်းထားတယ်။ အရမ်းအားပေးတယ်နော်။

မမရေ ... မမကို တအားချစ်တယ်။ မှုရဲ့ crazy အဖြစ်ဆုံး ဆရာမပါ။ မမ မှု့ဆီ စာပြန်ပါနော်။ မမ ထာဝရအောင်မြင်ပါစေ။

**နေးဂျာမှု**
လုံးခင်းမြို့၊ ဖားကန့်
ကချင်ပြည်နယ်။



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

သို့

မမမယ်မင်း ...

မင်္ဂလာပါ ...

ညီမက ဒုတိယအကြိမ် မိတ်ဆက်စာရေးလိုက်တယ်နော်။ မမရဲ့စာအုပ်တွေကို အရမ်းကြိုက်တယ်။ ကြိုက်လို့လည်း အမြဲဖတ်မိတယ်။ ယခုထွက်တဲ့ "နှလုံးသား Hacker"ကို အရမ်းကြိုက်တယ်။ နာမည်လေးတွေကလည်း မထပ်ဘူးနော်။ မမရဲ့ idea အရမ်းကောင်းတယ်။ နောက်လစာအုပ်ကလည်း ဘယ်လိုမျိုးလေးဖြစ်မလဲ မသိဘူး။ တွေးပြီး ပျော်ရွှင်မိတယ်။ မမတစ်ယောက် အောင်မြင်မှုတွေနဲ့အတူ ဒီ့ထက်မက စာတွေကို ရေးသားနိုင်ပါစေ။ အမြဲထာဝစဉ် စောင့်မျှော်အားပေးလျက်ပါ။

မမမယ်မင်းရဲ့ဓာတ်ပုံလေး(၁)ပုံလောက် တောင်းပါရစေ။

**မအိအိမွန်**
မကွေးတိုင်း၊ ရေနံချောင်းမြို့
ရေခဲစက်ရက်ကွက်။

စေတနာ့စာပေ၏

## အမှတ်တရအစီအစဉ်

သို့

"မမမယ်"ဆီကို စာရေးလိုက်ပါတယ်။ ညီမက မမမယ်ရဲ့ပရိသတ်ပါ။ မမမယ် ဝတ္ထုတွေကို အရမ်းကြိုက်တယ်။ မမရေးတဲ့ "ပျိုလေးရည်းစား မြို့ကြီးသား"ကို တအားကြိုက်တာပဲ။ မမရေ ... ကောင်မလေးက ဇွတ်တရွတ်လိုက်ကြိုက်တဲ့ တစ်ဖက်သတ် အချစ်ဇာတ်လမ်းပုံစံမျိုးလေး ရေးပေးပါဦးနော်။ မမရဲ့ထွက်သမျှ စာအုပ်တိုင်းကို အမြဲအားပေးနေပါတယ်။ မမရေ ကဗျာလေးတွေပါ ထည့်ပေးဦးနော်။

မမ စာပေခရီးမှာ အမြင့်မားဆုံး ပန်းတိုင်၌ ထာဝရ ထင်ရှားစွာ ရပ်တည်နိုင်ပါစေ။

မမမယ်ရဲ့ထာဝရပရိသတ် ...

ကြည်ဖြူကို
၄၇(ဇရစ်)၊ရတနာလမ်း
ထားဝယ်မြို့

# မယ်မင်းဘုံ



ကွန်းခိုဖြစ်သော
မျက်ဝန်းလေးဆီ



စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

## မယ်မင်းဘုံ၏ ထွက်ပြီးစာအုပ်များ


၁။ အချစ်ဧရိယာပြင်ပသို့ရောက်ရှိနေပါသဖြင့်
(အောင်သီရိဗီဒီယိုမှဝယ်ယူပြီး)
၂။ ချစ်ရင် . . . နှစ်မိနစ်စောင့် (ရွှေစင်ဦးဗီဒီယိုမှ ဝယ်ယူပြီး)
၃။ ငွေတောင်ပြည်ကမြို့သူ (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၄။ ချစ်သူလိမ်းဖို့ ဒေးကရင်မ် (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၅။ အမုန်းကမ်းရိုးတန်းတစ်လျှောက်၌ ရင်ခုန်သံလှိုင်းကြီးနေသည်
(ရွှေစင်ဦးဗီဒီယိုမှ ဝယ်ယူပြီး)
၆။ အချစ်ကိုဖြိုဖျက်ရမယ်ဆိုရင် မနက်ဖြန် ငါသေပါရစေ
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၇။ ဆယ်ကျော်သက်ဂိမ်း
၈။ သက်ဆိုင်သူအတွက် ငါ့မျက်ရည်တွေ စပွန်ဆာပေးခဲ့သည်။
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၉။ ကျွန်မသာ စိတ်မကောက်ခဲ့ဘူးဆိုရင်
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၁၀။ နဖူးမှာရေးဖို့မေ့တဲ့စာ (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၁၁။ အနန်းမြို့ကသတို့သား
(မြင့်မာလာရုပ်ရှင်ထုတ်လုပ်ရေးမှ ဝယ်ယူပြီး)
၁၂။ အလွမ်းမြစ်ပင်လယ်ထဲမှာ လက်ပစ်ကူးရင်း ငါ့အချစ်တွေ
မိုးလင်းခဲ့တယ် (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၁၃။ အချစ်အတွက် မနက်ဖြန်မရှိတာ သင့်အတွက်မှတ်ရန် အသိပါ
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၁၄။ နတ်သားအိပ်ဆေးခတ်ထားတဲ့ ညနေခင်း
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၁၅။ ပင်လယ်အအေးပတ်အောင် ချစ်သူက လေစိမ်းတိုက်လေသည်
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၁၆။ ဘာညာသာရကာ
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၁၇။ ပျားရည်ဆမ်းဒွိဟ (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၁၈။ အနမ်း Equation (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၁၉။ တံဆိတ်လောက်ခင်ဗျာ-ချစ်သူကို . . ရင်ခွင်၌ နေထိုင်ခွင့်ပြုပါ
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၂၀။ အငြိုးကွန်ယက်နတ်သမီး (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၂၁။ ပျိုလေးရည်းစား မြို့ကြီးသား (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၂၂။ အမုန်းပြယ်ဝိုင် (အောင်သီရိဗီဒီယိုမှဝယ်ယူပြီး)
၂၃။ နှလုံးသား Hacker (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)

**ယခုလ**

၂၄။ ကွန်ခိုဖြစ်သော မျက်ဝန်းလေးဆီ

**ဆက်လက်၍**

၂၅။ သူစိတ်နာတဲ့ ကြားဖြတ်အစီအစဉ်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။







*အပြင်မှာရှိတဲ့ မိန်းကလေးတွေလှတာ*
*ဘဝင်မှာသိလည်း*
*ရင်မှာငြိဖို့တော့*
*အစဉ်အလာ မရှိခဲ့ပါဘူး ...*

*ပထမဆုံး*
*ရင်မှာထိတာ*
*နင် လာကြည့်တဲ့*
*အကြင်နာ အကြည့်ပါ ... မျက်ဝန်းလေးရယ်*

*ပဲပိလှတဲ့ မိန်းမတွေကို စိတ်ဝင်စားဘူး*
*အဲဒီ ငါ့ရဲ့ တစ်ယူသန်အစွဲကို ချွတ်ခဲ့လို့*
*အမြဲသတိရဆဲပါ*
*စွဲငြိရတဲ့ မျက်ဝန်းလေးရယ် ...*

*အသက်တစ်ဆုံး တစ်စက်ကလေးမကျန်အောင်*

*ပြာကျမယ့် နဂါးမျက်စောင်းဆိုရင်တောင်*

*တစ်သက်လုံး ထွက်မပြေးပါဘူး*

*မျက်နက်ဝန်းလေးရယ် ...။*

* ✿ *









## ၁

“ဟဲ့ ... ဟိုတစ်ယောက်ပေါ့၊ တွေ့တယ်မှုလား”

မိုးစု ပြောသော စကားကြောင့် လွန်းသည် ဟိုတစ်ယောက်ဆိုသော ပုဂ္ဂိုလ်လေးကို တစ်ချက်လှမ်းရှိုးလိုက်သည်။ စတစ်ကော်လာနို့စိမ်းရုပ်လက်တိုကို ကွက်စိပ်ပုဆိုးဖြင့် ရီးသားသော ဖိုးသခွားလေးစတိုင်လ်ဖမ်းကာ ဝတ်ဆင်ထားသော အနှီယောက်ျားကို လွန်းတို့အုပ်စု သတိထားမိတာ ကြာပြီဖြစ်သည်။

ပုဂ္ဂိုလ်သည် တစ်ကိုယ်တည်း သီးသန့်နေတတ်သည့် အပြင် အဝတ်အစားဒီဇိုင်းများမှာလည်း တွေ့နေမြင်နေကြဖြစ်သည့် ခေတ်ရဲ့သားပျိုလေးများ ပုံစံဖြင့် ဆန့်ကျင်စွာ အေးအေးချမ်းချမ်းလေး ဖြစ်နေသည်။

"မိုက်တယ်ဟာ ... ဘယ်အချိန်ကြည့်ကြည့် အိုအေစစ်လေးကို တွေ့လိုက်ရသလိုပဲ"

အင်း ... မိုးစု ပြောမယ်ဆိုလည်း ပြောချင်စရာပေါ့။ လွန်းတောင်မှ သူ့ရဲ့ရိုးသားသောပုံလေးကို သတိထားမိရင်းက စိတ်ဝင်စားနေမိပြီဖြစ်၏။

"ဟဲ့ ... သူက ဘယ်မေဂျာကလဲ"

"စုံစမ်းရသလောက်ကတော့ Physics မေဂျာကပဲဟ၊ နာမည်လေးက မိုးပြေရှိန်းတဲ့ Physics ရဲ့ prince ပေါ့ကွယ်"

"မိုးပြေရှိန်း"

လွန်းသည် မိုးစုရဲ့စကားအတိုင်း သံယောင်လိုက်ကာ သူ့နာမည်လေးကို ခပ်တိုးတိုးလေး ရေရွတ်လိုက်သည်။ အဲသည့် လှတပတ ကောင်ချောချောလေးရဲ့ နာမည်လေးကလည်း ကြားလိုက်တာနှင့်ကို ရင်ထဲ အေးခနဲ ဖြစ်သွားရသည်။

"ကဲ ... ဘယ့်နှယ်လဲ ဒေါ်ရွှေလွန်း၊ ရှင် ခိုက်သွားပလား"

"ဒီလိုပါပဲ"





ဒီလိုပါပဲ ... ဆိုသော စကားသည် လွန်းတို့လို ခေတ်မီသော လူငယ်လေးတွေအတွက် အပြောများသော တော်လ်ကီတစ်ခုပင်။ ဒီလိုပါပဲဆိုတာ ဘာသဘောပါလိမ့်လို့ မေးလာရင်တော့ Yes ဆိုသည့် အဖြေက(၇၀)ရာခိုင်းနှုန်းနီးနီးလောက်ရှိသည်ဆိုပါစို့။

"ဟဲ့ ... သူ့ဆီမှာ ဆော်လုံးဝမရှိဘူးနော်၊ အဖြူထည်သန့်သန့်လေး"

အင်း ... သည်အဖြူရောင်ကာလာ ကောင်ကလေးတစ်ယောက်ကို မြင်ရင်တော့ဖြင့် လွန်း တစ်ယောက် ဘယ်လိုဖြစ်သွားတာပါလိမ့်။ ကချင်လွယ်အိတ်အနက်လေးကို ထူးထူးဆန်းဆန်း စတိုင်လ်တစ်ခုဖမ်းကာ လွယ်ထားပုံလေးကိုက ရှားပါးအသွင်လေး ပေါက်နေ၏။

မိုးပြေရှိန်း ... မိုးပြေရှိန်း ဘာလို့ ဒီလောက်တောင် ရိုးသားတဲ့ ဖိုးသခွားလေးပုံ ပေါက်နေရတာပါလိမ့်။

လွန်းကတော့ သူ့ကို ခင်ချင်နေပြီဖြစ်သည်။ တိုက်ဆိုင်မှုတွေများ ရှိလာခဲ့ရင်တော့ ခင်ကြတာပေါ့ ကောင်ကလေးရယ်။

✻ ✿ ✻

"မောနင်း မေမေ"

လွန်းသည် မေမေ့ကို နှုတ်ဆက်ကာ ထမင်းစားပွဲဝိုင်းတွင် breakfast စားရန်အတွက် ဝင်ထိုင်လိုက်သည်။ လွန်းတို့က လတ်တလောတွင်တော့ သားအမိနှစ်ယောက်တည်း ကွန်ဒိုမီယံတိုက်ခန်းတစ်ခုတွင် နေတာဖြစ်သည်။ လွန်းတို့မှာ မောင်နှမနှစ်ယောက်တည်းရှိကာ လွန်းရဲ့အစ်ကိုကြီးကတော့ နိုင်ငံခြားသင်္ဘောလိုက်နေသဖြင့် လောလောဆယ်တွင်တော့ အိမ်မှာ လွန်းနှင့် မေမေ နှစ်ယောက်ပဲရှိသည်။

"သမီးဖို့ ပေါင်မုန့်ကြက်ဥကြော်နှင့် မိုင်လို အဆင်သင့်ပဲ"

"ဟုတ် ... မေမေ"

မေမေ ပြင်ဆင်ပေးထားသောမုန့်ကို စားနေရင်းကမှ လွန်းသည် City FM မှ လွှင့်နေသော သီချင်းများကို နား





ထောင်နေလိုက်သည်။ အဲဒါဟာ မနက်တိုင်း လွန်း လုပ်နေကျ အပြုအမူဖြစ်သည်။

"ဪ ... သမီးရေ၊ မနက်က ငွေမှုန်းဆီက ဖုန်းလာတယ်၊ သမီး အိပ်နေတော့ မေမေက နှိုးပေးမယ်ပြောတာကို ငွေမှုန်းက ရပါတယ်၊ နောက်မှပြန်ဆက်ပါမယ်တဲ့ အဲဒါ သမီး ပြန်ဆက်လိုက်ဦးနော်"

"ဟုတ် ... မေ၊ သမီး ဆက်လိုက်ပါမယ်"

လွန်းသည် ဟန်းဖုန်းလေးကို ကောက်ယူလိုက်ပြီး မိုင်လိုခွက်ပါကိုင်ကာ အိမ်ရှေ့သို့ ထွက်လာခဲ့သည်။ ဆိုဖာတွင် ဟန်ကျကျ ထိုင်လိုက်ပြီးမှ ချစ်သူငယ်ချင်း ငွေမှုန်းဆီသို့ ဖုန်းခေါ်လိုက်သည်။ ဖုန်းက ချက်ချင်းဆိုသလို ဝင်သွား၏။

"Hi လွန်း ... နိုးပြီပေါ့"

ဟယ်လိုတောင် မလုပ်တော့ဘဲ လွန်းကို လှမ်းနှုတ်ဆက်လိုက်သော ငွေမှုန်းကြောင့် လွန်းသည် ပြုံးလိုက်ရင်း စကားဆိုလိုက်၏။

"နိုးပါပြီရှင် ... ကျောင်းမသွားသေးဘူးလား ငွေမှုန်း"

"အခု လမ်းပေါ်မှာ သွားနေပြီ လွန်းရဲ့"

"သြော် ... နင် မနက်က ဖုန်းဆက်တယ်ဆို"

"အေး ... ဟုတ်တယ်၊ နင့်ကို အလှူဖိတ်မလို့"

"ဘာအလှူလဲ"

"အိမ်မှာ ဘုရားပင့်တယ်လေ၊ ဒီနေ့ည လာခဲ့နော်"

"ဟုတ်ပြီ စာရေးဆရာမ၊ လာခဲ့မယ်"

လွန်းက တစ်ခါတစ်ရံတွင် ငွေမှုန်းကို စာရေးဆရာမ ဟု ချစ်စနိုး ခေါ်လေ့ရှိသည်။ ငွေမှုန်းသည် စာရေးခြင်းကို crazy ဖြစ်ကာ မဂ္ဂဇင်းလေးတွေထဲတွင် သူမရဲ့ဝတ္ထုတိုလေးတွေက မကြာခဏဆိုသလို ပါလာတတ်သည်။ ငွေမှုန်းနှင့် လွန်းသည် သူငယ်တန်းအရွယ် ငယ်ငယ်လေးကတည်းကနေ ယခု တက္ကသိုလ် ကျောင်းသူဘဝ ရောက်သည်အထိ လက်တွဲမဖြုတ် ခင်မင်လာခဲ့သော အချစ်ဆုံးသူငယ်ချင်းဖြစ်သည်။

လောလောဆယ်တွင်တော့ ငွေမှုန်းနှင့် လွန်းသည် အနည်းငယ်တော့ ဝေးကွာနေသလိုလေး ဖြစ်နေသည်။ ဘာကြောင့်လဲဆိုတော့ လွန်းက ဒဂုံတက္ကသိုလ်တွင် E မေဂျာအဓိကဖြင့် တက်ရောက်နေသူဖြစ်ပြီး ငွေမှုန်းကတော့ နည်းပညာတက္ကသိုလ်





တွင် EC မေဂျာ အဓိကယူကာ သင်ကြားနေသောကြောင့် တက္ကသိုလ်ချင်း မတူသဖြင့် ငွေမှုန်းနှင့် လွန်း နေ့တိုင်းတော့ မတွေ့ဖြစ်တော့။

"အိုကေ ... ညကျမှ တွေ့ကြမယ်နော် လွန်း၊ ငါ ဖုန်း ချလိုက်တော့မယ် bye bye ! "

ငွေမှုန်းနှင့် ဖုန်းပြောပြီးသည့် နောက်တွင်တော့ လွန်းသည် ကျန်နေသေးသည့် မိုင်လိုကို အပြတ်ရှင်းလိုက်ပြီး နောက် ကျောင်းသွားဖို့ ပြင်ဆင်တော့သည်။ ယူနီဖောင်စတီလိုက်(ဖ်)ကို အပြည့်အဝ ခံစားရသော လွန်းတို့လို ကျောင်းသူလေးတွေသည် အမြဲသွက်လက် ပျော်ရွှင်နေကြသည်။

လွန်းသည် ရေမိုးချိုး ပြင်ဆင်ပြီးသည့်နောက်တွင်တော့ ခရမ်းပုပ်ရောင်အင်္ကျီကို အပွင့်နုပ်နုပ် ခရမ်းနုသုံးလွှာထဘီလေးဖြင့် တွဲဖက်ဝတ်လိုက်သည်။ ပြီးသည့်နောက်တွင်တော့ Chirists Adam ရေမွှေးဆွတ်ကာ စာအုပ်တွေ အသင့်ထည့်ထားသော ဂျိုင်းထိုးအိတ်ကိုဆွဲယူ၍ အိမ်ရှေ့သို့ ခပ်သွက်သွက်ထွက်လာခဲ့သည်။

"မေ ... လွန်းသွားတော့မယ် give me မုန့်ဖိုး"

မေမေသည် အမျက်မပါသော နှုးညံ့သည့် မျက်စောင်းတစ်ချက်ကို ထိုးလိုက်ပြီး ပိုက်ဆံအိတ်ထဲက ပိုက်ဆံတစ်ထပ်ကို ထုတ်ကာ လွန်းလက်ထဲသို့ ထည့်လိုက်ပြီး ...

"မတည့်တာတွေ မစားနဲ့နော်၊ ကားကိုလည်း ဂရုစိုက် မောင်းဦး ... သိလား"

"ဟုတ်ကဲ့ပါရှင့်၊ သွားပြီနော် မေမေ"

မေမေကတော့ အဲသည်လိုပဲဖြစ်သည်။ လွန်းကို အခုအရွယ်ထိ ကလေးလေးတစ်ယောက်လိုပဲမြင်ကာ မတည့်တာတွေ မစားနဲ့နော်။ နေပူထဲ လျှောက်မသွားနဲ့ စသဖြင့် မှာနေကြဖြစ်သည်။ လွန်းကတော့ မေမေ့ရဲ့အေးမြတဲ့မေတ္တာရိပ်အောက်မှာ အငယ်ဆုံးသမီးလေးတစ်ယောက်အနေဖြင့် ပျော်ရွှင်စွာတည်ရှိနေသည်။ လွန်းသည် မေမေ့ကို နှုတ်ဆက်ပြီး ကျောင်းသွားတော့မည် လုပ်ကာမှ ငွေမှုန်းရဲ့အလှူကိစ္စ သွားသတိရကာ မေမေ့ကို လှမ်းပြောလိုက်သည်။

"မေမေရေ ... ညကျရင် ငွေမှုန်းတို့အိမ် သွားရမယ်နော်၊ ဘုရားပင့်ထားလို့တဲ့"





"ဟုတ်ပြီ သမီးလေး"

လွန်းသည် လွန်းရဲ့လက်ဆွဲတော် စူပါဆလွန်းလေးရှိရာသို့ မြောက်ကြွကြွဒီဇိုင်းဖြင့်သွားကာ ကားတံခါးကိုဖွင့်၍ ဝင်ထိုင်လိုက်ပြီးမှ တစ်ခုသွားသတိရကာ ကားနှင့်ပတ်သက်သော ဓာတ်ဆီ၊ ဘရိတ်ဆီ၊ အင်ဂျင်ဝိုင်တို့ကို စစ်ဆေးပြီးမှ ကားကိုစက်နှိုးလိုက်သည်။ လွန်းသည် ကားနှင့်ပတ်သက်လျှင်တော့ ကျွမ်းကျင်အဆင့်ဟု ပြောလို့ရလောက်မည်။ လွန်းက ရှစ်တန်းကျောင်းသူအရွယ်လောက်ကတည်းက ကားမောင်းသင်ထားတာဖြစ်သည်။ တော်တန်ရုံ ဆီပျောက်၊ မီးပျောက်လောက်ကတော့ လွန်းအတွက် minor case ဖြစ်သည်။ ကားကို ကျွမ်းကျွမ်းကျင်ကျင်မောင်းတတ်သလို တော်ရုံကားပျက်တာလောက်ကတော့ လွန်းဘာသာဖြေရှင်းနိုင်သူမို့ မေမေက ကားမောင်းပြီး ကျောင်းတက်သည့်ကိစ္စကိုတော့ လုံးဝကို စိတ်ချယုံကြည်ထားတာဖြစ်သည်။

လွန်းသည် ကားကို ခပ်မှန်မှန်နှုန်းလေးဖြင့် ရွေ့လာကာ မြူးကြွသော သံစဉ်များဖြင့် စိတ်အာရုံတို့ကို လန်းဆန်းလာအောင် Jay Sean ၏ Down သီချင်းကို Volume မြှင့်ကာဖွင့်ရင်း မောင်းလာခဲ့တော့သည်။

"baby don't worry, you're my only You won't be lonely, even if the sky is falling down"

သီချင်းတွေကို အပီညည်းရင်း ကားကို ခပ်မှန်မှန်လေး မောင်းချလာသော လွန်းသည် ကျောင်းမရောက်နိုင်သေးသည့် မှတ်တိုင်တစ်ခုအရောက်တွင်တော့ တစ်စုံတစ်ယောက်ကို ဖျတ်ခနဲ တွေ့လိုက်သည်။

မိုးပြေရှိန်း ... ဘယ်တော့ကြည့်ကြည့် ရီးသားသော ပုံစံလေးပေါက်နေသော သူသည် သည်ကနေ့တွင်လည်း မိုးပြာရောင် ရှပ်လက်တိုကို ကချင်ရေစိုပုဆိုးကွက်လေးနှင့် လှပသေသပ်စွာ ဝတ်ဆင်ထားသော သူ့ပုံစံလေးက ရှင်းခန့်နေ၏။

အဲ ... ဒီနေ့တော့ သူ့ပုံလေးက မှိုင်နေတယ်ကွယ်၊ ဘာဖြစ်လို့ပါလိမ့် တွေးလိုက်မိချိန်တွင်တော့ ကံကြမ္မာက လွန်းကို သိစေဖို့အတွက် အခွင့်ပေးလိုက်သည်။

အဲသည့် ကံကြမ္မာကတော့ သူ့ရဲ့ဘေးနားတွင် ရပ်နေသူကတော့ လွန်းရဲ့ကျောင်းနေဖက် ဘော်ဒါကြီး ကျော်ဇင်ဦးဖြစ်သည်။ လွန်းသည် သူတို့ရပ်နေသည့် ဘတ်(စ်)ကားမှတ်တိုင်





နှင့် မလှမ်းမကမ်းမှာ ကားရပ်လိုက်ရင်း ကျော်ဇင်ဦးကို လက်လှမ်းပြလိုက်တော့ သူက လွန်းကိုမြင်သွားပြီး လွန်းရှိရာသို့လျှောက်လာ၏။

"ကျောင်းသွားမှာလား ကျော်ကျော်"

"ဟုတ်တယ်ဟ၊ ငါတို့စီးလာတဲ့ Bus က ပျက်သွားတော့ နောက်တစ်စီး ပြောင်းစီးဖို့ စောင့်နေတာ၊ စိတ်ညစ်ပါ့ဟာ ငါ့ကောင်မလေးနဲ့ ချိန်းထားတာတော့ နောက်ကျပါပြီ"

"ဘာမှမပူနဲ့ ငါနဲ့ပဲ လိုက်ခဲ့တော့"

လွန်းရဲ့စကားကြောင့် ကျော်ဇင်ဦးမှာ ဝမ်းသာသွားပြီး လိုက်မယ်ဟုပြောကာ စကားတစ်ခွန်းကို ထပ်ပြောပြန်၏။

"အဟီး ... အားနာတယ်ပ်ာ၊ ငါ့ဘော်ဘော်တစ်ယောက်ကိုပါ ခေါ်ချင်တယ်၊ ဖြစ်မလား"

"No problem ခေါ်လိုက်လေ၊ ဘယ်မှာလဲ နင့်ဘော်ဘော်"

"ဟိုမှာလေ"

ကျော်ဇင်ဦး လက်ညှိုးညွှန်ရာကို လွန်း ကြည့်လိုက်တော့ မျက်လုံးတွေပင် ပြူးချင်သလိုလို ဖြစ်သွားသည်။

အင်း ... စေတနာကောင်းရင် ကံကောင်းတယ်ဆို တာတယ်မှန်တဲ့စာပါလား။ ကျော်ဇင်ဦး ခေါ်မည်ဆိုသော သူငယ် ချင်းမှာ လွန်း ကျိတ်ခိုက်နေသော မောင်ရိုးသားလေးဖြစ်၏။

"ဟေး ... ကိုပြေ လာလေ၊ ဒီမှာ အဆင်ပြေပြီကွ"

ကျော်ဇင်ဦးရဲ့ခေါ်သံကြောင့် ပုဂ္ဂိုလ်က ခပ်ဖြည်းဖြည်း လေး လျှောက်လာ၏။ အင်း ... ခြေတစ်လှမ်း ကုဋေတစ်သန်းဆို တာ သူ့ကို ပြောတာလား မသိ။ သူ့ရဲ့မလှုပ်တလှုပ် ပုံစံလေးက ကို ကောင်မလေးတွေကြားမှာ ရေပန်းစားနေတာဖြစ်သည်။

"ဒါ ငါ့သူငယ်ချင်းကွ၊ သူလည်း ကျောင်းသွားမှာ၊ ငါတို့ သူ့ကားနဲ့ပဲ ဒိုးကြတာပေါ့"

ဒီလောက် အဆင်ပြေတာကိုတောင် ကိုယ်တော်ချော က ငြင်းလိုက်သေးသည်။

"ရပါတယ်၊ မင်းပဲ လိုက်သွားလေ၊ ငါ Bus နဲ့ပဲသွား လိုက်မယ်"

"အာ ... မင်းကလည်း အားနာစရာမလိုပါဘူးကွ၊ လိုက် ခဲ့ပါ၊ ဒီအချိန်လောက်ဆို Bus က အရမ်းကျပ်မှာကွ"





ကျော်ဇင်ဦး ဒီလောက်ပြောတာတောင် သူက ငြင်း နေသေးသည်။ ကြားထဲက မနေနိုင်သည့် လွန်းကတော့ သူ့ကို ဝင်ပြောလိုက်၏။

"လိုက်ခဲ့ပါ၊ ငါတို့က တစ်ကျောင်းတည်းက သူငယ်ချင်း တွေပဲဟာ"

လွန်းရဲ့စကားကြောင့် သူက လွန်းဆီသို့ ဖျတ်ခနဲ ဆို အကြည့်ရောက်လာ၏။ ဘုရားရေ ... သူ့ရဲ့မျက်ဝန်းလေး တွေက ဘယ်လိုလေးပါလိမ့်။ ညှို့ဓာတ်တစ်ခု ရှိနေသလိုပဲကွယ်။

လွန်းရဲ့အတင်းခေါ်ဆိုမှုကို သူလည်း အားနာသွား သည်ထင်ပါရဲ့။ နောက်ဆုံးမှာတော့ လွန်းရဲ့ကားနှင့်လိုက်ဖို့ သဘောတူလိုက်သည်။

အင်း ... ဣန္ဒြေရှင် ယောကျာ်းဆိုတာ ဒါလေးကို ပြောတာလားမသိ။

လွန်းသည် ကားကိုစတင်မောင်းထွက်လာခဲ့သည်။ သူက နောက်ခန်းမှာထိုင်ကာ ကျော်ဇင်ဦးကတော့ ရှေ့ခန်းမှာ ထိုင်သည်။ ပြီးလျှင်တော့ စကားကြွယ်သော ကျော်ဇင်ဦးက စတင်ကာ လွန်းနှင့် သူ့အကြား မိတ်ဆက်ခြင်းကို စပေးလေ၏။

“မိတ်ဆက်ပေးရဦးမယ် လွန်း၊ ဒါက ငါနဲ့မေဂျာတူသူငယ်ချင်း မိုးပြေရှိန်းတဲ့ Physics မေဂျာရဲ့ Prince နော်”

“ကျော်ကျော် ... မင်းကလည်းကွာ”

အယ် ... ဒါလေးပြောတာလည်း ရှက်သတဲ့။ ကျော်ဇင်ဦးရဲ့စကားကို ဝင်ဟန့်ရင်း နောက်ကြည့်မှန်ကနေတစ်ဆင့် လွန်းနှင့်သူ ဖျတ်ခနဲ အကြည့်ချင်းဆုံကြသဖြင့် သူကအပြုံးလေးတစ်ခုဖြင့် ခေါင်းဆတ်ပြ၏။

“ကဲပါ ... လွန်းတို့ သူငယ်ချင်းတွေ ဖြစ်သွားပြီနော် မိုးပြေ”

လွန်းရဲ့သွက်သွက်လက်လက် အပြောကြောင့် သူသည် ပြုံးလိုက်ရင်း ကျော်ဇင်ဦးကို လှမ်းမေးလိုက်သည်။

“ကျော်ကျော် ... ဒီက နာမည်က”

“အာ ... ဟုတ်သားပဲ၊ မေ့နေတာကွာ၊ ဆောရီး သူ့နာမည်က လွန်းကြယ်ရောင်ဆင်းတဲ့၊ E မေဂျာက အပျံစားအလန်းစားပဲနော် နာမည်က ... ဟီး ဟီး”

ရှတ်နောက်နောက် ပြောသံကြောင့် လွန်းကော သူပါ ပြိုင်တူရယ်လိုက်မိကြသည်။





“မိုးပြေက စာတော်မယ့်ပုံနော်”

“မလွန်းကြယ်ရောင်ဆင်းက ပိုတော်မှာပါ”

သူ့ရဲ့ထူးဆန်းစွာဖြင့် လွန်းရဲ့နာမည် အပြည့်အစုံကိုတောင်မှ “မ”တပ်ပြီး ခေါ်လိုက်သေးသဖြင့် လွန်းသည် ရယ်ချင်သလိုလိုတောင် ဖြစ်သွားသည်။

“ဟား ဟား ... မိုးပြေနဲ့ လွန်းက သက်တူရွယ်တူလောက်ပါ၊ ဘယ့်နှယ့် နာမည်အပြည့်အစုံ ခေါ်နေရတာလဲ၊ လွန်းကိုခင်တဲ့သူ အားလုံးက လွန်းလို့ပဲ ခေါ်ကြတယ်၊ မိုးပြေလည်း အဲ့လိုပဲ ခေါ်ပေါ့”

“ဟုတ်ကဲ့ ... လွန်း”

“လွန်းက အရမ်းခင်ဖို့ကောင်းတာကွ၊ လုံးဝ Jolly type ငါနဲ့က ဆယ်တန်းကတည်းက ခင်တာလေ”

စကားတပြောပြောဖြင့် လွန်းတို့ရဲ့အမိတက္ကသိုလ်ကြီးဆီသို့ ရောက်လာခဲ့သည်။ လွန်းသည် ကားကိုရပ်လိုက်ပြီး တံခါးတွေ လော့ခ်ချကာ ကားပေါ်က ဆင်းလိုက်တော့သည်။

"thank you for your ကူညီမှု လွန်း၊ ငါ နောက်ကျနေပြီ၊ အခစားဝင်တော်မူရဦးမယ်ဟ၊ လိမ့်ပြီ လွန်းရေ ... see u ! "

"အိုကေ ... ကျော်ကျော်"

လွန်းကို နှုတ်ဆက်ပြီး ကန်တင်းဘက်သို့ အပြေးအလွှားသွားသော ကျော်ကျော့်ကိုကြည့်ကာ ပြုံးလိုက်ရင်း မိုးပြေရှိနေတာကို သတိရသွားကာ မိုးပြေဆီသို့ မျက်နှာလှည့်ကာ စကားဆိုလိုက်၏။

"မိုးပြေ ... အတန်းတက်ရဦးမှာပေါ့"

"ဟုတ်တယ် ... ဒီနေ့အတွက် လွန်းကို ကျေးဇူးအများကြီး တင်ပါတယ်နော်"

"Nevermind မိုးပြေ၊ တို့တွေ ထပ်ဆုံကြတာပေါ့"

"ဟုတ်ကဲ့ ... လွန်း"

လွန်းနှင့် မိုးပြေတို့ လမ်းခွဲကာ နှုတ်ဆက်လိုက်ပြီး မိုးပြေကတော့ အတန်းဘက်သို့ ပုံမှန်ခြေနှုန်းဖြင့် လျှောက်သွား၏။ လွန်းကတော့ ကန်တင်းဘက်မှာ သူငယ်ချင်းတွေ စောင့်နေတာကို သိနေသဖြင့် ကန်တင်းရှိရာဘက်သို့ သွားလိုက်၏။





"မိန်းမ ... ရှင် ကြီးပွားနေတာကို ကျုပ်တို့ မြင်တယ်နော်"

လွန်းတောင် ထိုင်ခုံမှာ မထိုင်ရသေး မိုးစုနှင့် သိမ့်သိမ့်က လက်ညှိုးဘထိုးထိုးဖြင့် မေးလေတော့၏။ လွန်းသည် နဂိုကမှ အမြူးဓာတ်ခံရှိနေသည့်စိတ်ကို ပြောင်စပ်စပ်မျက်နှာလေးဖြင့် ပေါင်းစပ်လိုက်ကာ မိုးစုနှင့် သိမ့်သိမ့်ကို လှမ်းနောက်လိုက်၏။

"ကိုယ့်ကုသိုလ်နဲ့ ကိုယ်လေ၊ သိတယ်မှလား၊ လွန်းလေ တခြားသူမှ မဟုတ်တာ ... ဟဲ ဟဲ"

ပြောလည်းပြော ထိုင်ခုံမှာလည်း ဝင်ထိုင်လိုက်သည်။ မိုးစုက လွန်းကို အကဲခတ်သလို ကြည့်လိုက်ရင်း ...

"ကဲ ... ပြော၊ မှန်ရာကိုလျှောက်တော့"

"အင်း ... ဒီနေ့ Lunch time ကို တာဝန်ယူမယ် ဆိုရင်တော့"

"အေး ... ယူတယ်ဟေ့၊ တကတဲ အိုက်တင်ခံနေသေးတယ်"

မျက်စောင်းတထိုးထိုးဖြင့် ပြောနေသော မိုးစုရဲ့ပုံစံဟာ ရယ်စရာကောင်းနေသဖြင့် လွန်းသည် အားရပါးရ ရယ်မောလိုက်ပြီးမှ ...

"ဒီလိုဟေ့ ပြောပြမယ်"ဟု အစချီကာ ခုနလေးတင်ကမှ ဖြစ်ပျက်ခဲ့သော အကြောင်းလေးကို စီကာပတ်ကုံး ပြောပြလိုက်တော့သည်။ လွန်းရဲ့စကားလည်းဆုံးရော မိုးစုကော သိမ့်သိမ့်ပါ တစ်သံတည်း ထွက်လာကြ၏။

"ဇာတ်လမ်းလေးတစ်ပုဒ်ကိုတော့ လွန်းတို့က စဖွင့်လိုက်ပြီဟေ့"

သူမတို့ရဲ့အပြောကြောင့် လွန်းသည် တစ်စုံတစ်ရာကို တွေးမိသွားပြီး ပြုံးမိလိုက်သည်။

လွန်းပြုံးသည့် အဲဒီအပြုံးရဲ့နောက်ကွယ်မှာ ခံစားမှုတစ်ခု ရှိနေခဲ့ပြီ ဆိုတာကိုတော့ ဘယ်သူ့ကိုမှ လွန်း မသိစေချင်ခဲ့တာ အမှန်ပင်ဖြစ်သည်။

* ❁ *





## ၂

မိုးပြေသည် ကျောင်းက ပြန်ရောက်ပြီးသည်နှင့် ရေမိုးချိုးကာ ကိစ္စတစ်ခုကို ပြုလုပ်ရန်အတွက် ပြင်ဆင်လိုက်သည်။ မိုးပြေ ပြုလုပ်ရမည့်ကိစ္စ ဆိုတာကတော့ သိပ်အထွေအထူးကြီးမဟုတ်။ ဖေဖေ၊ မေမေတို့၏ အရင်းနှီးဆုံး မိတ်ဆွေ၏ အိမ်တွင် ဘုရားပင့်အလှူလုပ်သဖြင့် မိုးပြေက ကားမောင်းလိုက်ပို့ပေးရမည်ဖြစ်သည်။

ဖေဖေနှင့် မေမေ၏ မိတ်ဆွေအိမ်သို့ သွားရမည်ဆိုတော့ မိုးပြေသည် သပ်သပ်ရပ်ရပ် ဖြစ်အောင် ပိုလို့ဂရုစိုက်ရသေးသည်။ ကိုယ့်အတွက်ကြောင့် ကိုယ့်မိဘကို သိက္ခာမကျစေ

လိုပါ။ အထူးသဖြင့် ကိုယ့်ရဲ့ဝတ်ပုံစားပုံ နေပုံထိုင်ပုံကြောင့်တော့ ပိုလို့တောင် မိဘကို သိက္ခာမကျစေလိုပါ။

အဲသည့်စိတ်ကြောင့်ပဲ မိုးပြေသည် ခပ်ရိုးရိုးပုံလေး သာနေဖြစ်တော့သည်။

ပန်းနုရောင် ရှပ်လက်တိုကို ကွက်စိပ်ပုဆိုးဖြင့် လိုက်ဖက်စွာဝတ်ကာ ရိုးရှင်းသောဆံပင်တို့ကိုတော့ hair cream တစ်မျိုးသုံးကာ သေသပ်အောင် ဖြီးသင်လိုက်သည်။ ပြီးလျှင်တော့ လက်ပတ်နာရီ ကောက်ပတ်ကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

"ဟော ... သားတောင်မှ အဆင်သင့်ဖြစ်ပြီလား၊ အမေကြီးရေ သွားကြရအောင်ဟေ့"

မိုးပြေသည် ကားရှိရာသို့သွားကာ စက်နှိုး၍ ကားထဲကပင် ဖေဖေနှင့် မေမေကို စောင့်နေလိုက်သည်။ ဖေဖေနှင့် မေမေ ကားပေါ်တက်ပြီးသည်နှင့် မိုးပြေသည် ဖေဖေ ရွတ်ပြသော လိပ်စာဆီသို့သွားရန် ကားကို လမ်းကြောင်းတစ်ခုပေါ်သို့ ဦးတည်လိုက်သည်။





ခဏလောက်အကြာတွင်တော့ မိုးပြေတို့ရဲ့ကားလေးသည် ခြံတစ်ခုအတွင်းသို့ ဝင်ရောက်လိုက်တော့သည်။ မိုးပြေတို့ကား ဝင်လာသည်ကိုမြင်သည်နှင့် ဖေဖေ မေမေတို့နှင့် ရင်းနှီးပါသော လူနှစ်ယောက်က ပျာပျာသလဲကို ဧည့်ဝတ်ပြုကြလေသည်။

"သြော် ... ကိုမိုးကောင်းနဲ့ မြတ်တို့ကလည်း နောက်ကျလိုက်တာ၊ သွားပါ ပါလာတာလား၊ လာ ... သား"

မိုးပြေသည် ယဉ်ကျေးသိမ်မွေ့သော အပြုံးတစ်ခုဖြင့် ခေါင်းတစ်ချက် ဆတ်ပြပြီး ဖေဖေ မေမေတို့နှင့်အတူ မိုးပြေလည်း အိမ်ထဲသို့ ဝင်လာလိုက်၏။ ဖေဖေနှင့် မေမေတို့က အပေါင်းအသင်းဆုံစွာ အဖွဲ့ကျ စကားပြောနေကြပြီး မိုးပြေမှာတော့ တစ်ယောက်တည်းသာ ငြိမ်နေရသည်။

"မိုးကောင်းရေ ... မင်း,သားတော့ ချောင်းနေပြီထင်ရဲ့"

"ရပါတယ် ခင်ဗျ"

ထိုစဉ်မှာပင် မိုးပြေ၏ရှေ့သို့ မိန်းကလေးတစ်ယောက် အပြုံးတစ်ခုဖြင့် လာထိုင်လေ၏။ မိုးပြေသည် သူမကို ဖျတ်ခနဲ ကြည့်လိုက်မိ၏။ အဲသည့် မိုးပြေ ကြည့်လိုက်မိတဲ့ ခဏ

တာ အချိန်လေးမှာပဲ မိုးပြေသည် သူမနှင့် ဖြုန်းခနဲ အကြည့်ချင်း သွားဆုံလေ၏။ အကြည့်တစ်ချက်ဆုံတွေ့မှု တစ်ခဏမှာ မိုးပြေရဲ့နှလုံးသားတစ်ခုလုံးဟာ သိမ့်ခနဲ တစ်ချက်ခါထွက်သွား၏။

ဒါဟာ ဘာကြောင့်များပါလိမ့်။

"မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကိုယ့်သမီးလေ မိုးကောင်း"

"ဟာ ... သမီးက အချောပဲကွာ၊ သမီးက ဘာတက်နေတာလဲ"

ဖေဖေက မေးလိုက်လျှင် ချိုသာပျော့ပျောင်းသော အသံလေးတစ်ခု၏ ဖြေသံကို ကြားလိုက်ရ၏။

"နည်းပညာတက်နေတာပါ ဦး၊ EC မေဂျာ ယူထားပါတယ်"

"ကောင်းတယ် ... ကောင်းတယ် ... ဒါနဲ့ သမီးနာမည်က"

"ငွေရည်မှူန်းပါရှင့်"

ငွေရည်မှူန်း ... အဲသည့်နာမည်လေးကို ကြားလိုက်ရုံဖြင့် မိုးပြေသည် တစ်မျိုးတစ်မည်သော ခံစားမှုကို ဖြစ်သွားစေ၏။ သူမရဲ့ပုံစံလေးသည် မြင်လိုက်တာနှင့်ကို အေးအေးချမ်းချမ်းလေး ရှိသလိုပင်။





"ဒါက ကိုယ့်သားလေ မိုးပြေရှိန်းတဲ့၊ သမီးတို့ သူငယ်ချင်းတွေ ဖြစ်ပြီနော်၊ ခင်ခင်မင်မင်နေကြ"

မိုးပြေကော ငွေရည်မှူန်းပါ တစ်ဦးကိုတစ်ဦး အသိအမှတ်ပြုသည့် သဘောဖြင့် ခေါင်းတစ်ချက် ဆတ်ပြလိုက်သည်။

"ငွေမှူန်းက အနေအေးတယ်ကွ မိုးပြေရ၊ မင်းသူငယ်ချင်းကွ တကယ့်မလှုပ်တလှုပ် ... ဟား ဟား"

"ဟင် ... ငါ့သားကော ဘာထူးလဲ၊ ဒီကောင်လည်း အေးဆေးသမားပါကွာ"

စကားတွေ ဖောင်ဖွဲ့နေခိုက်တွင်တော့ ခေါ်သံတစ်ခုကြောင့် ငွေရည်မှူန်း လှည့်ကြည့်လိုက်၏။

"မမလေး ... မမလွန်း လာပါတယ်"

"သြော် ... လာခဲ့မယ်နော်၊ ဟို ... အားလုံးပဲ ခွင့်ပြုပါဦးရှင် ...

ဖေဖေ ... လွန်းလာလို့ သမီးသွားခေါ်လိုက်ဦးမယ်နော်"

ထိုအခိုက်မှာ မိုးပြေရဲ့ဖေဖေက လာတာလည်းကြာပြီဖြစ်နေ၍ ပြန်ဖို့စကားဆိုလေ၏။

"ကဲ ... ကျုပ်တို့လည်း ပြန်တော့မယ်၊ နောက်မှ အေးဆေး လာမယ် ဇော်မှုန်း"

"ဟုတ်ပြီ မိုးကောင်း၊ ကျေးဇူးပဲနော်"

မိုးပြေသည် အားလုံးကို နှုတ်ဆက်ပြီးနောက် ကားရှိရာသို့သာ သွားလိုက်တော့၏။ စိတ်ထဲတွင် တစ်စုံတစ်ယောက်ကို နှုတ်ဆက်ချင်ပေမယ့်လည်း သူမကို တိုးတိုးတိတ်တိတ်ရှာဖွေမိသော်လည်း မတွေ့တော့သဖြင့် ...။

ငွေရည်မှုန်း ... အဲသည့် ကောင်မလေးကိုတော့ မိုးပြေသည် ထူးဆန်းစွာကို သတိထားမိနေတော့သည်။

❋ ✿ ❋





လွန်းသည် သည်နေ့ ကျောင်းအသွားတွင်တော့ မိုးပြေဆိုသော ခပ်ရိုးရိုး ဘော်ဒါအသစ်လေးကို သတိရမိသလိုရှိ၏။ သူ့ရဲ့မထုံတက်တေး ပုံစံလေးကိုမှ innocent ဖြစ်တယ်ဆိုကာ ကောင်မလေးတွေတချို့ကြား ရေပန်းစားနေခဲ့သည်။ ကန်တင်း သိပ်ထိုင်လေ့မရှိသော ရှားပါးယောက်ျားစာရင်းဝင် မိုးပြေရှိန်းနှင့် နောက်တစ်ကြိမ်လောက် လွန်းသည် ထပ်မံဆုံတွေ့ချင်သေးသည်။

"ဟေး ... လွန်း ဒီနေ့ ကျောင်းလာတာ စောလှချည်လား"

မိုးစုက လှမ်းမေးလိုက်သဖြင့် လွန်းသည် ပြုံးစိစိမျက်နှာဖြင့် ...

"စာကြိုးစားတဲ့ သူတွေအတွက်တော့ အချိန်ဆိုတာ သိပ်ကို တန်ဖိုးရှိပါတယ်ကွယ်"

"အမယ်လေး ... ဖောတွေ များတယ်ဟယ်၊ သုံးခါဖောရင် ရှောတယ်နော် ...

ပြောစမ်း ... prince လေးကို တွေ့လေမလားဆို ပြီး မျှော်ကာ ငေးနေတာမှလား"

ဟယ် ... အံ့ရောကွယ်။ လွန်းသည် သိနိုင်လွန်းသော မိုးစုကို မှင်တည်တည်ဖြင့် ကြည့်လျက် ...

"အဲလို ထင်တယ်ပေါ့"

"ထင်တာ မဟုတ်ဘူးဟေ့ သိကိုသိနေတာ၊ နင့် prince ကို physics ဆောင်မှာ တွေ့ခဲ့တယ်"

"ဟယ် ... တကယ်"

ကဲ ... လွန်းသည် ထိုပုဂ္ဂိုလ်လေးကို တွေ့ရဖို့ အတွက် ဘယ်လိုလုပ်သင့်ပါသလဲ။ လွန်းတို့ရှိနေသည့် E မေဂျာ ကန်တင်းနှင့် မိုးပြေ ရှိနေရာ Physics ဆောင်မှာ အနည်းငယ် လောက်သာလှမ်း၏။ အင်း ... သည်တော့ကား လွန်းနှင့်သူ နောက်တစ်ကြိမ် ဆုံတွေ့နိုင်ဖို့အတွက် တိုက်ဆိုင်မှုလေးတွေ ဖန်တီးရမယ် ဆိုပါတော့။





အဲသည့်စိတ်ကူးနှင့်အတူ လွန်းသည် အိတ်ကိုကောက် ယူကာ မတ်တတ်ထရပ်လိုက်သည်။

"ကဲ ... ငါသွားလိုက်ဦးမယ်"

လွန်း ဘာကိုဆိုလိုတယ် ဆိုတာကို အထာပေါက် သော မိုးစုတို့သည် မျက်စောင်းလေးတစ်ချက်ချီရင်း စကားဆို လိုက်သည်။

"သွားပါ ... သွားပါ၊ ရေခဲတုံးလေးကို heat လေးနည်း နည်းပေးလိုက်မှ match ဖြစ်သွားမှာ သူငယ်ချင်း ... ဖိုက် တင်း"

မိုးစုက ကိုရီးယားဒီဇိုင်းဖြင့် လက်သီးလေး တစ် ဖက် ဆုပ်ပြကာ ကြိုးစားထားဆိုသော ပုံလေးလုပ်ပြ၏။ လွန်း သည် မိုးစုနှင့် သိမ့်သိမ့်တို့ကို နှာခေါင်းလေးရှုံ့ပြကာ ကန်တင်း ကနေ ထွက်လာခဲ့၏။

အင်း ... မိုးစု ပြောသလိုမျိုးပဲ အဲသည့် မိုးပြေရှိန်း ဆိုသည့် ရေခဲတုံးလေးကို လွန်းက အပူနည်းနည်းလေးတိုက်ပေး ပါမှပဲ အဆင်ပြေနိုင်လိမ့်မေမည်။ ဒါမှပါပဲ ...။

လွန်းသည် ကားကို E မေဂျာဘက်မှာပဲ ရပ်ထားခဲ့ကာ မိုးပြေရှိရာ Physics ဘက်သို့ ခပ်အေးအေးပင် တစ်ကိုယ်တည်း ရွှေ့လာခဲ့သည်။ ကျောင်းတော်ကြီးထဲ၌ သွားလာနေကြသော ကျောင်းသူ ကျောင်းသားများကြားတွင် လွန်းကတော့ တစ်ကိုယ်တည်း သီးသန့်ကို သွားနေသည်။ Physics ဆောင်တွင် မိုးပြေကို ခက်ခက်ခဲခဲကြီး မရှာလိုက်ရ။ ချက်ချင်းဆိုသလိုပင် လွန်း ရှာတွေ့ခဲ့သည်။ တွေ့ပုံမှာလည်း လွန်းနှင့် မျက်နှာချင်းဆိုင်ကို သွားတွေ့လေ၏။

လွန်းကို မြင်လျှင်မြင်ချင်းပဲ သူသည် မှတ်မိသွားပြီး အင်မတန်မှကို ချိုသာနူးညံ့လှသော အေးမြမြ အပြုံးလေးဖြင့် လွန်းကို နှုတ်ဆက်လိုက်သည်။ ဟယ် ... လွန်းရဲ့စိတ်ထဲ ဘယ်လိုဖြစ်သွားတာပါလိမ့်။

"လွန်းပါလား ... ဘယ်လာတာလဲ"

"အင်း ... သူငယ်ချင်းတစ်ယောက်ကို လာရှာတာလေ၊ မိုးပြေကော အတန်းမတက်ဘူးလား"

"တက်မယ် ဒုတိယအချိန်မှ တက်မှာလေ"





အိုး ... ကောင်းလိုက်တဲ့ ကံကြမ္မာပါလားကွယ်။ လွန်းသည် သူနှင့် ဒီ့ထက်ပိုရင်းနှီးမှုရရှိလာအောင် ဘယ်လိုလုပ်ရပါ့။ တွေးတောရင်းနှင့်ပင် အကြံတစ်ခု ထွက်လာသည်နှင့် ...

"အင်း ... လွန်းလည်း ပထမအချိန်က အားတယ်လေ၊ အခု သူငယ်ချင်းကို လာရှာတာ၊ သူငယ်ချင်းနဲ့လည်း တွေ့ပြီးပြီဆိုတော့ လွန်းက လုံးဝအားသွားပြီလေ၊ အဲဒါ ကန်တင်းဘက်သွားရင် ကောင်းမလားလို့၊ မိုးပြေလည်း လိုက်ခဲ့ပါလားဟင်၊ လွန်းကို ခင်ရင်ပေါ့"

ကဲ ... ဘယ်လောက်ကောင်းတဲ့ တော်ကီလ်လေးပါလိမ့်။ အပြောချိုချိုလေးနဲ့ပဲ အားနာတတ်သောစာတ်ခံရှိသည့် ပုဂ္ဂိုလ်လေးကို ဘယ်လိုမှ ငြင်းမရနိုင်အောင် ချည်ပြီးတုပ်ပြီး အပြောဟာ မိုးပြေ အတွက်တော့ သေချာပေါက် ကန်တင်းထိုင်ရတော့မည့်ကိန်းရှိသည်။

"ဟုတ်ကဲ့ ... သွားမယ်လေ၊ ဘယ်မှာထိုင်မလဲ"

မိုးပြေရဲ့အပြောကြောင့် လွန်းသည် ကျေနပ်သွားပြီး မျက်ခုံးလေးတစ်ချက် ပင့်လိုက်ကာ ...

"အင်း ... ကသစ်ပန်းမှာထိုင်မယ်လေ၊ မိုးပြေတို့ physics ဆောင်နဲ့လည်း နီးနီးနားနားပေါ့"

မိုးပြေက လွှန်းရဲ့အပြောကို ထောက်ခံသလို ခေါင်းတစ်ချက်ဆတ်ပြပြီး လွှန်းနှင့်ယှဉ်တွဲပြီး လျှောက်လာခဲ့သည်။ သူနှင့်အတူတူ ယှဉ်တွဲကာ လမ်းလျှောက်သည့်အချိန်တွင်တော့ လွှန်းရဲ့ရင်ထဲတွင် အမျိုးအမည်မသိသော တစ်စုံတစ်ရာ ခံစားချက်က ဘယ်က ဘယ်လိုမှန်းမသိ အော်တိုကို တံခါးမရှိ ဓားမရှိ အတားအဆီးမဲ့ ဝင်ရောက်လာ၏။

အင်း ... အဲသလို ခံစားချက်မျိုးက ဘာလေးပါလိမ့်။

လွှန်းနှင့် သူသည် ကန်တင်းမှာထိုင်ကာ အအေးတစ်လုံးစီမှာပြီးလျှင် စကားပြောဖြစ်ကြ၏။ သည်တစ်ကြိမ်တွင်တော့ စကားဝိုင်းလေးကို စဖွင့်လိုက်သူမှာ ပုဂ္ဂိုလ်လေး မိုးပြေပင်ဖြစ်၏။

"လွှန်းက အရမ်းကို ကူညီစိတ်ပြည့်ဝတဲ့သူနော်၊ မနေ့က လွှန်းသာ ကျော်ကျော့်ကို မကူညီခဲ့ရင် ကျော်ကျော်တော့ ဒုက္ခပဲ"





မိုးပြေရဲ့စကားကြောင့် လွှန်းသည် ပြုံးလိုက်ရင်း စကားဆိုလေသည်။

"အင်း ... အဲလောက်ကြီးလည်း မဟုတ်ပါဘူး၊ ဒီကိစ္စက ကူညီတယ်လို့တောင် ခေါင်းစဉ်တပ်စရာမလိုပါဘူး၊ လွှန်းလည်း ကျောင်းသွားမှာပဲ မိုးပြေတို့လည်း ကျောင်းသွားမှာလေ၊ လမ်းသင့်လို့ အဆင်ပြေတယ်လေ၊ လွှန်းက ဘာမှ အပန်းမကြီးပါဘူး"

လွှန်းရဲ့စကားကြောင့် မိုးပြေသည် ခေါင်းလေးတဆတ်ဆတ် ညိတ်ပြပြီး နားထောင်နေလိုက်သည်။ လွှန်းသည် ဘာစကားဆက်ရင် ကောင်းမလဲဟု တွေးရင်း အအေးတစ်ငုံသောက်လိုက်သည်။ ပြီးသည့်နောက်တွင်တော့ စကားစကို ပြန်စလိုက်၏။

"မိုးပြေက အတန်းမှန်မှန်တက်တယ်ထင်တယ်၊ အပြင်မှာ သိပ်မတွေ့ဘူးနော်"

"ဟုတ်တယ်၊ များသောအားဖြင့် ကျွန်တော်က အတန်းမှန်မှန်တက်တယ်၊ လွှန်းကော"

အယ် ... ကြည့်စမ်း ကျွန်တော်တဲ့။ သူကလေးပြော တဲ့ နာမ်စားအသုံးအနှုန်းဟာ လွန်းအတွက်တော့ သိပ်ကိုဆန်းနေ တယ်ကွယ်။

လွန်းသည် သူမေးတာကို ရယ်ကျဲကျဲလေး ပြန်ဖြေ လိုက်၏။

"လွန်းလား ... လွန်းကတော့ ဒီလိုပါပဲ၊ တက်လည်းတက် တယ်၊ လစ်လည်းလစ်တယ်လေ ... ဟဲ ဟဲ"

"ဩော် ... အင်း အင်း"

"မိုးပြေက ကျောင်းပိတ်ရက်တွေဆို ဘာလုပ်လဲဟင်"

"အင်း ... ကျွန်တော်က ပိတ်ရက်တွေဆို ဘာမှထွေထွေ ထူးထူး မလုပ်ဖြစ်ပါဘူး။ အဲ ... ဒါပေမဲ့ ရှေ့တစ်ပတ် စနေကနေစပြီး ကျွန်တော် ကွန်ပျူတာသင်တန်းတစ်ခု တက်မလို့"

အံ့ရောကွယ် ... အံ့ရော။ သည်တစ်ခါတော့ တိုက် တိုက်ဆိုင်ဆိုင်ကြီးပင်။ ဘာလို့ဆို လွန်းကိုယ်တိုင်ကလည်း ငွေမှုန်း နှင့်အတူ ရှေ့အပတ်စနေမှာ ကွန်ပျူတာသင်တန်းတက်ဖို့ စီစဉ်





ထားတာဖြစ်သည်။ ကဲ ... မေးပါများ စကားရတဲ့၊ သူကလေး တက်မှာ ဘယ်နားလဲဆိုတာ မေးစမ်းဦးမှ။

"ဟယ် ... တိုက်ဆိုင်လိုက်တာ၊ လွန်းတို့လည်း ကွန်ပျူတာ graphic တက်မှာ KMD ရုံးချုပ်မှာလေ၊ ရှေ့တစ်ပတ်စနေ စတက်မှာ"

"ဟာ ... ဟုတ်တယ်၊ ကျွန်တော်လည်း အဲဒီမှာတက်မှာ၊ graphic ပဲ၊ မနက်(၁၀)နာရီ section တက်မှာ"

ကဲ ... တိုက်ဆိုင်မှုကတော့ အံ့ရောလို့ပဲ ဆိုရတော့ မယ်ကွယ်။ လွန်းတို့ကလည်း အဲဒီ section ချိန်ပဲလေ။ လွန်းသည် သည်တိုက်ဆိုင်မှုလေးကို တော်တော့်ကို ကျေနပ်နေမိသည်။ အင်း... ပြီးရင်တော့ မိုးစုတို့ကို ဒီအကြောင်းတော့ ပြောပြဦး မှ။

"လွန်းလည်း အဲဒီအချိန်ပဲ မိုးပြေရဲ့"

"ဟား ... တော်တော်တိုက်ဆိုင်တာပဲနော်၊ သူငယ်ချင်းတွေ အတူတူ တက်ရတော့ ကောင်းတယ်ဗျာ"

"အင်း ... ဟုတ်တယ်၊ ဟုတ်တယ်"

လွန်းသည် သည်လူရှိုးလေးကိုကြည့်ကာ တော်တော်လေးကို ရယ်ချင်လာသည်။ သည်လောက်ရိုးသားသော ကောင်ကလေးကိုမှ လွန်း စိတ်ဝင်စားသလိုလို ရှိနေတာတော့ လွန်းရဲ့အလွန်မဟုတ်ပါဘူးနော်။ လွန်းဟာ ကိုယ့်ကိုယ်ကိုယ်မို့ ပြောခြင်းမဟုတ်ပါ။

လွန်းရဲ့မျက်နှာလေးသည် လှသည့် ချောသည့်အထဲတွင် ပါဝင်သည်။ စင်းမြမြနှာတံလေးနှင့်အတူ ဖူးဖူးပြည့်ပြည့်နှုတ်ခမ်းလေးတို့ကြောင့် လွန်းသည် ကျောင်းမှာ ရေပန်းစားသူဖြစ်သည်။ ခပ်မြင့်မြင့် အရပ်အမောင်းနှင့်လိုက်ဖက်စွာ body beauty လှပသူဖြစ်သည့်အတွက် E မေဂျာရဲ့ကွင်း(န်)ဖြစ်ဖို့မှာ 100% ဖြစ်နေပါလျက်နှင့် ဘာကြောင့်မဖြစ်ရတာလဲလို့ မေးစရာအကြောင်းတော့ရှိသည်။ ဘာဖြစ်လို့လဲဆိုတော့ လွန်းတို့ E မေဂျာရဲ့ Fresher Welcome ကို လွန်းမတက်ဖြစ်ခဲ့လို့ဖြစ်သည်။ သို့ပေမဲ့လည်း လွန်းသည် ရေပန်းစားသူတစ်ဦးပင်ဖြစ်သည်။

သည်လို ရေပန်းစားသူဖြစ်သော လွန်းကို ခင်မင်သူတွေ ဝိုင်းဝိုင်းလည်နေပေမယ့် လွန်းသည် သည်ပုဂ္ဂိုလ်လေးကိုမှ တော်တော်လေးကို သံယောဇဉ်ပိုကာ ခင်မိနေ၏။





ဒါလေးဟာ တော်တော့်ကို ထူးဆန်းသလိုရှိသည်။

"ဟယ် ... အတန်းတက်ဖို့တောင် အချိန်နီးပြီပဲ"

လွန်းသည် လက်ပတ်နာရီလေးကိုကြည့်ရင်း ပြန်ဖို့စကားစလိုက်သည်။ သည်လောက်ဆို လွန်း ပြန်သင့်ပြီထင်လို့စကားစလိုက်ခြင်းပင်ဖြစ်သည်။ မိုးပြေကတော့ သူ့ရဲ့စတိုင်လ်ဖြစ်သည့် ခပ်အေးအေးဒီဇိုင်းနှင့်ပင် ...

"အင်း ... ပြန်မယ်လေ ...

ညီလေးရေ ရှင်းမယ်"

သူ့လွယ်အိတ်ထဲမှ ဝေါလက်အနက်လေးကိုထုတ်ကာ ပိုက်ဆံရှင်းဖို့အတွက် ထုတ်နေ၏။ လွန်းသည် အလျင်အမြန်ပင် သူ့ကို လှမ်းတားကာ လွန်းက ပိုက်ဆံထုတ်၍ စားပွဲထိုးလေးကို ပေးလိုက်တော့ မိုးပြေသည် အားနာဟန်ဖြင့် ...

"မလုပ်ပါနဲ့၊ ကျွန်တော်ပဲ ရှင်းလိုက်ပါ့မယ်"

"မိုးပြေ ... လွန်းက ပိုက်ဆံကို လုရှင်းရတာ ရက်တယ်ရှင့်၊ မိုးပြေ လွန်းကို နောက်တစ်ခါမှဝယ်ကျွေးပေါ့၊ ဒီတစ်ခါတော့ လွန်းပဲ ရှင်းလိုက်တော့မယ်နော် ... အိုကေ"

လွန်းရဲ့စကားကြောင့် မိုးပြေသည် ခေါင်းလေးညိတ်ပြပြီး ...

"နောက်တစ်ခါတော့ ကျွန်တော် သေချာပေါက်ရှင်းမယ်နော် လွန်း"

သူ အဲသည်လို ပြောပုံလေးဟာ ဘယ်လိုလေးမှန်းကိုမသိ။ တော်တော်လေးကို soft ဖြစ်ကာ ချစ်စရာကောင်းပေသည်။ လွန်းသည် ပြုံးလိုက်ရင်း peace သင်္ကေတဖြင့် လက်နှစ်ချောင်း ထောင်ပြကာ ...

"စိတ်ချ ... အဲဒီအခါကျမှ မရှင်းတော့ပါဘူး မလုပ်နဲ့နော်"

"မလုပ်ပါဘူးဗျာ"

"ဟား ... ဟား ... ဟုတ်ပါပြီ၊ ကဲ ... ပြန်ကြမယ်လေ"

လွန်းနှင့် မိုးပြေသည် ကန်တင်းထဲမှ ထွက်လာခဲ့သည်။ မိုးပြေကတော့ အတန်းတက်ဖို့အတွက် အတန်းသွားရင်သိပ်မဝေးတော့ပါ။ ဘာဖြစ်လို့လဲဆိုတော့ လွန်းတို့ထိုင်နေသည့်





ကန်တင်းမှာ Physics ဆောင်နှင့် မျက်နှာချင်းဆိုင်မှာ ရှိနေသောကြောင့်ပင်။ လွန်းကတော့ E မေဂျာကို ပြန်ဖို့အတွက် အတော်လေးကို လျှောက်ရပေဦးမည်။

"လွန်း တစ်ယောက်တည်း ပြန်ရမှာပေါ့"

"ဒါပေါ့ ... မိုးပြေရဲ့"

"ဟို ... ကျွန်တော် ပြန်လိုက်ပို့ပေးရမလားဟင်၊ လွန်းတစ်ယောက်တည်းပြန်ရင် အဆင်မပြေဖြစ်မှာ စိုးလို့ပါ"

အဲ ... ဒါလေးတော့မဆိုး။ သူက လူမှုရေးလေးတော့ နားလည်ပါပေါ့လား။ လွန်းသည် အခွင့်ကြုံသည်နှင့် သူ့အကြောင်းကို သူကိုယ်တိုင် ဖွင့်ဟဝန်ခံစေဖို့အတွက် စကားနည်းနည်းအစ်လိုက်သည်။

"နေပါစေ ... တော်ကြာ မိုးပြေရဲ့ကောင်မလေးက အထင်လွဲသွားလို့ ရှင်းမရ ဖြစ်နေပါဦးမယ်"

လွန်းရဲ့စကားကြောင့် မိုးပြေသည် ပျာပျာသလဲကိုငြင်းဆန်လေတော့သည်။

"ဟာ ... ကျွန်တော့်မှာ လုံးဝမရှိပါဘူး လွန်းရယ်"

အိုကေ ... ဒါဆိုရင်တော့ လုံးဝကို သေချာသွားပြီပေါ့။ သူ့မှာ ရည်းစားလုံးဝမရှိဘူး ဆိုတာလေ။ လွန်းသည် အဲသည့်အဖြေလေးကြောင့်ပင် တော်တော့်ကို စိတ်ကျေနပ်ကြည်နူးသွားရလေသည်။

အဲသည်လိုနှင့် မိုးပြေက လွန်းကို အတန်းထိပ်ဝအထိကို သေချာလိုက်ပို့ပေးပြီးမှ သူ့မေဂျာအတန်းဘက်ဆီသို့ ပြန်၏။ လွန်းနှင့် မိုးပြေ ယှဉ်တွဲလျှောက်လာတော့ အချို့ချို့သော သူတော်တော်များများက ကွက်ကြည့် ကွက်ကြည့်ဖြင့် လှေလာနေကြသည်။

လွန်းကတော့ ရီးနေပြီဖြစ်သော သည်အကြည့်တွေကို ရှောင်လွှဲရင်း မိုးစုနှင့် သိမ့်သိမ့် ထိုင်နေရာခုံဆီသို့ လျှောက်လာ၏။ လွန်းရောက်လျှင် ရောက်ခြင်းပင် မိုးစုနှင့် သိမ့်သိမ့်က အကဲခတ်သလို တစ်ချက်ကြည့်ရင်း ...

"အခြေအနေတွေက ဒီလောက်တောင် ဖြစ်နေပြီပေါ့"

"လုံးဝအားကျစရာပဲကွယ်၊ လိုက်တယ်၊ လိုက်တယ်"





မိုးစုနှင့် သိမ့်သိမ့်တို့ရဲ့ အပြောတွေကို နားထောင်ရင်း ရီးသားသော မိုးပြေရဲ့မျက်နှာလေးကို ပြန်မြင်ယောင်လာသောအခါ လွန်းသည် ကျေနပ်စွာကို ပြုံးနေမိတော့သည်။

* ❁ *

## ၇

ငွေမှုန်းသည် ဒီနေ့တော့ ပြဿဒါးလားဆိုပြီးတောင် ပြောရမလို ဖြစ်နေသည်။ သည်နေ့က ကျောင်းအားရက်ဖြစ်သဖြင့် ငွေမှုန်းသည် လွန်းအိမ်သို့သွားကာ သူမအိမ်မှတစ်ဆင့် လျှောက်သွားဖို့ စီစဉ်ထားတာဖြစ်သည်။ အခု သူမအိမ်သို့အသွားလမ်းမှာ ကားပျက်နေ၍ ငွေမှုန်း စိတ်ညစ်နေခြင်းဖြစ်သည်။ ဒရိုင်ဘာ ဦးလေးကြီးကတော့ တတ်သမျှ မှတ်သမျှဖြင့် ပြင်နေပေမယ့် ကားစက်က နိုးမလာ။

"ဦးစိုး ... ကားက ပြန်ကောင်းပါဦးမလား"

"ဦးလည်း ကြိုးစားကြည့်နေပါတယ်"





"ဟင်း ... ဒုက္ခပါပဲ၊ လွန်းနဲ့ချိန်းထားတာ နောက်ကျနေတော့မှာပဲ၊ ခဏစောင့်ကြည့်လို့မှ စက်ကမကောင်းသေးဘူးဆိုရင်တော့ သမီး Taxi ပဲ ငှားသွားလိုက်တော့မယ်"

ငွေမှုန်းသည် ကားကိုမှီ၍ ရပ်နေလိုက်သည်။ ခဏအကြာတွင်တော့ ငွေမှုန်းတို့ကားရှေ့သို့ ကားတစ်စီးက ပိတ်ရပ်လိုက်ကာ ကားပေါ်မှ လူတစ်ယောက် ဆင်းလာကာ ငွေမှုန်းဆီသို့ တန်းတန်းမတ်မတ်ကို လျှောက်လာခဲ့၏။

သူသည် ခပ်သန့်သန့် အမျိုးသားလေးတစ်ဦးပင်။ နီညိုရောင်ရှပ်လက်တိုကို ကွက်စိပ်ပုဆိုးဖြင့် တွဲဖက်ဝတ်ဆင်ကာ ပုံစံက သားနားသန့်ပြန့်နေသည်။ ခပ်တိုတိုရှင်းရှင်း ဆံပင်ပုံစံနှင့် လိုက်ဖက်စွာ သူ့ရဲ့မျက်နှာလေးကလည်း အေးအေးချမ်းချမ်းကို ဖြစ်နေသည်။

ခပ်ထူထူ မျက်ခုံးတို့၏အောက်တွင် ညိုရောင်သမ်း မျက်ဝန်းတစ်စုံရှိ၏။ အဲသည့် မျက်လုံးထဲက အကြည့်တွေသည် ငွေမှုန်းကို ကူညီပေးလိုသည့် အငွေ့အသက်တွေကို မြင်နေရသည်။ ရုတ်တရက်တော့ ဘယ်သူလဲဆိုတာကို ငွေမှုန်း စဉ်းစား၍မရခင်မှာပင် သူက ငွေမှုန်းကို ပြုံးပြကာ စ,နှုတ်ဆက်၏။

"ငွေရည်မွန်း ... ကျွန်တော့်ကို မှတ်မိပါတယ်နော်။ ကျွန်တော် မိုးပြေရှိန်းပါ"

မိုးပြေရှိန်း ... သူ့ကို ငွေမွန်း ကောင်းကောင်းသိသည်။ လွန်ခဲ့တဲ့ရက်က သိခဲ့သော သူ။ ငွေမွန်းသည် ချက်ချင်းပင်မှတ်မိသွားပြီး သူ့ကိုပြုံးပြကာ ...

"ဪ ... မှတ်မိပါတယ်၊ ဘယ်လာတာလဲဟင်"

"ဒီဘက်မှာ ကျူရှင်တက်ပြီးတော့ အခု ပြန်လာတာလေ၊ အဲဒါ ငွေရည်မွန်းကိုတွေ့လို့ လာနှုတ်ဆက်တာပါ၊ ဟို ... အခက်အခဲတစ်ခုခု ဖြစ်နေတယ် ထင်တယ်၊ ကျွန်တော် ဘာကူညီပေးရမလဲဟင်"

"ဟုတ် ... ငွေမွန်းတို့ကားက ပျက်နေလို့"

ငွေမွန်ရဲ့စကားကြောင့် သူသည် တစ်ချက်စဉ်းစားလိုက်ပြီးမှ ...

"ဟို ... ကျွန်တော်က ကားပဲမောင်းတတ်တာ သိပ်တော့ မပြင်တတ်ဘူး ... ဟဲ ဟဲ၊ ဪ ... ဒါနဲ့ ငွေရည်မွန်း အရေးတကြီးသွားစရာရှိရင် ကျွန်တော် လိုက်ပို့ပေးမယ်လေ"





သူ့ရဲ့အပြောကြောင့် ငွေမွန်းသည် လိုက်သင့်မလိုက်သင့် စဉ်းစားလိုက်သည်။ ဒီနေရာက ပြောရမည် ဆိုရင်တော့ Taxi နည်းနည်းပြတ်သည်။ မိုးပြေရှိန်း ဆိုတာကလည်း ဖေဖေနှင့် မေမေတို့ရဲ့ အရင်းနှီးဆုံးမိတ်ဆွေရဲ့သား။ ငွေမွန်းသည် သိပ်ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ သူနှင့်လိုက်ဖို့သာ ဆုံးဖြတ်တော့သည်။

"ငွေမွန်းက သူငယ်ချင်းတစ်ယောက်အိမ်ကို သွားမလို့၊ ဟို ... ကိုမိုးပြေရှိန်းက ဘယ်သွားမှာလဲ မသိဘူး"

"ကျွန်တော်က အိမ်ပဲပြန်မှာ၊ ငွေရည်မွန်း သွားချင်တဲ့နေရာကိုသာ ပြောပါ အားမနာပါနဲ့၊ ကျွန်တော် လိုက်ပို့ပေးပါ့မယ်၊ လာလေ သွားကြမယ်"

ငွေမွန်းသည် ခေါင်းလေးတစ်ချက် ဆတ်ပြပြီး ဒရိုင်ဘာဦးလေးကြီးကို မှာစရာရှိတာမှာကာ မိုးပြေရှိန်းရဲ့ကားပေါ်သို့ တက်လိုက်သွားတော့သည်။ ကားပေါ်မှာ ငွေမွန်းနှင့် မိုးပြေတို့ တော်တော်လေးကို စကားပြောဖြစ်၏။

"ငွေရည်မွန်းက နည်းပညာ တက်နေတာနော်"

"ဟုတ်ပါတယ် ကိုမိုးပြေရှိန်း"

ငွေမှုန်းရဲ့အပြောကြောင့် သူသည် မျက်နှာလေးကို ရှုံ့မဲ့ပြပြီးတော့မှ ပြုံးလိုက်ရင်း ...

"အာ ... ငွေရည်မှုန်းကလည်း ကျွန်တော်တို့က သူငယ်ချင်းတွေလေ၊ ကို့,တပ်ခေါ်စရာ မလိုပါဘူး၊ ကျွန်တော့်ကို အားလုံးက မိုးပြေလို့ပဲ ခေါ်ကြတယ်"

"ဟုတ် ... ငွေမှုန်းကိုလည်း အားလုံးက ငွေမှုန်းလို့ပဲ ခေါ်ကြပါတယ် မိုးပြေ"

"ကဲ ... ဒါဆို ကျွန်တော်တို့ သူငယ်ချင်းတွေ ဖြစ်ပြီနော် ငွေမှုန်း"

"ဒါပေါ့"

ငွေမှုန်းနှင့် မိုးပြေသည် စကားတပြောပြောဖြင့်ပင် လွှန်းတို့ရဲ့အိမ်ရှေ့သို့ ရောက်လာခဲ့သည်။

"ရပြီ ... မိုးပြေ၊ အဲသည်နားဆို ရပ်လို့ရပါပြီ"

ငွေမှုန်းရဲ့စကားကြောင့် မိုးပြေသည် ကားကို ရပ်ပေးလိုက်သည်။ ကားပေါ်ကဆင်းခါနီးတွင်တော့ ငွေမှုန်းသည် ကျေးဇူးတင်စကားကို ဆိုလိုက်ပြီး ...





"Thank you မိုးပြေ၊ လိုက်ပို့ပေးတဲ့အတွက် နောက်မှ မိုးပြေကို မုန့်လိုက်ကျွေးတော့မယ်"

"ရပါတယ်ဗျာ၊ ငွေမှုန်း အပြန်ကျတော့ကော ကျွန်တော် လာကြိုပေးရမလား"

"ရတယ် မိုးပြေရဲ့၊ သူငယ်ချင်း ပြန်လိုက်ပို့ပေးမှာ"

"အင်း ... အင်း၊ သွားမယ်နော်"

မိုးပြေရဲ့ကားလေးထွက်သွားသည်နှင့် ငွေမှုန်းသည် လွှန်းရဲ့အိမ်ရှိရာ ကွန်ဒိုဆီသို့ လျှောက်လာပြီး lift ဖြင့် တက်လာခဲ့သည်။

"ဟိုင်း ... ငွေမှုန်း၊ နောက်ကျလိုက်တာဟယ်"

"အေးဟယ် ... ကားပျက်သွားလို့ဟဲ့၊ တော်သေးတယ် သူငယ်ချင်းတစ်ယောက်နဲ့တွေ့ပြီး သူက လိုက်ပို့ပေးလို့"

"သြော် ... ကဲ ... ငါတို့ ဒီနေ့ ဘာတွေလုပ်ကြမလဲ"

ငွေမှုန်းနှင့် လွှန်းသည် တစ်ပတ်ကို အနည်းဆုံး တစ်ရက်လောက်တော့ တွေ့ဖြစ်ကြသည်။ သည်ကနေ့တွင်တော့

ငွေမှုန်းသည် ခါတိုင်းလို အပြင်တွေ လျှောက်မသွားချင်တော့ဘဲ လွန်းရဲ့အိမ်မှာပဲ အေးအေးဆေးဆေး စကားပြောချင်စိတ်ရှိသည်။ ဒါကြောင့်ပင် ငွေမှုန်းသည် လွန်းကို လက်ခါပြလိုက်ပြီး ...

"ဒီနေ့တော့ အိမ်မှာပဲ အေးဆေးနေကြမယ်ဟယ်၊ အပြင်မှာက ပူတယ်ဟဲ့"

"OK ... စာရေးဆရာမ၊ ငါတို့ ဒီနေ့ ရုပ်ရှင်ကြည့်မယ်၊ Game ဆော့မယ်၊ ငါ ကိုရီးယား series တွေ ဝယ်ထားသေးတယ်"

လွန်း ပြောမှပဲ ငွေမှုန်းသည် တစ်စုံတစ်ခုကို သွားသတိရသွားပြီး ...

"သြော် ... ဒါနဲ့ ပြောရဦးမယ်၊ နင်တို့ ဒဂုံကို ငါ လာလည်မလို့"

"ဟယ် ... တကယ်"

"ဟုတ်တယ်၊ ငါ ကုန်ကြမ်းလာရှာတယ်လို့ သဘောထားပေါ့"





"အေးပါ ... အေးပါ၊ ဘယ်နေ့လာမလဲ"

"နေဦး ... လာမယ့်နေ့ကျရင် ဖုန်းဆက်လိုက်မယ်လေ၊ ရှေ့တစ်ပတ်ထဲ လာဖြစ်မယ်"

"အိုကေ"

အဲသည်လိုဖြင့် ငွေမှုန်းနှင့်လွန်းသည် တစ်နေ့တာလုံး TV ကြည့်လိုက် game ဆော့လိုက်ဖြင့် အချိန်ကုန်လေ၏။ TV ကြည့်နေရင်းဖြင့် လွန်းသည် ငွေမှုန်းကို တစ်ချက်ကြည့်လိုက်ပြီး ...

"မှန်မှန်ပြောစမ်း၊ ဘဲဘဲ ရနေပြီလား"

အဆက်အစပ်မရှိ မေးလာသော လွန်းရဲ့မေးခွန်းကြောင့် ငွေမှုန်းသည် လွန်းကို ပြူးစိစိမျက်နှာထားဖြင့် ကြည့်လိုက်စဉ် လွန်းက အကဲခတ်သလို ထပ်ကြည့်ရင်း ...

"ကြည့်စမ်း ... ငါမေးတာ မဖြေဘဲနှင့် ပြူးစိစိ လုပ်နေပုံထောက်ရင် သေချာတယ် ရှိနေပြီပေါ့"

"အာ ... ဟုတ်ပါဘူးဟယ် မရှိရပါဘူး"

"တကယ်"

ငွေမှုန်းသည် လွန်းကို ချစ်စဖွယ်ကောင်းစွာ ခေါင်းညိတ်ပြလိုက်သည်။ ငွေမှုန်းရဲ့ချစ်စဖွယ်အမူအရာကြောင့် လွန်းသည် ငွေမှုန်းရဲ့ပါးလေးကို ချစ်စနိုး လိမ်ဆွဲလိုက်ပြီး ...

"အင်းပါ ... ဒီလောက်ချစ်ဖို့ကောင်းတဲ့ သူငယ်ချင်းလေးကို ရတဲ့ဘဲကတော့ လုံးဝ Lucky man ပဲ"

လွန်းရဲ့စကားကြောင့် ငွေမှုန်းသည် ဟက်ဟက်ပက်ပက်ကို ရယ်မောလိုက်ပြီးမှ ...

"နင် သူများကိုသာ ပြောနေတယ်၊ နင်ကော ရှိနေပြီလား လွန်း"

ငွေမှုန်းရဲ့မေးခွန်းကြောင့် လွန်းသည် မျက်ခုံးလေး ပင့်လိုက်ပြီးမှ ...

"အဟဲ ... ရှိသေးဘူး but လုံးဝ အသန့်စား အလန်းစား ဘဲတစ်ကောင်တော့ တွေ့ထားတယ်"

"ဟယ် ... ဟုတ်တယ်၊ ဘယ်သူလဲ"

ငွေမှုန်းက အလောတကြီး သိလိုသောစိတ်ဖြင့် မေးသောအခါ လွန်းသည် ငွေမှုန်းရဲ့ခေါင်းလေးကို ဆတ်ခနဲ အသာထုလိုက်ရင်း ...





"ပြောမယ်လေ ကလေးမရဲ့၊ ကလေးမကလည်းစိတ်ချည်းပဲ"

"အမယ်လေး ပြောစမ်းပါ"

"ဒီလိုဟ ... သူက ငါတို့တက္ကသိုလ်ကပဲ ဖစ်ဆစ်စ်မေဂျာကလေ၊ ဒီဇိုင်းကနော် လုံးဝသန့်ပြန့်နေတာပဲ၊ ဒီဘက်ခေတ်ထဲမှာ တွေ့ရခဲတဲ့ အဖိုးတန်တဲ့ အမျိုးမှန်လေးဟဲ့ ... အင်း ... သူက စိတ်ဝင်စားဖို့ အရမ်းကောင်းတယ်"

"ဟုတ်တယ် ... ဘာလဲ လွန်း၊ နင် သူ့ကိုခိုက်နေပြီလား"

ငွေမှုန်းမေးတဲ့ မေးခွန်းကြောင့် လွန်းသည် တဒင်္ဂတော့ တွေဝေသွားသည်။ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်မေးကြည့်မိ၏။ လွန်းသည် မိုးပြေကို တကယ်ပင် ကြိုက်သွားခဲ့ပြီလား။ အဲသလိုတော့ မဖြစ်နိုင်။ လွန်းနှင့် မိုးပြေ တွေ့ဆုံခဲ့သည့် အချိန်ကာလသည် ဘယ်လောက်မှ မရှိသေး။ မိုးပြေရဲ့ပုံစံသည် လွန်းမြင်တွေ့နေကြမဟုတ်သည့် ရိုးရှင်းသောပုံလေး ဖြစ်သော့ကြောင့် လွန်း စိတ်ဝင်စားမိတာ ဖြစ်နိုင်ပေသည်။

"ဝေး ... ငုတ်တုတ်ကြီးများ မေ့နေသလား လွန်း"

"ဟဲ့ ... ဟုတ်ပါဘူးဟ၊ နင်မေးတဲ့ မေးခွန်းကိုဖြေဖို့အတွက် စဉ်းစားနေတာ"

လွန်းရဲ့စကားကြောင့် ငွေမှုန်းသည် ပြောလေဆိုသော သဘောဖြင့် မေးဆတ်ပြလိုက်သည်။

"အင်း ... ဘယ်လိုပြောမလဲဟာ၊ သူက တစ်မျိုးလေးဆန်းနေတော့ စိတ်ဝင်စားမိသလိုလိုလောက်ပဲ ရှိပါတယ်ဟာ၊ ကြိုက်တာတို့ ခိုက်တာတို့ မရှိသေးဘူး"

"ဟုတ်ပါပြီ ... ယုံလိုက်ပါ့မယ်"

"အမယ် ... ငါက ရည်းစားထားဖို့ကို စာမပိတ် စိတ်မပါသေး"

"ဟုတ်ပြီ ... ငါ နာရီကြည့်ပြီး အချိန်မှတ်ထားလိုက်မယ်နော်၊ တော်ကြာ ဒီစကားပြောဖူးတာကို နင် မေ့နေမှာစိုးလို့"

ငွေမှုန်းရဲ့ ပြောင်စပ်စပ်စကားကြောင့် လွန်းသည် မျက်နှာလေးကို ရှုံ့ပြလိုက်သည်။ ငွေမှုန်း ပြောသလိုမျိုးပဲ သည်စကား ပြောဖူးခဲ့တာကို မမေ့စေဖို့ လွန်း အမြဲမှတ်သားနေရပေမည်။

ဒါမှပဲ သည်စကားကို ပြောင်းလဲချင်လာတဲ့အခါ အကြောင်းပြချက် တစ်ခုခုပေးလို့ ရမှာပေါ့။

* ✿ *





နှိုးစက်မှ Alarm မြည်သံကြောင့် ငွေမှုန်းသည် အိပ်မှုန်စုံမွှားဖြင့် နာရီ Alarm ကိုပိတ်ကာ အိပ်ရာမှ လူးလဲထလာခဲ့သည်။ ရေမိုးချိုး မျက်နှာသစ်သွားတိုက်ပြီးလျှင်တော့ ငွေမှုန်းသည် tissue box ထဲမှ tissue နှစ်ရွက်သုံးရွက်ကိုယူကာ မျက်နှာကို သုတ်လိုက်သည်။ ထုံးစံအတိုင်း မျက်နှာကို နို့ရည်နှစ်စက်သုံးစက်လောက် ပွတ်လိမ်းလိုက်ပြီး puff ရိုက်ဖို့အတွက် two way cake ဘူးလေးကို လှမ်းယူလိုက်စဉ်တွင်တော့ တစ်ချိန်တည်းမှာပင် ငွေမှုန်းရဲ့ ဟန်းဖုန်းလေးက ထ၍မြည်လာသည်။ ငွေမှုန်းသည် လွန်းဆီကဆိုတာ သိသဖြင့် ဖုန်းကို ခပ်သွက်သွက်လေး ကောက်ကိုင်လိုက်သည်။

"အင်း ... လွန်းရေ ပြော"

"ငွေမှုန်းရေ ... ဒီနေ့ သင်တန်းကို နင် အရင်သွားနှင့်လိုက်တော့ ငါ မေမေခိုင်းထားတဲ့ ကိစ္စလုပ်ပြီးမှပဲ လာတော့မယ်၊ နည်းနည်း နောက်ကျမယ် သိလား"

လွန်းက နည်းနည်းနောက်ကျမယ် ဆိုသဖြင့် ငွေမှုန်း နည်းနည်းတော့ စိတ်ညစ်သွားသည်။ ဒီနေ့က လွန်းနှင့် ငွေမှုန်း တို့နှစ်ယောက် graphic သင်တန်း ပထမဆုံး သွားတက်ရမည့် နေ့ဖြစ်သည်။ ဘယ်သွားသွား လွန်းနှင့်အတူ သွားတက်သော ငွေမှုန်းသည် သင်တန်းစတက်ရမည့်နေ့မှာ လွန်းက နောက်ကျမှ လာမည်ဆိုတော့ စိတ်တော့ညစ်သွားရသည်။

"ဟဲ့ ... သိလားလို့"

"အေးပါ ... ငါ့ဘာသာပဲ သင်တန်းသွားလိုက်ပါ့မယ်၊ ဟဲ့ ... လွန်း တတ်နိုင်သမျှတော့ စောလာနော်"

"အေးပါ ... အချစ်ရဲ့ လာခဲ့ပါ့မယ်၊ ဒါပဲနော် ... ဘိုင့်ဘိုင်"

ငွေမှုန်းသည် လွန်းနှင့် ဖုန်းပြောပြီးသည့်နောက်တွင်တော့ ကိုယ့်ကိုယ်ကိုယ် မှန်ထဲ တစ်ချက်ကြည့်ရင်း မျက်နှာလေးရှုံ့လိုက်မိ၏။ ပြီးလျှင်တော့ puff လိမ်း အဝတ်လဲကာ





အောက်ထပ်သို့ ဆင်းလာခဲ့၏။ ဖေဖေနှင့် မေမေက breakfast စားရန်အတွက် ငွေမှုန်းကို စောင့်နေကြသည်။

"မောနင်း ... ဖေဖေနဲ့ မေမေ"

"မောနင်း သမီးလေး၊ ဒီနေ့ သင်တန်းစတက်ရမှာနော်၊ လွန်းနဲ့ သွားမှာမလား"

ဖေဖေ့ရဲ့မေးခွန်းကြောင့် ငွေမှုန်းသည် ခေါင်းလေး ယမ်းခါပြလိုက်ပြီး ...

"ဟုတ်ဘူး ဖေ ... လွန်းက သူ့မေမေခိုင်းထားတဲ့ကိစ္စ သွားလုပ်ပြီးမှ သင်တန်းကို လာမှာ"

"ဩော် ... ဒါဖြင့် သမီးဘာသာ သွားမှာပေါ့၊ ကားကိုယူသွားမလား၊ ဒါမှမဟုတ် ဖေဖေ ကိုစိုးကို အကြိုအပို့လုပ်ခိုင်းရမလား"

ငွေမှုန်းသည် တစ်ချက်တော့ စဉ်းစားလိုက်သည်။ ကားတော့ ငွေမှုန်း ယူမသွားချင်ပါ။ ကားမောင်းခြင်းအတတ်ပညာကို လွန်းနှင့်အတူ ရှစ်တန်းလောက်ကတည်းက မသင်မဖြစ် ပုံစံမျိုးနှင့် အတတ်သင်ထားသော်လည်း များသောအားဖြင့်တော့

ငွေမှုန်းက ကားမမောင်းဖြစ်တာများသည်။ အခုလည်း သင်တန်းအသွားကို ဦးစိုးကိုသာ လိုက်ပို့ခိုင်းလိုက်ပြီး အပြန်ကိုတော့ လွှန်းကို ပြန်လိုက်ပို့ခိုင်းရမည်။ အဲသည့်အတွေးနှင့်အတူ ငွေမှုန်းသည် ဖေဖေ့ကို လှမ်းပြောလိုက်သည်။

"ရတယ် ဖေဖေ၊ ဦးစိုးကိုပဲ ပို့ခိုင်းလိုက်တော့မယ်၊ အပြန်ကျရင်တော့ လွှန်းကို ပို့ခိုင်းမယ်လေ၊ သမီး ကားမယူတော့ဘူး"

"ကောင်းပါပြီဗျာ ... သမီးသဘော၊ ကဲ ... ဖေဖေကုမ္ပဏီသွားပြီ တာ့တာ ... ချိုရေ သွားပြီဟေ့"

ငွေမှုန်းနှင့် မေမေသည် ဖေဖေ့ကို ပေါ်တီကိုအထိ လိုက်ပို့ပေးပြီး ဖေဖေ့ရဲ့ကား ထွက်သွားမှပဲ ငွေမှုန်းတို့ အိမ်ထဲပြန်ဝင်ကြသည်။ မေမေ ဟင်းချက်တာကို နည်းနည်းလောက် ကူညီပေးပြီးသည့်နောက်တွင်တော့ ငွေမှုန်းသည် သင်တန်းသွားဖို့အတွက် ပြင်ဆင်လိုက်တော့သည်။

"မေမေရေ ... သမီး သွားပြီနော်"

"ဟုတ်ပြီ၊ သမီးလေး ကောင်းကောင်းသွားနော်"





မေမေ့ကို နှုတ်ဆက်ပြီးနောက် ကားလေးသည်လည်း ခြံထဲမှ မောင်းထွက်လာတော့သည်။ ငွေမှုန်းသည် သင်တန်းသို့ ရောက်သည်အထိ ipod နားထောင်ရင်း ပတ်ဝန်းကျင်အလှတို့ကို ခံစားလာခဲ့လေသည်။

ငွေမှုန်း သင်တန်းရောက်လာသည့်အခါတွင်တော့ တကယ့်ကို အံ့ဩဖွယ်ရာ အဖြစ်အပျက်တစ်ခုကို မြင်တွေ့လိုက်ရသည်။ ထိုအဖြစ်အပျက်ကတော့ သင်တန်းမှာ မိုးပြေရှိန်းဆိုသော အမျိုးသားလေးကို ငွေမှုန်း တွေ့လိုက်ရသည်။

သူ ... သူလည်း ဒီမှာ သင်တန်းလာတက်တယ်ပေါ့။

ငွေမှုန်းကိုလည်း မြင်ရော သူလည်း အံ့ဩသွားပြီး ချက်ချင်းပင် အပြုံးတစ်ခု ငွေမှုန်းအားပေး၏။ ငွေမှုန်းသည်လည်း အသိအမှတ်ပြုသော အပြုံးတစ်ခုကို ပြန်လည်တုံ့ပြန်လိုက်၏။

"ငွေမှုန်း ... ဒီမှာ သင်တန်းလာတက်တာလား"

"ဟုတ်ကဲ့ ... မိုးပြေကော"

ငွေမှုန်း မေးတော့ မိုးပြေသည် ချစ်စရာကောင်းစွာ ခေါင်းလေးတစ်ချက် ဆတ်ပြလိုက်ပြီးမှ ...

"ဟုတ်တယ် ... ကျွန်တော်က ဒီနေ့မှ သင်တန်းစတက်မှာ graphic တက်မှာလေ၊ ငွေမှုန်းကော"

ဟယ်တော့ ... အံ့ရော။ အင်း ... တိုက်ဆိုင်မှုကတော့ တကယ့်ကို အံ့ဖွယ်ပါပဲ။

"ငွေမှုန်းလည်း graphic ပဲ တက်မှာ"

"ဟား ... ဝမ်းသာစရာပဲ၊ ကျွန်တော်နဲ့ ငွေမှုန်းက တော်တော်တိုက်ဆိုင်တာပဲ"

ထိုစဉ်မှာ သင်တန်းမှ တာဝန်ကျဆရာမက သင်တန်းခန်းမတွင်းသို့ဝင်ရန် ပြောသဖြင့် ငွေမှုန်းကော မိုးပြေပါ သင်တန်းခန်းတွင်းသို့ ဝင်လာခဲ့ကြသည်။ ငွေမှုန်းနှင့် မိုးပြေသည် ဘေးချင်းကပ်ပဲ ထိုင်လိုက်ကြတော့သည်။ ဘေးတွင်ရှိနေသေးသော နေရာတစ်ခုကတော့ လွန်းအတွက် ချန်ထားရမည်ဟု ငွေမှုန်း စိတ်ထဲ တွေးမှတ်ထားလိုက်သည်။

သင်တန်းချိန်တောင် ပြီးတော့မယ်၊ လွန်းကတော့ အခုထိကို ပေါ်မလာသေး။

"ကဲ ... ဒီနေ့တော့ ဒီလောက်ပါပဲ သင်တန်းသားတို့"





လွန်းကတော့ မလာတော့ဘူးဆိုတာ ပိုလို့တောင် သေချာသွားပေပြီ။ အဲ ... အဲဒါမှ အခက်ပင်။ ငွေမှုန်းသည် အိမ်ကိုလည်း ပြန်လာမကြိုဖို့ မှာထားပြီးသား။ ခု လွန်းကလည်း မလာဘူးဆိုတော့ ...။

"ငွေမှုန်းမှာ ကားမပါဘူးထင်တယ်"

ငွေမှုန်း တွေးနေတုန်းမှာပင် ဘေးကနေ ကြားလိုက်ရသော စကားသံကြောင့် အတွေးစတို့ ပြတ်တောက်သွားကာ မိုးပြေဘက်သို့ မျက်နှာကိုလှည့်လိုက်ရင်း သူမေးတာကို ဖြေလိုက်သည်။

"ဟုတ်ကဲ့"

"ဟို ... ဒါဆို ကျွန်တော် ပြန်လိုက်ပို့ပေးမယ်လေ"

"ရပါတယ် မိုးပြေ၊ ငွေမှုန်း Taxi နဲ့ပဲ ပြန်လိုက်တော့မယ်"

"အာ ... မဟုတ်တာ ငွေမှုန်းကလည်း၊ သူငယ်ချင်းတွေပဲဖြစ်နေပြီဟာ၊ ကျွန်တော့်ကို အားမနာပါနဲ့၊ လမ်းလည်း သင့်နေတာပဲ၊ ဘာမှ အပန်းမကြီးပါဘူး၊ လိုက်ခဲ့ပါ"

အတင်းကာရောကြီး ပြောနေသော မိုးပြေကြောင့် ငွေမှုန်းသည် ဘာပြန်ပြောရမှန်း မသိအောင်ကို ဒုက္ခရောက်နေခဲ့သည်။ အင်း ... ပြဿနာပဲ လွန်းရေ။ နင်ပေးတဲ့ကျိုင်က ငါ့ကို ရှော့ခ်တက်စေပြီလေ။

"ကျွန်တော့်ကို ခင်တယ်ဆိုရင်တော့ ငွေမှုန်းကို အိမ်ပြန်လိုက်ပို့ခွင့်လေး ပေးပါနော်"

ကဲ ... မိုးပြေရဲ့ အဲဒီတော်ကီလ်ဟာ လူတစ်ယောက်ရဲ့စိတ်ကို ဒီလောက်ထိ ချုပ်နိုင်တယ်။ ဘယ်လိုမှ ငြင်းဆန်ဖို့ မကောင်းတော့သောကြောင့် မိုးပြေ ပြန်လိုက်ပို့ပေးတာကို လက်ခံလိုက်ရတော့သည်။

"အဲဒါဆိုရင်တော့ လိုက်ပို့ပေးတာကို လက်ခံရတော့မှာပေါ့ရှင်"

ငွေမှုန်းရဲ့အပြောကြောင့် မိုးပြေသည် နှစ်လိုဖွယ် အပြုံးလေးတစ်ခုကို ပြုံးပြလိုက်ပြီး အားရဝမ်းသာသော လေသံဖြင့် ...





"ဟား ... ဝမ်းသာလိုက်တာ ငွေမှုန်းရယ်၊ ကျွန်တော့်ကို ခင်တဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်"

"မဟုတ်တာ မိုးပြေရယ်၊ ငွေမှုန်းကတောင် မိုးပြေ အိမ်ပြန်လိုက်ပို့ပေးတဲ့အတွက် ကျေးဇူးတင်ရဦးမယ်"

"ရပါတယ်ဗျာ၊ ကဲ ... သွားကြရအောင်လေ"

ငွေမှုန်းသည် ခေါင်းညိတ်ပြလိုက်ပြီး သူနှင့်အတူ အေးချင်းယှဉ်ကာ လျှောက်လာခဲ့သည်။ စိတ်ထဲတွင်တော့ ဟိုမိန်းမ လွန်းကိုပဲ ကောင်းကောင်းမေတ္တာပို့နေတော့သည်။

"ငွေမှုန်းက စာရေးတယ်ဆို"

အယ် ... ကြည့်စမ်း။ ဒီကိစ္စကို သူ ဘယ်လိုများ သိသွားတာပါလိမ့်။ ငွေမှုန်းလည်း တစ်ခါမှ မပြောပြခဲ့ဖူးပါဘူး။

"ဘယ်လိုသိတာလဲဟင်"

ငွေမှုန်းက မေးလိုက်တော့ သူသည် ကားမောင်းနေရင်းကမှ ငွေမှုန်းကို တစ်ချက်ငဲ့ကြည့်ကာ စကားဆို၏။

"ကျွန်တော့်ကို ဖေဖေက စကားဆက်မိပြီး ပြောပြလို့ပါ"

"ဪ"

"ငွေမှုန်းက အရမ်းတော်တာပဲနော်၊ စာရေးတတ်တယ်ဆိုတာ တော်တော်ထူးခြားတဲ့ ပါရမီဗျ၊ ကျွန်တော်လည်း စာပေကို ဝါသနာပါတယ်၊ ဒါပေမဲ့ ရေးတော့မရေးတတ်ဘူး ... အဟဲ"

ဝါသနာတူချင်းတော့ လာတွေ့နေပြန်ပါပြီ။ ငွေမှုန်းသည် ငယ်စဉ်ကတည်းက စာအုပ်စာပေကို crazy ဖြစ်သူဖြစ်သည်။ စာပေနှင့် ပတ်သက်သည့် အကြောင်းအရာများ ပြောမိလိုက်လျှင် စကားပြတ်သည်ကို မရှိတော့။

"စာရေးဆရာတွေ စာရေးဆရာမတွေဆိုတာ သိပ်ကိုထူးချွန်တဲ့သူတွေလို့ ကျွန်တော်ကတော့ မြင်တယ်၊ သူတို့တွေက တော်ရုံမတွေးခဲတဲ့ အရာလေးတွေကို စာသားအနုအရွလေးတွေနှင့် တင်ပြနိုင်တာကိုက သူတို့ရဲ့ထူးခြားတဲ့ပါရမီပဲလေ"

"အင်း ... ဟုတ်တယ်နော်"

စကားတပြောပြောနှင့်ပင် ငွေမှုန်းတို့အိမ်သို့ ရောက်လာခဲ့ပေသည်။ ငွေမှုန်းသည် ကားပေါ်ကမဆင်းခင် သူ့ကို ကျေးဇူးတင်စွာဖြင့် တစ်ချက်ပြုံးပြလိုက်ပြီး ...





"အိမ်ထဲဝင်ဦးလေး မိုးပြေ၊ တစ်ခုခု သုံးဆောင်ပါဦး"

"တော်ပြီ ငွေမှုန်း၊ ကျွန်တော် ပြန်တော့မယ်၊ နောက်ကြုံမှပဲ ငွေမှုန်း မုန့်လိုက်ကျွေးပေါ့ ... နော်"

မိုးပြေ အပြောကြောင့် ငွေမှုန်းသည် လေးနက်စွာဖြင့်ကို ခေါင်းညိတ်ပြလိုက်ပြီး ...

"စိတ်ချ ... မိုးပြေကို နောက်တစ်ခါ သေချာပေါက်ကို မုန့်ဝယ်ကျွေးမယ် promise ...

ဒီနေ့အတွက် Thank you နော်"

ငွေမှုန်းသည် ကားပေါ်ကဆင်းလိုက်ပြီး မိုးပြေကို နှုတ်ဆက်လိုက်တော့သည်။ မိုးပြေရဲ့ကားလေးကတော့ ပုံမှန်နှုန်းလေးဖြင့် ငွေမှုန်းအနားက ထွက်ခွာသွားတော့သည်။ သူ့ရဲ့ကားထွက်သွားသည်နှင့် ငွေမှုန်းသည် အိမ်ထဲသို့ ဝင်လာခဲ့တော့သည်။

ထိုအတူ ရင်ဘတ်ထဲတွင်တော့ ပျော်ရွှင်ခြင်းလား။ ကြည်နူးခြင်းလား သေချာရေရာစွာ ခေါင်းစဉ်တပ်လို့မရသော ခံစားမှုတစ်ခုက နေရာယူ ပိုင်စိုးထားခဲ့တော့သည်။

* ❁ *

# ၄

မိုးပြေသည် အိမ်ရာဝင်ခါနီးတိုင်း နွားနို့တစ်ခွက် ပုံမှန်သောက်နေကြဖြစ်သည်။ သည်နေ့ညလည်း နွားနို့သောက်ပြီး အိပ်ရာဝင်တော့မည် လုပ်ကာမှ ဖြုန်းဆို ခေါင်းထဲတွင် အတွေးနှစ်ခုက တစ်ပြိုင်နက် ဝင်ရောက်လာတော့သည်။

လွန်း ... ငွေမှုန်း ...။

သူမတို့နှစ်ယောက်ကို မိုးပြေသည် အခြားသူတွေနှင့်မတူသော ခင်မင်မှုမျိုးနှင့်ကို ထူးခြားစွာ ခင်မင်နေမိသည်။ သူမတို့နှစ်ယောက်နှင့် စတင်ခင်မင်ခဲ့တာလည်း တိုက်တိုက်ဆိုင်ဆိုင် တစ်နေ့တည်းမှာပင်ဖြစ်သည်။ လွန်းကို မနက်ပိုင်းမှာ သိခဲ့ရပြီး ငွေမှုန်းကိုတော့ ညပိုင်းမှာ ဖေဖေတို့နှင့် ဘုရားပင့်အလှူကို လိုက်သွားရင်း သိလာခဲ့ရသည်။





ငွေမှုန်းကို မှတ်မှတ်ရရ သတိထားမိသည်က အရည်ရွှန်းလဲ့နေကာ ကြည်လင်နေသော မျက်ဝန်းနက်နက်လေးတွေကြောင့်ဖြစ်သည်။ ငွေမှုန်းရဲ့အကြည့်တစ်ချက်ဟာ သူ့အတွက်တော့ သိမ့်ခနဲ လှိုက်ခါသွားသော ခံစားချက်တစ်မျိုးကို ဖြစ်ပေါ်စေသည်။ စင်ရော်တောင်လို သွယ်တန်းနေသော မျက်ခုံးလေးတွေရဲ့အောက်မှာ စူးရှတောက်ပစွာ ရှိနေသည့် အဲသည့်မျက်ဝန်းနက်လေးကြောင့် သူ့ရင်ထဲ တစ်မျိုးတော့ ဖြစ်ဖြစ်သွားသည်။

အဲသည်လိုပင် လွန်းနှင့်တွေ့သည့်အခါတိုင်းမှာလည်း ဘာရယ်ဆိုပြီး ကွဲကွဲပြားပြား မသိနိုင်သော ခံစားချက်တို့က ရှိလာပြန်သည်။ သွက်လက်ပွင့်လင်းသော လွန်းကလည်း သူ့အတွက်တော့ ခင်ဖို့ကောင်းသောသူတစ်ယောက်ပင်။

သူမတို့နှစ်ယောက်နှင့် ပတ်သက်မိပြီးမှပဲ မိုးပြေရဲ့ရင်ထဲ ဘာမှန်းမသိတဲ့ ခံစားချက်တို့က ပေါ်လို့လာလေ၏။ အဲဒါကို ဘာလို့ခေါ်လေမလဲ။ ရမ်းသမ်းပြီး အချစ်လို့လည်း ခေါင်းစဉ်ထမတပ်ချင်။ ဒါမျိုးဆိုတာက အတွေ့အကြုံ ရင့်ကျက်ပါသော အချစ်ပါမောက္ခကြီးများထံမှာ စနည်းနာမှ။ အင်း ...

မနက်ကျောင်းသွားရင်တော့ ဒီခံစားချက်ကို ဘာဆိုတာ ကောက်ချက်ချနိုင်ဖို့ အချစ်ပါမောက္ခကြီး ပိုင်စိုးထံမှာ တီးခေါက်ကြည့်ဦးမည်။

ဘယ်လိုပဲဖြစ်ဖြစ် မိုးပြေသည် ဖြစ်ပေါ်လာသည့် ခံစားမှုအတွက် အဖြေတစ်ခုတော့ တိကျပြတ်သားစွာ သိချင်နေပါသည်။

* ✿ *





မနက်ပိုင်း ကျူတိုရီရယ် ပြေပြီးသွားသည်နှင့် မိုးပြေသည် ပိုင်စိုးတို့အုပ်စုနှင့်အတူ ကန်တင်းဘက်သို့ ထွက်လာခဲ့သည်။ ကန်တင်းထိုင်လေ့မရှိသော မိုးပြေ သည်နေ့ ကန်တင်းထိုင်သည်ဆိုတော့ ပိုင်စိုးတို့က မိုးပြေကို အကဲခတ်ရင်းက လှမ်းမေး၏။

"ကဲ ... ဘော်ဒါ အကြံအစည် တစ်ခုခုတော့ ရှိရမယ်၊ ဟုတ်တယ်ဟုတ်"

ပြောင်စပ်စပ် မေးလာသော ပိုင်စိုး အမေးကြောင့် မိုးပြေသည် တစ်ချက် ပြုံးလိုက်ပြီး ...

"ဟုတ်တယ် ... မင်းတို့ကို သိချင်တာလေးတွေ မေးမလို့"

"ဘာအကြောင်းလဲ"

"အချစ်ဆိုတာ ဘာလဲ"

မိုးပြေရဲ့အမေးကြောင့် ပိုင်စိုးသည် ဟက်ဟက်ပက်ပက်ကို ရယ်မောလိုက်ပြီးမှ မိုးပြေရဲ့ပခုံးကို လှမ်းပုတ်လိုက်ပြီး ...

"သီချင်းထဲကလိုပေါ့ကွာ၊ အချစ်ဆိုတာ ဆားလိုပဲ သူမရှိတဲ့အခါ ပေါ့နေတာလေ၊ အဲသလိုပေါ့ ...

ဘာလဲ ဖယားလေးတွေကို တွေ့ပြီပေါ့"

ပိုင်စိုးရဲ့မေးခွန်းကြောင့် မိုးပြေသည် တစ်ချက်လောက် စဉ်းစားလိုက်ပြီးမှ ...

"အင်း ... တွေ့နေသလိုပဲ"

"မင်းကလည်း မသေချာတဲ့အဖြေနဲ့၊ ကိုပြေ အားမနာနဲ့နော်၊ မေးချင်တာသာမေး၊ ငါတို့ရဲ့ပိုင်စိုးက ဒီကိစ္စကတော့ လုံးဝဆရာအထာကျတယ်"

ကျော်ဇင်ဦးက ဝင်ပြောတော့ ပိုင်စိုးက ခပ်ပြုံးပြုံး ဒီဇိုင်းဖြင့် ပြောလေသည်။

"ဒါပဲလေ ... ဆရာ့ကိုသာမေးလိုက် ဗျူဟာတွေဆင်ပြီး တိုက်စစ်ပါ ဆင်ပေးလိုက်မယ်"

"ဒါနဲ့များ မင်းက ဘာလို့ရည်းစားမထားတာလဲဟ"





ရဲထွန်းက လှမ်းပြောသဖြင့် ပိုင်စိုးသည် ရဲထွန်းရဲ့ခေါင်းကို တစ်ချက်ဖွလိုက်ပြီးမှ ...

"သားကြီးရယ် ... မင်းက အထာပေါက်စမ်းပါကွ၊ မှတ်ထား ... ရည်းစားထားရင် တစ်ယောက်ပဲရမယ်၊ မထားတော့ ဟော ... အိစီကလီလေးတွေ အပုံကြီး အလန်းဖယားပဲ ... ကဲ"

ပိုင်စိုးရဲ့အဖြေကြောင့် ရဲထွန်းက လေးစားတယ်ဆိုသော အထာဖြင့် တရုတ်ကားထဲက ဒီဇိုင်းအတိုင်း လုပ်ပြပြီး ...

"ရှီးဖော ... လုံးဝဆရာတင်တယ်ကွာ၊ တောက် ... ငါ ဘာလို့များ ရည်းစားထားခဲ့မိရတာပါလိမ့်"

"တော်ပါကွာ၊ ဒီမှာ ငါတို့ရဲ့ မိုးပြေကို အချစ်လက်ချာတွေ ရိုက်လိုက်ဦးမယ်"

ပိုင်စိုးက မိုးပြေရဲ့ပခုံးကို လှမ်းဖက်လိုက်ရင်းက ...

"ပြောလိုက် သူငယ်ချင်း၊ မင်း ဘယ်လေဒီကို ခိုက်လည်း အခုချက်ချင်းကို ငါ ကူညီလိုက်မယ်"

အားတက်သရော ပြောနေတဲ့ ပိုင်စိုးရဲ့စကားကို ရဲထွန်းကလည်း ဝင်ထောက်ခံရင်း ...

"ဒါမှမဟုတ်လည်း ရှာမနေနဲ့ ပင်ပန်းတယ်၊ မင်းကိုခိုက်နေတဲ့ မဒီတွေထဲက စိစစ်ရွေးချယ်ပြီး တွဲလိုက်ပေါ့"

"အာ ... မင်းတို့ကတော့ ကျပ်နေပြီ၊ ငါက အချစ်ဆိုတာ ဘယ်လိုခံစားမှုလဲ ဆိုတာကိုပဲ သိချင်တာ"

"အိုကေ ... အချစ်ဆိုတာ ပြောရမယ်ဆိုရင်တော့ အ,လို့ ချစ်ကြတာကွ၊ စဉ်းစားကြည့်လေ၊ စချစ်တဲ့သူက အရှုံးပဲကွ၊ တကယ်တော့ အချစ်ဆိုတာ မစားကောင်းတဲ့အသီး"

အချစ်နဲ့စစ်ဖြစ်ထားသူ အာကာက ဝင်ဖောက်၏။ အာကာ့စကားကြောင့် ပိုင်စိုးက ကန့်ကွက်လိုက်ရင်း လက်ချာဝင်ရိုက်တော့သည်။

"နီး ... မင်းက တစ်ယောက်တည်းကိုပဲ ပုံအောလိုက်တော့ ဒီ philo တွေ ထွက်လာတာပေါ့။ အမှန်တော့ အချစ်ဆိုတာ ကြိုက်တဲ့အဆင့်လောက်မှာတင် stop လိုက်၊ အဲဒါဆို ပြတ်သွားရင်လည်း အေးဆေးပဲ No problem ...





အဲ ... မိုးပြေ သိချင်တဲ့ အချစ်ရဲ့ feeling ကို ပြောရမယ်ဆိုရင်တော့ ညအိပ်ရာဝင်ခါနီးရင် မတွေးပါဘဲနဲ့ သူ့အကြောင်း ခေါင်းထဲကို အော်တိုဝင်လာတယ်ဆိုရင် surely ချစ်ဖို့က 90% ပဲ"

ဗုဒ္ဓေါ ... ညအိပ်ရာဝင်ခါနီး မတွေးပါဘဲနှင့် သူ့အကြောင်း ခေါင်းထဲကို အော်တို ဝင်လာတာဆို အချစ်ဖြစ်ဖို့ 90 % ။

ဟိုက် ... သူ ညက မတွေးဘဲ ခေါင်းထဲရောက်လာတာက လွန်းနှင့် ငွေမှုန်း။ ခက်တော့တာပဲ ... ဝိရောဓိအကွက်တွေတော့ ဝင်လာပြီလားမသိ။

"ကဲ ... မောင်မင်းကြီးသား မင်းမေးတာ ဖြေပြီးပြီဆိုတော့ ငါတို့မေးတာ ဖြေဦး"

ပိုင်စိုးက မေးသဖြင့် မိုးပြေသည် ဘာလဲဆိုသောသဘောဖြင့် မေးဆတ်ပြလိုက်သည်။

"မင်း E ဘက်က လွန်းကြယ်ရောင်ဆင်းဆိုတဲ့မဒီလေးနဲ့ တွဲနေတာလား"

"အာ ... သူငယ်ချင်းတွေပါကွာ"

"ဟုတ်ပါပြီ၊ မပြောမရှိနဲ့နော် မိုးပြေ၊ အဲဒီ လွန်းကလည်း popular lady နော်၊ အခု ခေတ်က ဒီဘက်မေဂျာနဲ့ ဟိုဘက်မေဂျာ ဓာတ်လမ်းလေးတွေက အရမ်းမိုက်တာနော် ...

မင်း လှုပ်ရှားလိုက်တော့၊ အဲဒီလေဒီက လုံးဝအလန်းဗယား"

ပိုင်စိုး ပြောပါမှ မိုးပြေသည် လွန်းဆိုသော ကလေးမလေးရဲ့ပုံရိပ်တွေကို မြင်ယောင် ကြည့်နေမိသည်။ ပွင့်လင်း ဖော်ရွေသော လွန်းသည် လူအများကြားတွင် ရေပန်းစားသူလေးဖြစ်၏။ သူမကိုကြိုက်နေသော ပုဂ္ဂိုလ်လေးများကို အချိုသတ်အပျော့ဆွဲလေးနှင့် ခင်ခင်မင်မင် နေတတ်သူလေးကိုမှ မိုးပြေကကော ချစ်နေမိပြီလား။ သေချာစွာတော့ သူလည်း မဝေခွဲတတ်သေး။

သေချာတာကတော့ မိုးပြေရဲ့နှလုံးသားသည် တစ်စုံတစ်ယောက်ကို ချစ်ဖို့ရန်အတွက် အသင့်အနေထား ရှိနေခဲ့သည်။

"ဟာ ... ပြောရင်းဆိုရင်းနှင့် လွန်းတို့အုပ်စု ဒီဘက်ကို ရွေ့လာပြီကွ"





ပိုင်စိုးရဲ့စကားကြောင့် မိုးပြေသည် လွန်းတို့အုပ်စုကို တစ်ချက်လှမ်းကြည့်လိုက်သောအခါ သူ့ရင်ထဲ နည်းနည်းတော့ ယမ်းခါသွားသလိုပင်။ လွန်းရဲ့ဒီဇိုင်းက လုံးဝကိုလွင့်ကာ မြောက်တက်နေ၏။ ဆံပင်တွေကို အပြောင်လှန်သိမ်းကာ စုစည်းထားပြီး အနက်ရောင် ရှပ်ပုံကို ခပ်မိုက်မိုက် ခါးပတ်တစ်ခု ပတ်ထားပြီး အပျော့သားစကတ်အရှည်ဖြင့် လိုက်ဖက်စွာ ဝတ်ဆင်ထားသော သူမရဲ့ပုံစံသည် လွင့်ချင်တိုင်း လွင့်နေသည်။

သူက လွန်းရဲ့အလှမှာ တဒင်္ဂနစ်မြောသွားပုံကို ပိုင်စိုးက သတိထားမိသွားပြီး သူ့ရဲ့ပခုံးကို လှမ်းပုတ်၍ အကြံပေး၏။

"ဘာလုပ်နေတာလဲ မိုးပြေ၊ လိုက်သွားလေ"

"ဖြစ်ပါ့မလား"

"ဟေ့ကောင် ... ဘယ်ခေတ်မှာ နေနေတာလဲ၊ အချစ်ဆိုတာ အချိန်နှင့်တပြေးညီ ပြောင်းလဲတတ်[illegible]်ကွ၊ အချိန်မီလေး လွန်းဆီကို သွားတော့၊ တော်ကြာ မဒီကညာက မကြည်သာလို့ စိတ်ပြောင်းသွားရင် လွမ်းစရာလေးတွေ ဖြစ်ကုန်လိမ့်မယ် လိုက်တော့ကွ"

ပိုင်စိုးက အားပေးတာကို အားလုံးကလည်း ဝင်

ထောက်ခံပေး၍ မိုးပြေသည် လွှန်းရဲ့နောက်ကိုလိုက်ဖို့အတွက်

အားတက်သွားကာ မတ်တတ်ထရပ်လိုက်လျှင်တော့ ရဲထွန်းက

သူ့ကျောပိုးအိတ်ထဲမှ ခေါက်ထီးကို ထုတ်ပေးကာ မိုးပြေကိုလှမ်း

ပေး၍ ...

"နေပူတယ် ညီလေး၊ ထီးတစ်ချောင်းအောက်မှာ သူရယ်

ကိုယ်ရယ် တော်ကီလ်တွေ ခြွေမယ် understand "

ရဲထွန်းရဲ့စကားကြောင့် မိုးပြေသည် ရယ်မောလိုက်

ပြီးမှ သူပေးသောထီးကိုယူကာ လွယ်အိတ်ထဲသို့ ထည့်လိုက်ပြီး

မှ ...

"မင်း idea က လုံးဝသစ်တယ်၊ ဘယ်လိုသိ"

မိုးပြေရဲ့အမေးကြောင့် ရဲထွန်းက ကြော်ငြာထဲက

ပုံစံဖမ်းကာ လက်ညှိုးလေးနှင့် နားထင်ကို ထောက်လိုက်ပြီးမှ

ပြောင်စပ်စပ်ပုံစံဖြင့် ...

"အတွေ့အကြုံရယ်၊ ဒါလေးရယ်တော့ လိုတာပေါ့ကွာ"

ရဲထွန်း ပြောသောအခါ ဒါလေးဆိုတာ ကြော်ငြာ

ထဲကလို အားဆေးကို ပြောတာမဟုတ်ဘဲ ဦးနှောက်ကိုပြောတာ





ဖြစ်သည်။ ရဲထွန်းရဲ့ပုံစံကြောင့် အားလုံး ဝိုင်းရယ်နေစဉ်မှာတော့

ပိုင်စိုးက ဝင်ပြော၏။

"ရယ်မနေနဲ့၊ ဟိုမှာ မင်းမဒီက ရှေ့ကို တော်တော်ရောက်

နေပြီ၊ လိုက်တော့"

ပိုင်စိုးက မြန်မြန်သွားဖို့ပြောနေ၍ မိုးပြေသည်

ကန့်တင်းဘက်ကထွက်ကာ လွှန်းရဲ့နောက်သို့ ခပ်သွက်သွက်လိုက်

လာခဲ့သည်။

"လွှန်း ... ဘယ်သွားမလို့လဲ"

လွှန်းသည် အနောက်မှ ခေါ်သံကြောင့် လှည့်ကြည့်

လိုက်မိသည်။ ထို့နောက် ချက်ချင်းပင် ပြုံးပြကာ ...

"IC ဆောင်က ပြန်လာတာလေ၊ အခု အတန်းမရှိတော့

ပြန်ရင်ကောင်းမလားလို့"

"ဪ ... ဟုတ်လား"

မိုးပြေသည် ဘာပြောရမှန်းမသိ စကားစကိုဆက်

ရန် တွေးနေတုန်းမှာပင် လွှန်းရဲ့သူငယ်ချင်းနှစ်ယောက်က လွှန်း

ရဲ့ပခုံးကို တစ်ချက်တွန်းလိုက်ပြီးမှ ...

"မိတ်ဆက်ပေးဦးလေ လွှန်း"

"ဩော် ... ဟုတ်သားပဲ၊ မိုးပြေ ... ဒါက လွန်းရဲ့သူငယ်ချင်းတွေလေ၊ သူက မိုးစုဝေတဲ့ သူကတော့ ခင်သိမ့်သူ ... ကဲ ... ဒါကတော့ ငါပြောပြောနေတဲ့ မိုးပြေရှိန်း"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ မိုးစုတို့က ခင်တတ်ပါတယ် မိုးပြေ၊ အဲသလို ခင်တတ်တဲ့အတွက် ..."

မိုးစုသည် စကားစကိုဖြတ်လိုက်ပြီး လွန်းနှင့်မိုးပြေကို မသိမသာ အကဲခတ်လိုက်ကာ တစ်ချက်ပြုံးလိုက်ပြီး ...

"ဟယ် ... မေ့နေတယ် သိမ့်သိမ့်ရယ်၊ ငါတို့ ရွှေစင့်ဆီကမှာထားတဲ့ ပစ္စည်းတွေ သွားမယူရသေးဘူးလေ"

လွန်းသည် မိုးစုတို့ ဘာအကွက်ခင်းနေသည်ဆိုတာကို အထာနပ်စွာဖြင့် မျက်စောင်းတစ်ချက် မိုးစုကို မသိမသာလှမ်းထိုးလိုက်သည်။ ဒါဟာ မိုးစုတို့ လွန်းနှင့် မိုးပြေ နှစ်ယောက်တည်းကျန်ခဲ့အောင်ထွင်သည့် ဇာတ်ကွက်မှန်း မိုးပြေလည်း ရိပ်မိလောက်မည် ထင်မိပါသည်။

"မိုးပြေ ... ကျွန်မတို့ရဲ့သူငယ်ချင်းလေးကို ရှင့်လက်ထဲခဏအပ်ထားမယ်နော်၊ ကျွန်မတို့ Chemistry ဆောင်ဘက် run ရဦးမယ်"





မိုးစုရဲ့စကားကို မိုးပြေက ခေါင်းတစ်ချက်ညိတ်ပြပြီး အသိအမှတ်ပြုၾ၏။ ဒါတောင် သွားခါနီး မိုးစုက မိုးပြေနှင့်လွန်းကို မထိတထိ လာစသွားတာကို တုံ့ပြန်ခြင်းမရှိတာကတော့ နှာစေးချင်ယောင်ဆောင်ထားမိတယ်ပဲ ဆိုကြပါစို့။

အဲသည်လိုဖြင့် လွန်းနှင့် မိုးပြေသည် ဘာစကားမှ မဆိုဖြစ်ပါဘဲ ရောက်တတ်ရာရာသို့ လမ်းလျှောက်လာမိသည်။ ထိုစဉ်မှာပင် မိုးပြေက ရုတ်တရက် ဘာကိုသတိရသွားတယ်မသိ။ လွယ်အိတ်ထဲက ခေါက်ထီးအကွက်လေးကို ထုတ်ဖွင့်လိုက်ပြီး လွန်းဘက်ကို ဆောင်းပေးသဖြင့် လွန်းကို သူ့ကိုတစ်ချက်မော့ကြည့်လိုက်လျှင် ...

"နေပူတယ်လေ၊ အဲဒါကြောင့် ထီးဆောင်းပေးတာပါ"

ကြောက်ကြောက်ရွံ့ရွံ့လေး ပြောလိုက်သောပုံစံကြောင့် လွန်းသည် ရယ်ချင်သောစိတ်ကို မနည်းထိန်းကာချုပ်ရင်း မိုးပြေကို စကားဆိုလိုက်ပေသည်။

"အင်း ... ဗိုက်ဆာလာသလိုပဲ၊ ကန်တင်းထိုင်ကြမလား မိုးပြေ၊ ရှင် အားမယ်ဆိုရင်တော့ ကန်တင်းလာဖို့ ဖိတ်ပါတယ်"

“ရပါတယ်၊ သွားမယ်လေ၊ ဒါပေမဲ့ ဒီတစ်ခါတော့ ကျွန်တော် ရှင်းတာကို လွှန်း မငြင်းရဘူးနော်”

“ဪ ... ကိုယ့်ရဲ့ကံဇာတာကောင်းလို့ ကျွေးချင်မွေးချင်တဲ့ဒကာ ပေါ်တာကို ငြင်းရလောက်အောင် လွှန်း မမိုက်မဲပါဘူး မိုးပြေရဲ့”

လွှန်းရဲ့စကားအဆုံးမှာ မိုးပြေနှင့် အကြည့်ချင်းသွားဆုံလေ၏။ ခဏလေးအတွင်းမှာပင် အကြည့်တစ်ချက်မှာ peace အပြတ်ပင် ရယူလိုက်သလိုကို လွှန်းနှင့် မိုးပြေတို့သည် မျက်ဝန်းချင်းလည်း စကားပြောတတ်ကြပါသေးသည်။

“သွားမယ်လေ၊ လွှန်းတို့အဆောင်ဘက်က မိတ်မဟာမှာပဲ ထိုင်ကြတာပေါ့”

သူမရဲ့စကားကို ထောက်ခံစွာ ခေါင်းညိတ်ပြလိုက်ပြီး မိုးပြေသည် လွှန်းနှင့် ဘေးချင်းယှဉ်ပဲ လျှောက်လာသည်။ လွှန်းထက် ခေါင်းတစ်လုံး ပိုမြင့်သော အရပ်အမောင်းကြီးဖြင့် သန့်စင်ချောမောကာ ကောင်မလေးတွေကြား ရေပန်းစားနေသူ မိုးပြေရှိန်းက လွှန်းကို ထီးဆောင်းပေးပြီး နှစ်ယောက်ယှဉ်တွဲ





သွားသည့် အဖြစ်ကို မြင်သူတော်တော်များများက ကွက်ကြည့်ကွက်ကြည့်နှင့် သတိထားကြည့်နေကြသည်။ သို့ပေမဲ့လည်း လွှန်းကော မိုးပြေပါ သိပ်ဂရုမစိုက်သလိုပင် ခပ်တည်တည်ဖြင့် ကိုယ်ဦးတည်ရာကိုသာ လမ်းမပြောင်းဘဲ လျှောက်လာခဲ့ကြတော့သည်။

ကန်တင်းရောက်သောအခါ စားစရာများမှာပြီး စားရင်းသောက်ရင်းဖြင့် စကားစမြည်ပြောလာရာ အချိန်အတန်ကြာသောအခါတွင်တော့ လွှန်းရဲ့လက်ကိုင်ဖုန်းလေးက မြည်လာလေသည်။

“မိုးပြေ ... ပလိ(စ်)ကွာ”

လွှန်းက ဟန်းဖုန်းလေးကိုဖွင့်ကာ နားထောင်လိုက်၏။

“ဟယ်လို”

“.........”

“အင်း ... ဟုတ်တယ်၊ ကျောင်းမှာပဲ”

“.........”

"တကယ် ... အိုကေ၊ မနက်ဖြန် အိမ်မှာပဲ ငါစောင့်နေမယ်လေ"

"........"

"ဟုတ်ပြီ ... ဘိုင့်ဘိုင်"

လွန်းသည် ဖုန်းပြောပြီးသည်နှင့် မိုးပြေကို အားနာဟန် တစ်ချက်ပြုံးလိုက်ပြီးမှ ...

"ဆောနီးနော် မိုးပြေ၊ ဖုန်းပြောတာ နည်းနည်းကြာသွားတယ်"

"ရပါတယ် (နာရီကိုတစ်ချက်ကြည့်ပြီးမှ) လွန်းက အတန်းမရှိတော့ဘူးလား"

"အင်း ... ဟုတ်တယ်၊ မိုးပြေက အတန်းတက်ရမှာပေါ့ ဟုတ်လား"

"ရပါတယ်၊ လွန်းနဲ့ ကန်တင်းထိုင်ပေးမယ်လေ"

မိုးပြေရဲ့စကားကြောင့် လွန်းသည် မျက်ခုံးလေးတစ်ချက်ပင့်လိုက်ပြီး ရင်ထဲတွင်တော့ လှိုက်ခနဲ ခံစားသွားရသည်။





"ဟား ဟား ... မလုပ်ပါနဲ့ရှင်၊ တော်ကြာ စာတော်တဲ့ကျောင်းသားလေးကို အကျင့်ပျက်အောင် လုပ်တဲ့သူဆိုပြီး လွန်း နာမည်ကြီးနေပါဦးမယ်၊ လွန်းလည်း အခုပြန်တော့မယ်"

"ဒါဆိုလည်း ကျွန်တော် ပါကင်ထိ လိုက်ပို့ပေးမယ်လေ"

လွန်းသည် ခေါင်းလေးညိတ်ပြလိုက်ပြီး ပြန်ဖို့ဟန်ပြင်သောအခါ မိုးပြေက ကျသင့်ငွေကို လှမ်းခေါ်၍ ရှင်းပေးပြီးမှ ထလာ၏။

"မုန့်ဝယ်ကျွေးတဲ့အတွက်ကော လိုက်ပို့ပေးတဲ့အတွက်ကော နှစ်ထပ်ကွမ်း thank you မိုးပြေ"

လွန်းရဲ့ကျေးဇူးတင်စကားကို အပြုံးဖြင့် တုံ့ပြန်ရင်း လွန်းနှင့် မိုးပြေသည် ဘေးချင်းယှဉ်လျှောက်လာ၏။ လွန်းကိုတော့ မိုးပြေသည် ထီးမိုးပေးထားဆဲ။

"ကဲ ... လွန်း သွားတော့မယ်၊ မိုးပြေကို physics ဘက် ပတ်ပို့ပေးမယ်လေ ... လာ"

"ရတယ် လွန်း၊ ကျွန်တော့်ဘာသာ သွားလိုက်တော့မယ်၊ မနက်ဖြန်မှ တွေ့တာပေါ့"

"အိုကေ … မိုးပြေ see you "

လွန်းကတော့ သူ့ကိုနှုတ်ဆက်ကာ ထွက်သွားတော့သည်။ မိုးပြေသည် ခပ်ပြုံးပြုံးမျက်နှာဖြင့်ပင် ပိုင်စိုးတို့ရှိနေမည့်နေရာသို့ လျှောက်လာခဲ့တော့သည်။

မိုးပြေရဲ့ရင်ထဲတွင် လွန်းနှင့်ပတ်သက်၍ အချစ်ရှိနေပြီလား။

အတိအကျ မပြောတတ်ပေမယ့် ခံစားချက်တစ်စုံတစ်ရာက ရင်ထဲတွင် ရှိလို့နေ၏။

* ✿ *





## ၁

မနက်ပိုင်း မြန်မာစာတစ်ချိန်တက်ပြီးသွားသောအခါ ပိုင်စိုးတို့က "လွန်း အတန်းမတက်ဘဲ ကန်တင်းမှာထိုင်နေတယ် မင်းလိုက်သွား"ဆိုပြီး အတင်းသွားခိုင်းနေသဖြင့် မိုးပြေသည် မသွားချင် သွားချင်နှင့်ပင် လွန်းထိုင်နေကျ ကန်တင်းဆီသို့ လျှောက်လာခဲ့၏။ ကန်တင်းအရောက်တွင်တော့ မြင်တွေ့လိုက်ရသော တစ်စုံတစ်ယောက်ကြောင့် မိုးပြေ အတော်အံ့သြသွားတော့သည်။

သူမ … သူမ ငွေရည်မှုန်းပါလား။ ဘယ်လိုက ဘယ်လို ဒီကိုရောက်နေပါလိမ့်။ ကန်တင်းမှာ တစ်ယောက်တည်းထိုင်နေသည့် သူမဆီသို့ လျှောက်သွားလိုက်ပြီး သူမကို မိုးပြေ နှုတ်ဆက်လိုက်သည်။

"ငွေမှုန်း ... ဘယ်လိုကဘယ်လို ဒီရောက်လာတာလဲ"

မိုးပြေကိုမြင်တော့ ငွေမှုန်းသည်လည်း အံ့အားသင့်သွားကာ ပြုံးပြလိုက်ပြီးမှ မိုးပြေရဲ့မေးခွန်းကို ဖြေလေသည်။

"ဒီမှာလေ ... သူငယ်ချင်းတစ်ယောက်ဆီ လာလည်တာ၊ နောက်ပြီး ဒီကိုလည်း မရောက်ဖူးတော့ လာလေ့လာတာပေါ့"

မိုးပြေသည် မြင်လိုက်တာနှင့်ကို ရီးသား၍ ချစ်စရာကောင်းလှသော ဤကောင်မလေးကို တစ်ချက်တော့ ငေးကြည့်မိလိုက်သည်။ ငွေရည်မှုန်း ဆိုသော ကလေးမသည် အနာဂတ်ရဲ့ အင်ဂျင်နီယာလောင်းပီပီ အသားအရေကတော့ သိပ်မဖြူပေမယ့် ဝင်းဝါစိုပြည်နေသည်။ ခေတ်မီလှပသော မြန်မာအင်္ကျီလေးနှင့် သူမရဲ့ပုံစံသည် လွန်စွာပင် ကျက်သရေရှိလှပေသည်။ အထူးသဖြင့် ငွေရည်မှုန်း၏ မျက်လုံးလေးများက သူ့ကိုပို၍ ရင်ခုန်မြန်စေပေသည်။ ကြည်လင်ဖြူဖွေးနေသော မျက်သားဖြူလေးပေါ်တွင် နက်မှောင်စိုရီနေသော မျက်ဆန်နက်နက်လေးက ပနံရစွာတင့်တယ်နေသည်။





"မိုးပြေကော ဘယ်လာတာလဲဟင်"

"ဩော် ... ကျွန်တော်က ဒီမှာ သူငယ်ချင်းတစ်ယောက်ကို လာရှာတာလေ၊ ကျွန်တော်တို့အဆောင်က ဟိုးဘက်မှာလေ"

မိုးပြေနှင့် ငွေမှုန်း ထိုင်စကားပြောနေတုန်း မိုးပြေတို့ ထိုင်နေရာစားပွဲဝိုင်းသို့ တစ်စုံတစ်ယောက်က ရောက်လာ၏။ သူ ဘယ်သူလဲဆိုတာကို မိုးပြေသည် သိလိုစိတ်ဖြင့် လက်ဖက်ရည်ကိုသောက်နေရင်းဖြင့် မော့ကြည့်လိုက်သည်။ တွေ့လိုက်ရသော သူမကြောင့် မိုးပြေသည် သောက်နေသည့် လက်ဖက်ရည်တောင် သီးတော့မလို ဖြစ်သွားရတော့သည်။

"ဟယ် ... မိုးပြေနဲ့ ငွေမှုန်းက သိနေကြတယ်"

လွှန်းမေးသည့် မေးခွန်းကို မိုးပြေ မဖြေနိုင်သေးခင်မှာပင် ငွေမှုန်းက ဝင်ဖြေ၏။

"အင်း ... ဟုတ်တယ် လွှန်းရဲ့၊ လွှန်းကကော မိုးပြေနဲ့ ခင်တယ် ဟုတ်လား"

"အင်း ... မိုးပြေနဲ့ ခင်တာပေါ့"

"ဩော် ... တိုက်ဆိုင်လိုက်တာနော်၊ ငွေမှုန်းတို့အားလုံးက သိနေကြတယ်"

"ဟုတ်ပါ့ ... ဒါက ထူးခြားတဲ့ အမှတ်တရလေးပေါ့နော်"

လွန်းနှင့် ငွေမှုန်းက စကားလက်ဆုံကျနေပေမယ့် သူကတော့ ဘာပြောရမှန်း မသိအောင်ကို နှုတ်ဆိတ်နေမိသည်။ မိုးပြေရဲ့ ရင်ထဲတွင်တော့ တစ်ခုခုကို စိုးရွံ့နေမိသလိုကို ခံစားရသည်။ အဲဒါဟာ ဘာကြောင့်များပါလိမ့်။

လွန်းနှင့် ငွေမှုန်းကို ကြည့်ရတာတော့ တော်တော်လေးကို ခင်မင်ရင်းနှီးပုံရ၏။ ဘုရားရေ ... ငါ စိတ်ဝင်စားမိတဲ့ မိန်းကလေးနှစ်ယောက်ဟာ အချစ်ဆုံးသူငယ်ချင်းတွေ ဖြစ်လို့နေပါလား။

သည်အဖြစ်အပျက်ကြောင့် မိုးပြေသည် ဘာလုပ်လို့ လုပ်ရမှန်းမသိအောင်ကို တွေဝေနေမိသည်။

မဖြစ်တော့ ... ဒီကိစ္စကို ပိုင်စိုးတို့နှင့် တိုင်ပင်မှ ဖြစ်တော့မည်။

အဲသည့်အတွေးနှင့်ပင် မိုးပြေသည် လွန်းနှင့် ငွေမှုန်းတို့ကို နှုတ်ဆက်ကာ ပြန်ဖို့စကား ဆိုလိုက်တော့သည်။





"ဟို ... လွန်းနဲ့ ငွေမှုန်း၊ ကျွန်တော် သွားတော့မယ်နော်"

"ဟယ် ... သွားတော့မလို့လား"

သွားမှဖြစ်တော့မယ် ကလေးမတို့ရေ။ ကြာလာရင် ရှော့ခ်လ်တွေ ငြိကုန်တော့မှာ စိုးရိမ်လို့လေ။

"အင်း ... သွားတော့မယ်"

မိုးပြေသည် သူမတို့ကို နှုတ်ဆက်ကာ ထွက်လာခဲ့တော့သည်။

ထို့အတူ သူ့နှလုံးသားသည်လည်း တစ်စုံတစ်ယောက်ကို ချစ်ဖို့ရန်အတွက် ရွေးချယ်ဖို့ အသင့်ပြင်ထားလိုက်တော့သည်။

* ✿ *

"ဘယ်လို ... မင်းခိုက်နေတဲ့ ကောင်မလေးတွေက သူငယ်ချင်းတွေ ... ဟုတ်လား"

ပိုင်စိုး မေးတဲ့ မေးခွန်းကို မိုးပြေသည် လေးတွဲ့စွာပင် ခေါင်းညိတ်ပြလိုက်တော့သည်။ ပိုင်စိုးကတော့ လိုက်မမီဆိုသော အထာဖြင့် ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်ပြီး ...

"ဟား ... မင်းကတော့ကွာ၊ ကဲ ... စဉ်းစားတော့ မိုးပြေရေ၊ ဘယ်တစ်ယောက်ကိုများ လိုက်မှာလဲ"

ပိုင်စိုးရဲ့အမေးကြောင့် မိုးပြေသည် လွန်းနှင့်ငွေမှုန်းကို မျက်လုံးထဲတွင် မြင်ယောင်လာသည်။ လွန်းရဲ့သွက်သွက်လက်လက်နှင့် ပွင့်လင်းဖော်ရွေပုံလေးတွေက သူ့ကိုစွဲလမ်းစေသလို ငွေမှုန်းရဲ့ ရိုးရှင်းကာ အပြစ်ကင်းသော မျက်ဝန်းနက်လေး





နှင့် အေးချမ်းတဲ့ အပြုံးလေးတို့ကလည်း သူ့ကို စွဲလမ်းမိစေသည်။ အင်း ... သူမတို့နှစ်ယောက်လုံးသည် တစ်ယောက်တစ်မျိုးစီ စိတ်ဝင်စားဖွယ်ကောင်းသော အမျိုးသမီးလေးများ ဖြစ်ကြပါသည်။

"ဟော့ကောင် ... ဒါမျိုး ဇာတ်လမ်းတွေက မြန်မြန်ဖြတ်မှနော်၊ နို့မို့ဆို လွမ်းစရာလေးတွေ ဖြစ်တတ်တယ်ကွ၊ အချစ်ဆုံးသူငယ်ချင်းတွေကိုတော့ two timing ရိုက်လို့ မဖြစ်ဘူးကွ ...

ဘာလို့လဲဆိုတော့ မိန်းကလေးတွေဟာ သူတို့ရဲ့နှလုံးသားရေးရာကိစ္စကို သူတို့ ယုံကြည်ခင်မင်ရဆုံး သူငယ်ချင်းတွေနဲ့ တိုင်ပင်တတ်ကြတယ်ကွ"

မိုးပြေသည် တဒင်္ဂတော့ တွေဝေသွားတော့သည်။ အချစ်ဆိုတာ မိုးပြေ အတွက်တော့ ဘာဆိုဘာမှ အဓိပ္ပာယ်ဖွင့်လို့မရသေးသည့် အရာပင်ဖြစ်သည်။

လက်ရှိတွင်တော့ နှစ်ယောက်စလုံးအပေါ် ထားရှိသော စိတ်တို့သည် ညီတူမျှစွာ ရှိနေပေ၏။

"မိုးပြေ တွေးထားနော်၊ တွေးထား၊ တော်ကြာ နှစ်ယောက် စလုံးကို ချစ်တယ်၊ နှစ်ယောက်စလုံးကလည်း ချစ်တယ် ဆိုမှ ဟုတ်ပေ့ ဖြစ်နေဦးမယ်"

ပိုင်စိုးရဲ့စကားကြောင့် မိုးပြေသည် ဘာမှပြန်မပြော ဘဲ ပြုံးလိုက်မိတော့သည်။

တက္ကသိုလ်ကျောင်းသားဘဝတွင် စာကြိုးစားရခြင်း အပြင် အချစ်ကို ရှာဖွေရခြင်း တာဝန်တစ်ခုကိုပါ ဘယ်သူကမှ မပေးပါဘဲ တာဝန်ယူချင်နေသော ကျောင်းသားတွေအဖို့တော့ နှလုံးသားသည် မြူးကြွရွှင်လန်းစွာဖြင့် အချစ်ကို ရှာဖွေနေမိ တော့သည်။

မိုးပြေသည် နှလုံးသားက တိုမ်းညွှတ်ချစ်လာမည့် မိန်းကလေးကို စောင့်မျှော်နေရင်း အတန်းသွားတက်ဖို့ ကန်တင်း မှ ထလိုက်တော့သည်။

"ဘယ်သွားမလို့လဲ မိုးပြေ"

ပိုင်စိုးရဲ့အမေးကို မိုးပြေသည် ပြောင်စပ်စပ်မျက်နှာ ဖြင့် ပြန်ဖြေလိုက်သည်။





"မင်းတို့ပြောသလိုပဲ မိန်းမရရင် နောက်က အမြီးတပ်စရာ ပါအောင် အတန်းသွားတက်ပြီး စာကြိုးစားလိုက်ဦးမယ် လေ ... ဟဲ ဟဲ"

ပိုင်စိုးကို ပြောင်ချော်ချော်စကားဖြင့်ပြောကာ မိုးပြေ သည် အတန်းဘက်သို့ ထွက်လာခဲ့တော့သည်။ အတန်းထဲရောက် သောအခါ ဆရာမဝင်သေးသဖြင့် မိုးပြေသည် လွန်းနှင့် ငွေမှုန်း အကြောင်းကို တွေးကြည့်မိနေ၏။ မိုးပြေရဲ့နှလုံးသားကို လွှမ်းမိုး ထားသူက ဘယ်သူဆိုတာကို ကွဲပြားအောင် ခွဲခြားနေချိန်တွင် တော့ တာဝန်ကျဆရာမ ဝင်လာ၍ အတွေးတို့ကို ဖြတ်တောက် ကာ သင်ခန်းစာထဲ၌ အာရုံနှစ်ထားလိုက်တော့သည်။

"ကဲ ... ဒီနေ့တော့ ဒီလောက်ပါပဲ၊ အားလုံးပဲ မင်္ဂလာပါ"

အတန်းချိန်ပြီးသွားသောအခါ မိုးပြေရဲ့ အတန်းရှေ့ မှ တစ်မျိုးစီလှနေကြသော မိန်းမလှလေးနှစ်ယောက်က မိုးပြေ ကို လှမ်းခေါ်သဖြင့် တချို့ တချို့သော ဆော်ကြည်ဘဲတွေက မိုးပြေကို ဘုရှိုး,ရှိုးနေကြသည်။ မိုးပြေသည် အဲသည့် ဘုရှိုးတွေ ကို လုံးဝဂရုမစိုက်သည့်အထာဖြင့် ခပ်တည်တည်ပင် အတန်းပြင် သို့ ထွက်လာကာ တစ်ယောက်တစ်မျိုးစီ ကဗျာဆန်စွာ လှနေ

သည့် မိုးကျမယ်လေးများဖြစ်သည့် လွန်းနှင့် ငွေမှုန်းဆီသို့ လျှောက်လာခဲ့သည်။

"မင်းသားကတော့နော် အပီကို အာရုံစိုက်ပြီး စာသင်နေတာ"

"မဟုတ်ပါဘူးဗျာ၊ အဟဲ ... ဒီလိုပါပဲ"

ငွေမှုန်းကတော့ အနေအေးသူပီပီ အေးမြချိုရီသော အပြုံးတစ်ခုသာ ပြုံးထားရင်း လွန်းနှင့် မိုးပြေ ပြောသမျှကိုသာ နားထောင်နေမိသည်။

"ဒီလို မိုးပြေရေ ခု lunch time ရောက်ပြီလေ၊ အဲဒါ လွန်းတို့သုံးယောက်ဆုံတဲ့ အထိမ်းအမှတ်အနေနဲ့ နေ့လယ်စာ သွားစားရအောင်၊ လွန်း ကျွေးမှာပါ"

ကဲ ... မိုးပြေရဲ့ကံကတော့ ကောင်းပါပေ့လား။ မိန်းမချောလေးက တကူးတကကို ဖိတ်ကျွေးပါသော နေ့လယ်စာကို ငြင်းဆန်လိုက်ရင် ဘယ်ကောင်းပါ့မလဲ။

"ကောင်းပါပြီဗျာ၊ ကျွန်တော် လိုက်ပါ့မယ်၊ ကျေးဇူးပါတယ်နော်၊ လွန်းနဲ့ ငွေမှုန်း"

"ဟုတ်ကဲ့"





"ဒါဆို ခဏလေးစောင့်နော်၊ ကျွန်တော် အိတ်သွားယူလိုက်ဦးမယ်"

မိုးပြေသည် ခပ်သွက်သွက်လေး အတန်းထဲပြန်ဝင်ကာ လွယ်အိတ်ကိုသွားယူပြီး လွန်းနှင့် ငွေမှုန်းရှိရာသို့ လျှောက်လာခဲ့၏။ ဒီနေ့တော့ မိုးပြေက တမင်သက်သက်ကို ထမင်းချိုင့်ယူမလာတာဖြစ်သည်။ လွန်းနှင့် ငွေမှုန်းတို့ဆီမှာလည်း ထမင်းချိုင့်တွေ မတွေ့ပုံထောက်တော့ သူမတို့လည်း မပါဘူးထင်သည်။

သူတို့သုံးယောက်ယှဉ်၍ လျှောက်လာသောအခါ အချို့ချို့သော သူများက ဘာလဲဟာဆိုသော အထာဖြင့် လှမ်းလှမ်းရှိုးနေကြသည်။ သို့ပေမဲ့ ပြဿနာမရှိပါ။ ပိုင်စိုး လက်ချာရိုက်ပေးထားသလို နာမည်ကြီးတို့လို အထာမျိုးဖြင့် နေတတ်ရင် လှုပ်လို့ရပြီဆိုသော ပုံစံဖြင့်ပင် လျှောက်လာခဲ့သည်။

ကန်တင်းရောက်သောအခါတွင်တော့ မိုးပြေတို့သုံးယောက်လုံးသည် အကြိုက်ချင်းကူစွာ ထမင်းပေါင်းပဲ မှာဖြစ်ကြသည်။ အစားအသောက်များကို မှာပြီးသောအခါတွင်တော့ လွန်းက စကားစပြောတော့သည်။

“တို့တွေ လုံးဝခင်မင်ရင်းနှီးတဲ့ သူငယ်ချင်းတွေ ဖြစ်သွားပြီနော် ...

သဘောတူလား”

လွန်းက ငွေမှုန်းနှင့် မိုးပြေကို ထောက်ခံခိုင်းလျှင် မိုးပြေကော ငွေမှုန်းပါ ကျေနပ်ပျော်ရွှင်စွာ သဘောတူ ခေါင်းညိတ်လိုက်သည်။

“ဪ ... မိုးပြေ၊ ဒါပြီးရင် အတန်းတက်ရဦးမှာလား”

ထမင်းပေါင်း စားနေရင်းမှ လွန်းကမေးလျှင် မိုးပြေသည် သူမမေးတာကို ဖြေလိုက်သည်။

“ဟုတ်ကဲ့ ... ကျွန်တော် အတန်းတက်ရဦးမှာ”

မိုးပြေရဲ့ အဲသည့်အဖြေကြောင့် လွန်းသည် မျက်နှာကို ရှုံ့မဲ့လိုက်ပြီး ...

“အား ... မိုးပြေရယ်၊ အဲဒီ ကျွန်တော်ဆိုတာကြီးက ပိန်းလိုက်တာဟာ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူအချင်းချင်း ဘော်ဘော်တွေပဲ ဖြစ်နေပြီ၊ ကျွန်တော်တွေ ဘာတွေ လုပ်မနေစမ်းပါနဲ့၊ နင်နဲ့ ငါပေါ့”





လွန်းရဲ့အဲသည့်အပြောကို ငွေမှုန်းကလည်း ထောက်ခံစွာဖြင့် ဝင်ပြော၏။

“ဟုတ်တယ်နော်၊ ငွေမှုန်းတို့က သူငယ်ချင်းတွေပဲ ဖြစ်နေပြီးဟာ၊ ကျွန်တော် ဆိုတာကြီးက သူစိမ်းဆန်ပါတယ်နော့လေ”

ငွေမှုန်းရဲ့အပြောအဆုံးမှာ မိုးပြေသည် ငွေမှုန်းကို တစ်ချက်ကြည့်လိုက်သည်။ မိုးပြေ ကြည့်လိုက်သည့်အချိန်မှာပဲ ငွေမှုန်းကလည်း လှမ်းအကြည့်နှင့် သွားဆုံလေသည်။ အဲသည့် မျက်လုံးချင်း ဆုံတွေ့မှုဟာ တစ်စက္ကန့်၊ နှစ်စက္ကန့်လောက်သာ ကြာမြင့်ပေမယ့် မိုးပြေကတော့ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားမှန်းကို မသိတော့။ ရင်ဘတ်တစ်ခုလုံး ဖြောင်းဆန်ကာ နှလုံးသားထဲထိကို လှိုက်ခါသွားတော့သည်။ ငွေမှုန်းကတော့ ဘာမှမဖြစ်သလိုပင်။ သူ့မှာသာ အဲသည့်အကြည့်တစ်ချက်ကို ရူးသွားရတော့သည်။

“ဟေး ... မိုးပြေ၊ you မျက်လုံးဖွင့်ပြီးတော့ အိပ်ပျော်သွားတာတော့ မဟုတ်လောက်ပါဘူးနော်”

လွှန်းရဲ့စကားသံကြားမှ မိုးပြေသည် သတိပြန်ဝင်ကာ နည်းနည်းရှက်သလိုတောင် ဖြစ်သွားရသည်။ ညို့အားပြင်း မျက်နက်ဝန်းကို ရင်အခုန်ကောင်းတာ လူမိသလို ဖြစ်သွားရသည့်အတွက် မိုးပြေသည် မချိုမချဉ် မျက်နှာဖြင့် လွှန်းနှင့် ငွေမှုန်းကို ပြုံးပြလိုက်ပြီး ...

"အဟဲ ... ဆောရီးဗျာ ကျွန်တော် ..."

မိုးပြေက ကျွန်တော်ဟု ပြောအပြီးတွင်ပဲ လွှန်းက ဟင် ဆိုပြီး သူ့ကို မျက်မှောင်ကြုတ်ပြသည်။ ဒါဘာကိုဆိုလိုတယ်ဆိုတာ အထာနပ်စွာဖြင့် လွှန်းကို ခေါင်းညိတ်ပြလိုက်ကာ ခုနကစကားစကို ပြန်စသည်။

"အဟဲ ... ဆောရီးဗျာ၊ ငါ နည်းနည်းအတွေးလွန်သွားလို့ ... အိုကေ"

မိုးပြေရဲ့အပြောကို လွှန်းက သဘောကျစွာ တဟားဟား အော်ရယ်ပေမယ့် ငွေမှုန်းကတော့ အေးမြသည့်အပြုံးချိုလေးသော ပြုံးနေ၏။ ငွေမှုန်းရဲ့အပြုံးလေးသည် ချိုမြရီဝေနေပါသည်။





"ဒီလိုမှပေါ့ မိုးပြေရယ်၊ နင့်ရဲ့ ကျွန်တော်ဆိုတဲ့အထာကြီးက onec upon atime တုန်းက တော်လ်ကီတွေ အသုံးဝင်တော့ဘူး"

latest တော်ကီလ်တွေသာ ကျွေးနေသော လွှန်းသည် လန်းဆန်းတက်ကြွစွာဖြင့် active ဖြစ်လျက်ရှိသည်။ သည်လိုခင်မင်ဖွယ်ကောင်းလှသော ခပ်ချောချော သူငယ်ချင်းမလေးနှစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရတာဟာ မိုးပြေအတွက်တော့ ဘုရားပေးတဲ့ဆုပဲဟု တွေးမှတ်ထားသည်။

သူမတို့နှစ်ယောက်နှင့် အခွန့်ရှည် တည်တံ့ခိုင်မြဲသော ခင်မင်မှုမျိုးဖြင့် သူငယ်ချင်း သံယောဇဉ်တွေကို တည်ဆောက်ချင်ပါသေးသည်။

"မိုးပြေ ... နင်က ဘာတွေဝါသနာပါလဲ"

"အင်း ... စာဖတ်တာ၊ ဂစ်တာတီးတာ၊ ပြီးတော့ dota ခုတ်တာ၊ အဲဒါတွေကို ဝါသနာအပါဆုံးပဲ ...

လွှန်းနှင့် ငွေမှုန်းကကော"

သွက်လက်သော လွှန်းက မိုးပြေရဲ့မေးခွန်းကို အရင်ဆုံးပင် ပြန်ဖြေ၏။

"လွန်းကတော့ သီချင်းနားထောင်၊ ရုပ်ရှင်ကြည့် internet သုံးတယ်၊ အဲဒါတွေကတော့ ငါ့ကို လုံးဝပျော်ရွှင်စေတဲ့ ငါ့ဝါသနာတွေ ...

ကဲ ... အခုအလှည့်ကျတာကတော့ ကျွန်မတို့ရဲ့ ဇာတ်လိုက်ကြီး ငွေရည်မှုန်းပဲ ဖြစ်ပါတယ်"

ပြောင်ချော်ချော်အိုက်တင်လေးဖြင့် ငွေမှုန်းကိုလှမ်းပြောလိုက်လျှင် ငွေမှုန်းသည် ရယ်လိုက်ရင်းကမှ သူမရဲ့ဝါသနာကို ဖြေလေ၏။ ဘာကြောင့်မှန်းလဲမသိ၊ မိုးပြေသည် ငွေမှုန်းပြောသည့် အချိန်တွင်တော့ လုံးဝကြီးကို အာရုံစိုက်ထားမိတော့သည်။

"ငွေမှုန်းကတော့ စာရေးရတာကို ဝါသနာအပါဆုံးပဲ။ စာရေးနေရတာကိုက ပင်ပန်းတာတွေကို ပြေလျော့စေတဲ့ အကောင်းဆုံး အပန်းဖြေမှု ဖြစ်နေတာ"

ကိုယ်စီ ကိုယ်စီ ကိုယ့်ဝါသနာအကြောင်းပြောပြီးသည့်နောက်တွင်တော့ မိုးပြေရဲ့အတန်းတက်ချိန် ရောက်လာပြီဖြစ်သဖြင့် မိုးပြေသည် သူမတို့တွေနှင့် ခင်မင်ရင်းနှီးစွာ စကားပြောချင်သေးပေမယ့်လည်း ဒီနေ့မှာ physics paper II ကျူတိုရီယယ် ရှိနေသဖြင့် ပြန်ဖို့စကားစပြောလိုက်တော့သည်။





"ကဲ ... ငွေမှုန်းနဲ့လွန်းရေ၊ အကြာကြီးထိုင်ပြီး စကားတွေပြောနေချင်ပေမယ့်လည်း အတန်းမှာ ကျူတိုရီယယ် ဖြေရမှာမို့ သွားရဦးမယ်"

"ဟုတ်ပြီ ... ဟုတ်ပြီ၊ သူငယ်ချင်း ကူးနိုင်ပါစေ"

ကျောင်းသူကျောင်းသားတွေအတွက်တော့ အထာကျနေပြီဖြစ်သော ကူးနိုင်ပါစေဆိုသော စကားကို မိုးပြေကလည်း နားလည်စွာဖြင့်ပင် ခေါင်းညိတ်လိုက်တော့သည်။ သွားခါနီးတွင်တော့ ငွေမှုန်းက သူ့ကို ကျူတိုရီယယ် ဖြေနိုင်ဖို့ ခွန်အားတွေရှိလာသည့် ဆုတောင်းလေး ပေးလိုက်၏။

"မိုးပြေ ... ကျူတိုရီယယ် ဖြေနိုင်ပါစေ"

သည်အပြောလေးကြောင့် မိုးပြေရဲ့ခန္ဓာကိုယ်တစ်ခုလုံးဟာ စိမ့်တက်ကာ ဖြောက်တက်သွားသလိုကို ခံစားရသည်။ အဲသလို ခံစားမှုမျိုးကို မိုးပြေ ဒါ ပထမဆုံး ခံစားဖူးခဲ့တာဖြစ်ပါသည်။

"လွန်းနဲ့ ငွေမှုန်းက အခု ဘယ်သွားဦးမှာလဲ"

"အင်း ... ငါတို့လား၊ ဒီမှာ ခဏလောက်ထိုင်ပြီး လေလေး ဘာလေး နည်းနည်းပါးပါးရိုက်၊ ပြီးရင်တော့ ပြန်တော့မယ်လေ ...

ငွေမှုန်းလည်း ငါတို့တက္ကသိုလ်ရဲ့အထာကို တော်တော် နပ်လောက်ပါပြီ"

"ဟုတ်ပါပြီ၊ ကဲ ... ငွေမှုန်း၊ ငါတို့တွေ Saturday ကျမှ ပြန်ဆုံတာပေါ့နော်"

"ဟုတ်ကဲ့"

လွှမ်းနှင့် ငွေမှုန်းကို နှုတ်ဆက်ကာ မိုးပြေသည် အတန်းဘက်သို့ ခြေလှမ်းသွက်သွက်ဖြင့် ထွက်လာခဲ့သည်။ ကျူတိုရီယယ်ကို ဖြေနိုင်ဖို့ ခွန်အားသစ်တွေနှင့် စိတ်အစဉ်တို့သည်လည်း လန်းဆန်းကာ မြောက်ကြွနေတော့ပါသည်။

✻ ✿ ✻





## ၆

လွှမ်းသည် သည်ကနေ့ညနေတွင်တော့ အေးအေးချမ်းချမ်းလည်း ရှိသဖြင့် စက်ဘီးစီးထွက်ရင်း စာအုပ်ဆိုင်ဘက်သို့ဝင်ကာ စာအုပ်ငှားမည်ဟု စိတ်ကူးလိုက်သည်။ ထိုစိတ်ကူးနှင့်အတူ လွှမ်းသည် သွားဖို့အတွက် မေမေ့ကို ခွင့်တောင်းလိုက်သည်။

"မေမေရေ ... လွှမ်း စာအုပ်သွားငှားလိုက်မယ်နော်"

"အင်း ... အင်း ... ဘာနဲ့သွားမှာလဲ"

"စက်ဘီးနဲ့ မေမေ"

မေမေ့ဆီမှ ပါမစ်ရသည်နှင့် လွန်းသည် အိပ်ခန်းထဲသို့ ခပ်သွက်သွက်ဝင်ကာ မှန်ကြည့်၍ ခေါင်းကို နည်းနည်းပါးပါး ဖြီးသင်လိုက်သည်။ မျက်နှာကိုတော့ ဘာမှထပ်မပြင်ဆင်တော့။ အမေမွေးထားတဲ့ ချောချောလေးအတိုင်းကို မပြုပြင်ပါဘဲ နေလိုက်တော့သည်။ အင်္ကျီလည်း လဲမနေတော့ပေ။ တီရှပ်မိုးပြာရောင်ကို ဒူးအထိ ဂျင်းဘောင်းဘီနှင့် တွဲဖက်ဝတ်ထားသော လွန်းသည် လုံးဝကို လွတ်လပ်ပေါ့ပါးနေသလို ခံစားရသည်။ ရေမွှေးတစ်ချက်လောက် ဆွတ်ပြီးလျှင်တော့ နာရီကောက်ပတ်ကာ ပိုက်ဆံနှင့်ဖုန်းကို ဘောင်းဘီအိတ်ကပ်ထဲ ထိုးထည့်၍ လက်စွဲတော်ဘီးလေးကို မ,လာကာ မေမေ့ကို နှုတ်ဆက်ပြီး ထွက်လာခဲ့တော့သည်။

လမ်းတစ်လျှောက်လုံး ခပ်မှန်မှန်နှုန်းဖြင့် နင်းလာရင်း ပတ်ဝန်းကျင်ကို လေ့လာနေမိသည်။ လွန်းတို့ရဲ့ရပ်ကွက်လေးသည် ဆိတ်ငြိမ်၍ ချစ်စရာကောင်းပေသည်။ ညနေခင်းဆိုလျှင်တော့ အားကစားလုပ်သူနှင့် လမ်းလျှောက်ထွက်သူနှင့်ဆိုတော့ စည်စည်ကားကားလေး ရှိပေသည်။





စာအုပ်အငှားဆိုင်သို့ ရောက်လျှင်တော့ လွန်းသည် စက်ဘီးကို ဒေါက်ထောက်ကာ စာအုပ်ဝင်ငှားလိုက်သည်။ စာအုပ်ငှားရင်းနှင့် စာအုပ်ဆိုင်မှ အစ်မကြီးနှင့် နည်းနည်းပါးပါး လေ ရိုက်ပြီးမှ လွန်းသည် စာအုပ်ဆိုင်ထဲမှ ပြန်ထွက်လာတော့သည်။ စက်ဘီးရှေ့ခြင်းထဲသို့ ငှားလာသောစာအုပ်တွေကို ထည့်ကာ ဒိန်ချဉ်ဆိုင်သို့ရွေ့ဖို့ တွေးရင်း ဆက်နင်းလာတော့သည်။ ဒိန်ချဉ်ပါဆယ်ဆွဲလာပြီး အိမ်ပြန်ဖို့အတွက် အိမ်ဆီသို့သာ ဦးတည်နင်းလာတော့သည်။

ခပ်မှန်မှန်လေး စက်ဘီးနင်းလာရင်းမှ လမ်းကွေ့တစ်ခုကို ချိုးချလိုက်သောအခါ တည့်တည့်ကြီးမောင်းလာသော ကားတစ်စီးကြောင့် လွန်းသည် ကိုယ့်စက်ဘီးအရှိန် ကိုယ်မထိန်းနိုင်ပါဘဲ စက်ဘီးရောလူပါ ပုံလျက်သား မြေပြင်ပေါ်သို့ လဲတော့၏။ လွန်းငှားလာသော စာအုပ်များလည်း တစ်စစီပြန့်ကျဲကာ လွန်းဝယ်လာသော ဒိန်ချဉ်ထုပ်ပါ ပြန့်ကြဲကုန်သည့်အပြင် လွန်းရဲ့ခြေထောက်မှာလည်း အတော်လေး အီစိမ့်သွားပြီဖြစ်သဖြင့် လွန်းသည် ဝရုန်းဂရောင် မောင်းလာသော ဟိုကားထဲက ပုဂ္ဂိုလ်ကိုသာ နှာကစ်နေမိ၏။

"ဘာဖြစ်သွားသေးလဲ မိန်းကလေး"

လွန်းသည် ခြေထောက်ကလည်း နာနေသဖြင့် ပုဂ္ဂိုလ်ကို တင်းတင်းနှင့် အော်ပစ်လိုက်တော့သည်။

"ဒီမှာ ... ရှင် ကားကို ဘယ်လိုမောင်းနေတာလဲ"

လွန်းရဲ့ဘုတောစကားကြောင့် ပုဂ္ဂိုလ်သည်သည်း နည်းနည်းတင်းသွားသည်ထင်၏။ သူကလည်း အပြစ်လွှတ်အောင် ပြောလေသည်။

"ဟေး ... ဒီမှာအမိ၊ မင်း စက်ဘီးနဲ့ ကိုယ့်ကား အဝေးကြီးနော်၊ မင်းဘီးကို ထိတောင်မထိဘူး၊ မင်းဘာသာလန့်ပြီးလဲကျသွားတာ၊ ကိုယ်က အနေသာကြီး"

ကြည့်စမ်း ... ဒီလူဟာ အတော်ကို နားမလည်တဲ့ လူပါလား။ အမှန်ဆို သူ မောင်းတာ အချိုးမပြေလို့ လွန်းက ထိမှာစိုးကာ ရှောင်လိုက်တဲ့ဟာကို။

"အို ... ဘာပဲဖြစ်ဖြစ် ရှင်မှားတာ"

"မင်းကကွာ ဒုက္ခပါပဲ၊ ကဲ ... ထားပါတော့၊ ကိုယ့်အမှားပဲ၊ မင်း ဒူးခေါင်းပွန်းသွားတယ်ထင်တယ်၊ သွေးတွေထွက်နေတယ်"





လွန်းသည် သူပြောမှပဲ ကိုယ့်ကိုယ်ကိုယ် သတိထားမိတော့သည်။ လွန်းရဲ့ဒူးတော့ စုတ်ပြတ်သွားပြီထင်ရဲ့။ အခုမှပင် ဒဏ်ရာက စပ်နေတော့၏။

သူကတော့ လွန်းရဲ့ပြန့်ကြဲသွားတဲ့ မဂ္ဂဇင်းနှင့် ဝတ္ထုစာအုပ်တွေကို ကောက်ပေးကာ သူ့ကားပေါ်တွင် တင်လိုက်ပြီး စက်ဘီးကိုထောင်ပေးပြီးလျှင်တော့ လွန်းကို အုပ်မိုးကြည့်ကာ ...

"မင်း ထနိုင်ရဲ့လား၊ ထကြည့်ပါဦး"

သူ့စကားကြောင့် လွန်းသည် မြေပြင်ကို လက်ထောက်အားပြုကာ မတ်တတ်ထရပ်ကြည့်သည်။ ခြေကျင်းဝတ်မှ စူးခနဲ ဆောင့်တက်လာသော နာကျင်မှုကြောင့် လွန်းသည်ပြန်လဲကျသွားပြန်သည်။

"မင်း ခြေသပွတ်တိုင် လည်သွားတယ်ထင်တယ်၊ ကိုယ့်ကိုအားပြုပြီး ထလေ"

သူက လက်တစ်ဖက်ကမ်းပေးလိုက်လျှင် လွန်းသည် သူ့ကို မျက်စောင်းတစ်ချက် ထိုးလိုက်သည်။ လွန်းရဲ့အပြုအမူကြောင့် သူသည် ပြုံးလိုက်ရင်း ...

"ကဲပါ ... ချာတိတ်ရာ၊ မင်း ကိုယ်ကို ယုံယုံကြည်ကြည် အားပြုပြီး ထလိုက်စမ်းပါကွ၊ မင်းက ဒီမှာပဲ ထိုင်နေတော့ မလို့လား"

"အောင်မယ် ... လူကိုများ ဘာချာတိတ်လဲ၊ ရှင်ကကော ဘယ်လောက်တောင်များ ရင့်ကျက်နေတဲ့အရွယ် ရောက်နေလို့လဲ"

လွန်းရဲ့ဆတ်ဆတ်ထိမခံ အပြောကြောင့် သူသည် တဟားဟား အော်ရယ်ရင်း ...

"ကဲပါကွာ၊ မင်းကိုတော့ အလျှော့ပေးပါတယ်နော်၊ ထလိုက်"

သူက လွန်းရဲ့လက်မောင်းကိုကိုင်ကာ တွဲထူပေးသည်။ လွန်းသည်လည်း အားမတန်၍ မာန်လျှော့လိုက်ရသဖြင့် သူ့ရဲ့ထူပွေ့ခြင်းကို လက်ခံရလေတော့သည်။

"ကဲ ... ကားပေါ်ထိုင်၊ ကိုယ် ဘယ်ကိုပို့ပေးရမလဲ၊ ဒါမှမဟုတ် ဆေးခန်းသွားမလား"

"မလိုဘူး၊ ကျွန်မ အိမ်ပဲပြန်မယ်၊ အိမ်ကို လိုက်ပို့ပေးပါ"





သူက လွန်းရဲ့အပြောကို လက်ခံစွာ ခေါင်းညိတ်ပြလိုက်ပြီး လွန်းကို သူ့ရဲ့ကားပေါ်သို့ တွဲပို့ပေးသည်။ သူ့ရဲ့ကားမှာ ပြိုင်ကားပုံစံမျိုးဖြစ်ကာ ကားထဲသို့ထိုင်လိုက်သည်နှင့် အိညက်မွေးပျံ့နေသည်။ လွန်းရဲ့စာအုပ်တွေကိုပါ ကားပေါ်တင်ပြီးသည့်နောက်တွင်တော့ ကားနောက်ဖုံးကိုဖွင့်ကာ လွန်းရဲ့စက်ဘီးကိုပါ တင်လိုက်သည်။ အားလုံးပြီးစီးသွားသည့်အခါတွင်တော့ သူသည် လွန်းပြောသော လိပ်စာဆီသို့ မောင်းနှင်လေတော့သည်။

မောင်းနေရင်းမှ သူသည် ဘာမပြော ညာမပြောနှင့် ဆေးခန်းတစ်ခုရှေ့ ကားကိုရပ်ကာ ဆင်းလိုက်ပြီး လွန်းကိုပါတွဲ၍ ဆင်းစေသည်။

"မင်းဒဏ်ရာက ဆေးခန်းပြသင့်တယ်ကွ"

လွန်းသည် အဲဒီဘဲကြီးကိုတော့ တော်တော့်ကို ကြည့်မရ ဖြစ်နေတော့သည်။ မျက်နှာကိုက တစ်လောကလုံး သူ့လုပ်စာ စားနေရတဲ့ရုပ်နှင့်။ လွန်းသည် မျက်စောင်းကိုသာ တစ်ချိန်လုံး ထိုးနေမိတော့သည်။

ဆေးခန်းကအပြန်တွင်တော့ လွန်းကို အိမ်အထိကို သေချာပြန်လိုက်ပို့ပေးကာ မေမေနှင့်ပင် စကားကောင်းနေ၏။ လွန်းကတော့ သူ ပြန်သွားသည်အထိ အခန်းထဲမှာသာ နေနေလိုက်သည်။

ဘာကြောင့်မှန်းကိုမသိ၊ အဲဒီပုဂ္ဂိုလ်ကြီးကို လွန်းသည် စိတ်ထဲမှာ တော်တော်လေးကို ချဉ်နေမိသည်။

✻ ✺ ✻

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"





လွန်းကြယ်ရောင်ဆင်း ဆိုသော ကလေးမကို အိမ်ပြန်လိုက်ပို့ပေးပြီးကတည်းက သူ့ရဲ့ရင်ထဲတွင် ထိုကလေးမရဲ့ ပုံရိပ်တွေက တရစ်ရစ် စွဲထင်ပေါ်နေတော့သည်။ အင်း ... အခု ဆို သူမ ဘာလုပ်နေမလဲမသိ။

သူ တွေးနေစဉ်မှာပင် သူ့ရဲ့တပည့်လေး ဖိုးမောင်က သူ့ဆီကို ရောက်လာကာ လာပြောသည်။

"အစ်ကိုလေး ... ကားထဲက ခြေနင်းခုံကြားထဲမှာ ဟန်းဖုန်းလေးတွေ့လို့ အစ်ကိုလေးကို လာပေးတာပါ"

သူသည် ဖိုးမောင် လက်ထဲမှ ဟန်းဆက်လေးကို ယောင်နနဖြင့် လှမ်းယူလိုက်ကာ ...

"အေး ... ကျေးဇူးပဲကွာ၊ လုပ်စရာရှိတာ သွားလုပ်တော့"

ဖိုးမောင် ထွက်သွားလျှင် သူသည် ဖုန်းလေးကို တစ်ချက်ဖွင့်ကြည့်လိုက်သည်။ Wallpaper Display ပေါ်တွင် တင်ထားသောပုံလေးကြောင့် သူသည် အံ့ဩဝမ်းသာစွာ ထခုန်မတတ်ပင် ဖြစ်သွားတော့သည်။ အကြောင်းမှာ Display ပေါ်မှ ပုံသည် ဟိုကလေးမ လွှန်းကြယ်ရောင်ဆင်းရဲ့ပုံလေး ဖြစ်သောကြောင့်ပင်။

ခါးတစ်ဖက်ထောက်ကာ ပေစောင်းစောင်းဒီဇိုင်းဖြင့် ရပ်နေကာ ညို့အားပြင်းမျက်ဝန်းများနှင့် ကြည့်နေသော လွှန်းရဲ့ ဓာတ်ပုံသည် သူ့အတွက်တော့ ကမ္ဘာကျော်ပန်းချီကားတစ်ချပ်ကို ကြည့်လိုက်ရသလိုပင်။

ဒါနဲ့ ဒီဖုန်းက ဘယ်လိုက ဘယ်လို သူ့ကားပေါ် ကျကျန်ခဲ့ရတာပါလိမ့်။ အင်း ... ဖြစ်နိုင်တာကတော့ သူမကားပေါ်အတက်မှာ ဘောင်းဘီအိတ်ကပ်ထဲမှ ထွက်ကျလာတာ ဖြစ်လောက်မည်။ ဒါဆိုရင်တော့ ဒီကလေးမ သိပ်မကြာခင်အချိန်မှာပင် သူ့ကို ဆက်သွယ်လာလိမ့်မည်။





သူသည် နာရီကိုတစ်ချက်လှမ်းကြည့်ကာ လွှန်းဆိုသော ကလေးမလေး၏ဖုန်းကို အိတ်ထဲထည့်၍ အောက်ထပ်သို့ ဆင်းလာခဲ့တော့သည်။

သည်အချိန်ဆို breakfast စားဖို့ လေးလေး စောင့်နေတော့ပေမည်။

"မောနင်း လေးလေး"

"ဟား ... မောနင်း သား၊ လာ breakfast စားရအောင်"

လေးလေးက သူ့ကို ကော်ဖီငှဲ့ပေးလျှင် သူသည် လေးလေးကို ပြုံးရွှင်စွာဖြင့်ပင် ကြည့်နေလိုက်သည်။ သူ့ဘဝတွင် အားကိုးအားထားပြုရမည့် ဆွေမျိုးဆိုလို့ သည်တစ်လောကလုံးတွင် လေးလေး ဦးကောင်းမွန် တစ်ယောက်ပဲရှိသည်။ ငွေရေးကြေးရေး ပညာရေး အစစအရာရာ ပြည့်စုံရုံတင်မက လျှံပါကျနေသည့် သူ့ဘဝတွင် မပြည့်စုံတာက မေတ္တာတရားပင်ဖြစ်သည်။ သူ့ရဲ့မိဘတွေက သူ ငယ်ငယ်ကတည်းက ဆုံးပါးသွားကာ သူသည် လေးလေးရဲ့လက်ထဲမှာသာ ကြီးပြင်းလာခဲ့ရသည်။

"သား ... ကောင်းထွင့်၊ ဘာတွေးနေတာလဲ၊ စားလေ"

"ဟုတ်ကဲ့ လေးလေး"

လေးလေးရဲ့စကားကြောင့် သူသည် အတွေးတို့ကို ဖြတ်ကာ ကော်ဖီနှင့်မုန့်ကိုစားရင်း ကျောင်းသွားဖို့အတွက် လေးလေးကို နှုတ်ဆက်လိုက်သည်။

"လေးလေး ... သား ကျောင်းသွားတော့မယ်နော်"

လေးလေးက ပေါ်တီကိုအောက်အထိ သူ့ကိုလိုက်ပို့ပေးသည်။ သူသည် လေးလေးကို လက်ပြကာ ခြံထဲမှထွက်လာခဲ့သည်။

ကျောင်းထဲရောက်ပြီး သူငယ်ချင်းတွေရှိရာ ကန်တင်းသို့အသွားမှာပင် သူ့ရဲ့အိတ်ကပ်ထဲမှ ဖုန်းသံလေးမြည်လာသည်။ ဒါဟာ လွှန်းဆီကဖုန်းဆိုတာကို အတပ်သိကာ သူသည် လွှန်းရဲ့ဖုန်း Display ကို ကြည့်လိုက်တော့လည်း Mymom ဟူသော Name list ကို တွေ့ရသည်၊ ဧကန္တတော့ ဒီကလေးမ အိမ်ဖုန်းနှင့် သူမရဲ့ဖုန်းကို လှမ်းခေါ်တာ ဖြစ်ရမည်။ သူသည် ကန်





တင်းမှာထိုင်ကာ သူ့သူငယ်ချင်းတွေကို အသံမထွက်ဖို့ အချက်ပြလိုက်ရင်း လွှန်းရဲ့ဖုန်းကို ကိုင်လိုက်သည်။

"ဟယ်လို"

"အခုပြောနေတာ ဘယ်သူပါလဲရှင်"

ချိုအီအီ အသံလေးတစ်ခုက သူ့နားထဲကို စီးမျောသွားရင်း သူသည် ထိုကလေးမကို စချင်စိတ် ပေါ်သွားလေသည်။

"အခုပြောနေတာကတော့ အင်မတန်မှကို ကြီးကျယ်မြင့်မြတ်ပြီး ချောမောတဲ့ပုဂ္ဂိုလ်ဖြစ်တယ် ကလေးမရဲ့"

သူက သည်လိုနောက်ကာ ပြောလိုက်လျှင် လွှန်းသည် ချက်ချင်းပင် သဘောပေါက်သွားကာ သူ ဘယ်သူဆိုတာကို အတတ်သိစွာဖြင့် ...

"ဟာ ... ရှင် ... ရှင့်လက်ထဲ ဘယ်လိုလုပ်ပြီး ကျွန်မဖုန်းရောက်နေရတာလဲ"

"အမိက စည်းမရှိ ကမ်းမရှိ ဖုန်းကိုထားခဲ့တာကိုဗျ"

"ထားပါတော့၊ ကျွန်မဖုန်းကို ဘယ်လိုပြန်ပေးမှာလဲ၊ ရှင်အပိုင်တော့ မယူနဲ့နော်၊ ပြဿနာတက်သွားမယ်"

ဘုတောစကားကြောင့် သူသည် အော်ရယ်လိုက်ကာ ...

"မင်းကတော့ကွာ ... ဖိုက်တာကျနေတာပဲ၊ အမြဲတမ်းချဲလင်းလုပ်နေတယ်၊ ကဲပါ ... ကိုယ် မင်းဖုန်းကို ဘယ်ကိုလာပို့ပေးရမလဲ၊ အိမ်ကိုပဲ မှလား"

"အာ ... အိမ်ကိုတော့ မလာနဲ့၊ အင်း ... ဒီလိုလုပ်၊ နောက်နှစ်ရက်လောက်ဆို ကျွန်မခြေထောက်က သက်သာပါပြီ။ အဲဒီတော့မှပဲ ကျွန်မကို ဖုန်းပြန်ပေးတော့ ...

ဒါပေမဲ့ ရှင် အခု ဖုန်းပြောပြီးသွားတာနဲ့ ကျွန်မရဲ့ဖုန်းကို ပိတ်လိုက်တော့။ ရှင့်ကို လူကြီးလူကောင်းအနေနဲ့ယုံကြည်လို့နော်၊ ကျွန်မ ခြေထောက်ကောင်းသွားမှ ဘယ်ကိုလာပို့ရမလဲဆိုတာကို ထပ်ဖုန်းဆက်မယ်"

သူမရဲ့စကားကြောင့် သူသည် မပြင်နိုင်မှန်းသိသဖြင့် နှာခေါင်းတစ်ချက် ရှုံ့ပြလိုက်ပြီးတော့မှ ...





"အိုကေလေ ... မင်း ဖုန်းဆက်မယ့်နေ့ရယ်၊ အချိန်ရယ်ကိုပြော၊ ကိုယ် မင်းဖုန်းကို အဲဒီအချိန်မှာ ဖွင့်ထားရမယ်လေ၊ ဒါမှ မင်း ဆက်လို့ ရမှာပေါ့"

"ဟုတ်ပြီ ... လာမယ့် Sunday နေ့လယ်(၂)နာရီ"

"ကောင်းပါပြီ၊ အဲဒီအချိန် ကိုယ် ဖုန်းဖွင့်ထားလိုက်မယ်နော်"

"ဒါပဲ"

ခပ်ပြတ်ပြတ်လေသံနှင့် သူမက ဖုန်းချသွားပါသည်။ သူသည် ဂတိအတိုင်းပင် ဖုန်းကိုပိတ်လိုက်ကာ အိတ်ထဲပြန်ထည့်လိုက်သည်။ သူ့ရဲ့အခြေအနေကို အကဲခတ်နေသော သူငယ်ချင်းများက သူ ဖုန်းပြောပြီးတော့မှ လှမ်းမေးလိုက်သည်။

"ဘယ်သူ့ဆီကလဲ ကောင်းထွဋ်"

သူငယ်ချင်းတွေရဲ့အမေးကို ခပ်ပြုံးပြုံးပင် ပြန်ဖြေလိုက်သည်။

"ငါ့ရဲ့နောက်ဆုံးသော နတ်သမီးလေး ဖြစ်လာမယ့်သူဆီက ဖုန်း"

အဲသည်စကားဟာ သူ့စိတ်ထဲကနေ တကယ့်ကို နက်နဲစွာ ဖြစ်လာသည့်စကားပင်ဖြစ်သည်။

ဘယ်ဘဝရဲ့ရေစက်ကြောင့်မှန်းကိုမသိ။ လွန်းကြယ် ရောင်ဆင်း ဆိုသည့်အမျိုးသမီးလေးကို မြင်တွေ့မိလိုက်ပါကတည်းက သူ့ရဲ့ရင်ထဲတွင် အမျိုးအမည်မသိသော ခံစားချက်တို့က အလိုလိုကို ပေါက်ဖွားလာတော့သည်။

* ❁ *





ငွေမှုန်းသည် သည်တစ်ပတ် စနေမှာလည်း သင်တန်းကို တစ်ယောက်တည်း သွားရတော့မည်ဖြစ်သည်။ လွန်းတစ်ယောက် စက်ဘီးမှောက်၍ ခြေထောက်ဒဏ်ရာရကာ သင်တန်းမသွားနိုင်ဘူးဆို၍ ငွေမှုန်းသည် ဒီတစ်ပတ်မှာလည်း တစ်ကိုယ်တည်း ရွှေ့ရတော့မည်ပေါ့။

သင်တန်းသို့ ရောက်သောအခါတွင်တော့ ဝီရိယကောင်းစွာ စောရောက်နေသော မိုးပြေကို တွေ့လိုက်ရသည်။ မိုးပြေက ငွေမှုန်းကိုမြင့်လျှင် လက်လှမ်းပြကာ နှုတ်ဆက်ပြီး ငွေမှုန်း ရှိရာသို့ လျှောက်လာ၏။

"ငွေမှုန်း ... ဒီနေ့ နည်းနည်းနောက်ကျတယ်နော်"

"အင်း ... ဟုတ်တယ် မိုးပြေရဲ့၊ ဒီနေ့ နည်းနည်းနောက်ကျသွားတယ်၊ အဟောင်း ... ဒီနေ့လည်း လွန်းတစ်ယောက် သင်တန်းမတက်နိုင်ပြန်ဘူးလေ"

"ဟာ ... ဟုတ်လား၊ ဘာဖြစ်လို့လဲ"

မိုးပြေရဲ့အမေးကြောင့် ငွေမှုန်းသည် ဆက်၍ဖြေလိုက်ရသည်။

"လွန်း စက်ဘီးမှောက်လို့တဲ့၊ အဲဒါ ခြေထောက်နည်းနည်း ဒဏ်ရာရသွားတယ်"

"ဟာ ... ဟုတ်လား၊ တော်တော်များလား"

"အင်း ... သိပ်တော့မများပါဘူး၊ ခြေထောက်နည်းနည်းနာသွားရုံလောက်ပါ"

"သြော်"

သြော် ... ဟူသော စကားကိုသာပြော၍ ငြိမ်သက်သွားသော မိုးပြေသည် ဘာကိုစဉ်းစားနေသလဲတော့ မပြောတတ်ပါ။ သူသည် နည်းနည်းတော့ တွေးနေပုံရသည်ဟု ငွေမှုန်းထင်မိသည်။ တစ်ခဏမှာတော့ မိုးပြေသည် ငွေမှုန်းဘက်သို့ တစ်ချက်လှည့်ကကြည့်ပြီး တွေးတွေးဆဆပုံစံဖြင့် စကားစပြောသည်။

"ဟို ... အပြန် အိမ်ကလာကြိုမှာလားဟင်"





"ဟင့်အင်း ... ဒီနေ့တော့ ငွေမှုန်းဘာသာ Taxi ငှားပြန်မှာ၊ ပန်းဆိုးတန်းဘက်မှာ စာအုပ်ဝယ်စရာလည်းရှိတယ်၊ ပြီးတော့ လွန်းဆီကိုလည်း သတင်းသွားမေးမလို့"

ငွေမှုန်းရဲ့အဖြေစကားကို ကြားပြီးသည့်နောက်တွင်တော့ မိုးပြေက စကားတစ်ခွန်းကို ဆိုလာလေသည်၊ ငွေမှုန်းထင်မှတ်ထားသော စကားကြောင့် ငွေမှုန်းသည် နည်းနည်းတော့ အံ့သြမိလေသည်။

"အဲဒါဆို ငွေမှုန်းနှင့်အတူ ကျွန်တော်ပါ လိုက်လို့ရလားဟင်၊ ကျွန်တော်လည်း ပန်းဆိုးတန်းဘက်မှာ ဝယ်စရာစာအုပ်လေးတွေ ရှိလို့ပါ ...

လိုက်ခွင့်ပြုမယ် မဟုတ်လားဟင်"

အဲဒါမှ အခက်ပင် ဖြစ်တော့သည်။ ငွေမှုန်းသည် သူစိမ်းယောကျ်ားလေးတစ်ယောက်နှင့် မြို့ထဲကို အတူသွားဖို့ဆိုတာက ...။ မျှော်လင့်ကြီးစွာ စောင့်မျှော်နေသော သူ့ရဲ့ပုံစံကြောင့် ငွေမှုန်းသည် မငြင်းရက်တော့ပါ။

အားနာမှုနှင့် စပ်လျဉ်းကာ သူနှင့်အတူ မြို့ထဲမှာ စာအုပ်အတူသွားဝယ်ဖို့ လက်ခံလိုက်တော့မည်။

"ရပါတယ် မိုးပြေ"

ငွေမှုန်းက လက်ခံလိုက်တော့ မိုးပြေသည် ချစ်စဖွယ် ကောင်းစွာ ပြုံးလိုက်ပြီးမှ ...

"ကျေးဇူးအများကြီးတင်ပါတယ် ငွေမှုန်း"

ငွေမှုန်းက သူ့ကိုအသိအမှတ်ပြုသည့် သဘောဖြင့် ခေါင်းလေးတစ်ချက် ဆတ်ပြကာ သင်တန်းခန်းမထဲသို့ ဝင်လာခဲ့တော့သည်။ မိုးပြေကလည်း ငွေမှုန်းရဲ့ဘေးကနေ ထက်ကြပ်မကွာ လိုက်ကာဝင်တော့၏။

သင်တန်းပြီးသောအခါတွင်တော့ ငွေမှုန်းနှင့်အတူ မိုးပြေသည်လည်းပဲ စာအုပ်ဝယ်ဖို့ လိုက်လာခဲ့သည်။

"ကျွန်တော့်မှာ ကားပါတယ် ငွေမှုန်း"

အင်း ... သည်ရှားပါးသူငယ်ချင်းနဲ့တော့ ခက်လှပါသဘိနော်။ သူ့ကားနဲ့ ငွေမှုန်း လိုက်ရပေဦးမည်ပေါ့။ ငွေမှုန်းသည် သူ့ကားနှင့်ပင် စာပေလောကသို့ သွားလိုက်သည်။ စာအုပ်ဆိုင်တွင်တော့ ငွေမှုန်းက ထုံးစံအတိုင်း စာအုပ်ကို စိမ်ပြေနပြေရွေးမည်ဟု လုပ်ကာမှ မိုးပြေကို သွားသတိရကာ ...





"ဟို ... မိုးပြေ စာအုပ်ဝယ်ပြီးရင် ငွေမှုန်းကို မစောင့်နဲ့တော့နော်၊ ငွေမှုန်းက စာအုပ်ရွေးရင် ကြာတတ်တယ်၊ မိုးပြေကို အားနာလို့ပါ"

"ရတယ် ... ငွေမှုန်၊ No problem ငွေမှုန်း စာအုပ်ကို စိတ်ရှည်လက်ရှည်နဲ့သာရွေး၊ ကျွန်တော် ဘယ်လောက်ကြာကြာ စောင့်နိုင်ပါတယ်"

မိုးပြေ တစ်ယောက်နဲ့တော့ ဒုက္ခ။ ငွေမှုန်းသည် သူ့ရဲ့အပြောကို အားတုံ့အားနာနှင့်ပင် လက်ခံရပြန်တော့သည်။ နံဘေးတွင် သူရှိနေသည်ဆိုသော အသိကြောင့်ပင် ငွေမှုန်းသည် လိုချင်သော စာအုပ်များကို ခပ်သွက်သွက်လေးရွေးကာ ငွေရှင်းပြီး ပြန်ထွက်လာခဲ့သည်။

"အခုလို စာအုပ်ရွေးတာကို စောင့်ပေးတဲ့အတွက် ကျေးဇူး မိုးပြေ"

"ရပါတယ်ဗျာ၊ ဩော် ... ဒါနဲ့ ငွေမှုန်း ဘယ်ဝင်ဦးမလဲ"

"ဟင့်အင်း ... မဝင်တော့ပါဘူး"

"ဒါဆိုရင် J'Donuts မှာ တစ်ခုခုသွားစားရအောင်နော်၊ ကျွန်တော် ဗိုက်ဆာနေပြီဗျ"

"ရှင် ... ဩော် ... ဟုတ် ... ဟုတ်ကဲ့"

သည်ကနေ့တော့ ငွေမှုန်းဟာ ပြဿဒါးများဝင်နေလား မပြောတတ်တော့ပါ။ အဲသည်လိုနှင့်ပင် မိုးပြေနှင့်အတူ J'Douts ကို လိုက်လာခဲ့ရတော့သည်။

"ငွေမှုန်း ... လွန်းဆီ သတင်းသွားမေးရင်းနှင့် ကျွန်တော်ပါ လိုက်ခဲ့လိုက်တော့မယ်ဗျာ ...

ကိုယ့်သူငယ်ချင်း ခြေထောက်ထိတာတောင် လာပြီးသတင်းမမေးဘူးဆိုတော့ ဘယ်ကောင်းပါ့မလဲနော်"

"အင်း ... ဒါဆိုလည်း မိုးပြေ လိုက်ခဲ့လေ"

မိုးပြေကတော့ ပြုံးရွှင်စွာဖြင့်ပင် ငွေမှုန်းကို ခေါင်းညိတ်ပြ၏။ အင်း ... ဒေါ်ရွှေလွန်းရေ၊ နင့်ဆီကိုတော့ မိုးပြေနှင့်အတူ ငါလာပြီဟေ့။

စိတ်ထဲကနေ တွေးနေရင်းက ငွေမှုန်းသည် သက်ပြင်းတစ်ချက်ကို မသိမသာ ချလိုက်မိသည်။

ငါ ဘာဖြစ်နေတာပါလိမ့်။ ငွေမှုန်းရဲ့စိတ်တွေတစ်ခုလုံးသည် ဘာရယ်ကြောင့်မှန်းမသိ။ တစ်ကိုယ်လုံး ရှိန်းတိန်း





တိန်း ဖိန်းတိန်းတိန်းဖြစ်ကာ နေရထိုင်ရ အတော်လေးကို ခက်နေပေ၏။ အဲသည်ခံစားမှုမျိုးဟာ ရှက်ခြင်းလို အဓိပ္ပာယ်ပြန်ရရင်တော့ ငွေမှုန်းသည် အဲသည် မိုးပြေဆိုသောလူချောလေးကို မြင်မိပါကတည်းက ရင်တွေခုန်လာကာ ရှက်သလို ဖြစ်နေပါတော့သည်။

"ဒါဆိုရင် သွားကြရအောင်လေ"

"ဟုတ်ကဲ့"

မိုးပြေနှင့် ငွေမှုန်းသည် J'Doneuts ထဲက ထွက်လာခဲ့ပြီး လွန်းဆီသို့ သွားလိုက်ကြတော့သည်။

လွန်းဆီသို့ ရောက်သည့်အခါတွင်တော့ လွန်းသည် ငွေမှုန်းနှင့်အတူ မိုးပြေကိုပါ တွဲမြင်လိုက်ရသည့်အတွက် အံ့ဩမှုနှင့်အတူ လွန်းရဲ့မျက်နှာပေါ်က ခံစားမှုအရိပ်သည် မြန်လွန်းအားကြီးစွာ ဖြတ်ပြေးသွားသောကြောင့် ငွေမှုန်းသည် ဘယ်လိုမှကို ဖမ်း၍မရတော့ချေ။

"ဟယ် ... မိုးပြေပါ ပါလာတာကိုး"

"ဟုတ်တယ် ... သက်သာရဲ့လား လွန်း"

"လုံးဝအကောင်းကြီးပါကွာ"

လွှန်းရဲ့မေမေကတော့ ခေတ်မီသောမိခင်ပီပီ အိမ်ကို ယောကျာ်းလေးသူငယ်ချင်းလာသည့်ကိစ္စနှင့် ပတ်သက်ပြီး ဘာ ရှော့ခ်မှမရှိ။ အေးဆေးပင်ဖြစ်၏။

လွှန်း၊ မိုးပြေနှင့် ငွေမှုန်းတို့ သုံးယောက်သား စကားကောင်းနေရင်းမှ လွှန်းသည် တစ်စုံတစ်ခုကို သတိရသွား ဟန်ဖြင့် ငွေမှုန်းရဲ့နားနားသို့ကပ်ကာ တိုးတိုးလေး ကပ်ပြောသည်။ ပြီးတော့မှ မိုးပြေဘက်သို့လှည့်ကာ ...

"မိုးပြေ ဒီမှာ ခဏထိုင်ဦးနော်"

လွှန်းက ခေါ်သွားသဖြင့် ငွေမှုန်းသည် အနောက် ဘက်သို့ ပါသွားရသည်။ အဲသည့်အချိန်မှာပင် လူခေါ်ဘဲလ်က လှမ်းတီးသဖြင့် မေမေက တံခါးကိုသွားဖွင့်ပေး၏။ လွှန်းနှင့်ငွေမှုန်း သည်လည်း ဘယ်သူပါလိမ့်ဆိုသော သိချင်စိတ်ဖြင့် လှမ်းကြည့် လိုက်တော့သည်။

ဖြူစင်သော အသားအရေလေးနှင့် လိုက်ဖက်စွာ ခန့်ထည်ချောမောသော ရုပ်ရည်ပိုင်ရှင် အမျိုးသားလေးတစ်ယောက် ဖြစ်လေသည်။ ကြေးညိုရောင် ဆံပင်ကာလာနှင့် သူသည် F4 ဇာတ်ကားထဲမှ ယွန်းဂျီဟိုနှင့် အတော်လေးကို ဆင်ပေသည်။





အဲဒီလိုမျက်နှာပိုင်ရှင်ကို မြင်လိုက်တာနှင့် လွှန်းနှင့် ငွေမှုန်းတို့သည် ပုံစံတစ်မျိုးစီဖြင့် မျက်နှာပျက်သွားကြတော့သည်။ လွှန်းကတော့ အမြင်ကတ်သောကြောင့် မျက်နှာကို မဲ့လိုက်သလို ငွေမှုန်းကတော့ အံ့အားသင့်မျက်ဝန်းတွေဖြင့် သူ့ကိုငေးကြည့်နေ မိသည်။

သူ ... သူ့ကို ငွေမှုန်း ကောင်းကောင်းသိတာပေါ့။ ငွေမှုန်းနှင့် သူ့ရဲ့ပတ်သက်မှုတစ်ခု တစ်ချိန်က ရှိခဲ့ဖူးတာပေါ့။ သူက ဘယ်လိုကနေ ဘယ်လို လွှန်းရဲ့အိမ်ကို ရောက်လာရတာပါ လိမ့်။

ငွေမှုန်းရဲ့အတွေးအာရုံတွေ ဖြန့်ခင်းနေတုန်းမှာပဲ လွှန်းက ခပ်တိုးတိုးလေးသံဖြင့် ငွေမှုန်းကို ပြောပြသည်။

"ဟဲ့ ... အဲဒီဘဲကြီးလေ၊ သူ့ကားနဲ့ငြိပြီး ငါ စက်ဘီး မှောက်ရတာ၊ ဘာကြီးမှန်းကို မသိဘူး၊ အမြင်ကတ်စရာ ကောင်းပါ့"

ဩော် ... လွှန်း စက်ဘီးမှောက်တာက သူ့ကြောင့် ကိုး။

"သမီးရေ ... လွန်း၊ လာပါဦးကွယ်"

"ဟာ ... မေမေကတော့ လုပ်ပြီကွာ၊ ဒုက္ခပဲ၊ ကဲ ... လာ ငွေမှုန်း အိမ်ရှေ့သွားရအောင်"

လွန်းက ငွေမှုန်းရဲ့လက်ကို ဆွဲခေါ်သောကြောင့် ငွေမှုန်းသည် ချက်ချင်းပင် ပြန်ရှန်းကာ...

"ဟို ... ငါ ဒီမှာပဲ နေတော့မယ်လေ၊ ဧည့်သည်ရှိနေတဲ့ ဟာကို နင့်ဘာသာပဲ သွားလိုက်ပါ"

"အာ ... နင်ကလည်း လိုက်ခဲ့ပါ၊ အိမ်ရှေ့မှာ မိုးပြေလည်း ရှိတာပဲ"

အင်း ... ဒါလည်း ဟုတ်တာပဲ။ ဒါပေမဲ့လည်း ငွေမှုန်းသည် သူနှင့်တွေ့ချင်စိတ်လည်း မရှိပါ။ ငွေမှုန်းကိုလည်း 'သူ မမြင်စေလိုပါ။

"ဟဲ့ ... လာပါတယ်"

"ဟို ... မလိုက်ချင်လို့ပါဟာ၊ ဧည့်သည်ပြန်သွားမှပဲ ထွက်လာတော့မယ်၊ မိုးပြေကိုတော့ နင်ပဲ ဧည့်ခံထားလိုက်တော့နော်"





လွန်းက ငွေမှုန်းရဲ့အပြောကို မကျေနပ်သော ဟန်လုပ်ကာ မျက်စောင်းလေး ချီလိုက်ပြီး ...

"ဟုတ်ပါပြီ၊ ငါ့သူငယ်ချင်းလေးက ရှက်တတ်တယ်ဆိုတာ မေ့သွားလို့ပါရှင်"

လွန်းက ပြောင်စပ်စပ် မျက်နှာလေးဖြင့် ငွေမှုန်းကို နောက်ကာ အိမ်ရှေ့သို့ ထွက်သွားလေတော့သည်။ လွန်း ပြောသလိုပင် ငွေမှုန်းက သိပ်ကိုအရှက်ကြီးသော မိန်းကလေးတစ်ယောက်ပင်။ အဲသည်လို အစွန်းရောက်မှုတွေဟာ မကောင်းမှန်း သိပါလျက်နှင့်ကို ငွေမှုန်း ဘာကြောင့် လက်မလွှတ်မိခဲ့တာပါလိမ့်။

ငွေမှုန်းအတွက်ကတော့ အချစ်သည် ရင်မောခြင်းတစ်မျိုးပင် ဖြစ်ပေလိမ့်မည်ဟု ကြိုတင်တွက်ဆထားမိသည်။ ဒါကြောင့်မို့လည်း ငွေမှုန်းဟာ တစ်ယောက်သောသူကို၊ ချစ်ပါလျက်နှင့်ကို မျက်စိစုံမှိတ်ကာ မေ့ဖျောက်ပစ်ခဲ့ခြင်းပင် ဖြစ်လေသည်။

* ✿ *

# ၁၃

လွန်းသည် ကိုယ့်ရဲ့ဖုန်းကို ပြန်ယူနိုင်ဖို့အတွက် ဟိုဘိုးတော်ကြီးဆီကို ဖုန်းဆက်ရပေဦးမည်။ အဲသည့်ပုဂ္ဂိုလ်ကို ဘယ်ဘဝရဲ့ရေစက်ကြောင့်မှန်းကိုမသိ လွန်းသည် စတွေ့ကတည်းကို အမြင်ဇော်တော်ကပ်နေခဲ့သည်။ သူ့ကိုယ်သူ အခြောက်တိုက် ဘဝင်မြင့်နေတဲ့ အထာကြီးနှင့် လွန်းကို စကားပြောပုံက တော်တော်လေးကို ကြည့်မရဖြစ်ရသည်။ ပုဂ္ဂိုလ်က ဆေးကျောင်းသား ဆိုပြီး ဘဝင်မြင့်နေတာနေမှာ။

လွန်းသည် စိတ်ထဲတွေးနေရင်းမှ လွန်းရဲ့ဖုန်းကို လှမ်းခေါ်လိုက်သည်။ ဖုန်းက network busy အထာတွေကိုင်ပြီးမှပဲ ဝင်သွားတော့သည်။ ဖုန်းမြည်သံ သုံးချက်လောက်မှာတော့ ကိုယ်တော်က ဖုန်းလာကိုင်ပါသည်။





"ဟိုင်း ... လွန်းကြယ်ရောင်ဆင်း၊ နေလို့မှ ကောင်းရဲ့လား"

"ကဲ ... အပိုတွေလာပြောမနေနဲ့၊ ကျွန်မဖုန်းကို ဘယ်မှာလာပြန်ယူရမလဲ"

လွန်းရဲ့ခပ်ပြတ်ပြတ် အမေးစကားကြောင့် သူသည် တစ်ချက်တော့ ငြိမ်သက်သွားပြီးမှ စကားပြန်ပြောသည်။

"ကိုယ်က အခု spider web မှာကွ"

"united ကွန်ဒိုထဲမှာပေါ့"

"မင်း မဆိုးဘူးပဲ၊ ဗဟုသုတ ကြွယ်ဝလာပြီ"

ကြည့်စမ်း ... ဘယ်လောက် အမြင်ကတ်ဖို့ ကောင်းသလဲ။ လွန်းကိုများ မနေ့ကမှ တောကတက်လာသူလို့ ထင်နေသလားဟယ်။

"ရှင့်လို တောမှာမွေးတဲ့သူ မဟုတ်တော့ ဗဟုသုတကြွယ်ဝတယ်၊ ရှင် သဘောပေါက်"

"ဟား ဟား ... တောမှာမွေးတဲ့သူတွေ တော်တော်များများက အောင်မြင်ကျော်ကြား ခန့်ညားသူတွေချည်းပါပဲကွ"

လွန်းကို မနိုင်နိုင်အောင် စကားကိုကပ်ပြောနေတဲ့ အဲသည်ပုဂ္ဂိုလ်အနားမှာသာရှိကြည့်  နပ်နပ်ကိုစဉ်းပစ်လိုက်ချင် လောက်အောင် လွန်းသည် အတော်တင်းနေပြီဖြစ်သည်။

"ဒီမှာ ... ကျွန်မဖုန်းကို ဘယ်နေရာမှာ လာယူရမလဲ ပြောပါ"

"ကိုယ် spider web မှာပဲ စောင့်နေမယ်လေ၊ ဖုန်းပြန် ပေးတဲ့အတွက် မင်းက ကိုယ့်ကို လပြည့်ဝန်းက Aroma မှာ ကော်ဖီလိုက်တိုက်နော်"

"ဖုန်းပြန်ရမှ ဆက်ပြောတာပေါ့၊ ကျွန်မ အခုပဲ ထွက်လာ ခဲ့မယ်"

"ကောင်းပါပြီ ခင်ဗျာ၊ ဒါဆို ကိုယ် လပြည့်ဝန်းရှေ့မှာပဲ စောင့်နေတော့မယ်၊ spider web ကိုလာရင် မင်း ပင်ပန်း မှာစိုးလို့ပါ"

လွန်းသည် သူပြောသောစကားလည်းဆုံးရော ဖုန်း ကိုပိတ်ပစ်လိုက်တော့သည်။ ပြီးလျှင်တော့ ခပ်သွက်သွက်ပင် ဟို ပုဂ္ဂိုလ်ရှိရာ လပြည့်ဝန်းပလာဇာသို့ သွားလိုက်တော့သည်။





လွန်းရောက်သောအခါတွင်တော့ ကိုယ်တော်ချော က ကားပါကင်တွင် ကားတံခါးကိုမှီ၍ ဟန်ကျကျလက်ပိုက်ကာ လွန်းကို စောင့်နေပေသည်။ လွန်းသည် ကြေးညိုရောင်ကုပ်ထောက် ဆံပင်ရှည်လေးနှင့် အဲသည်ပုဂ္ဂိုလ်ကို တစ်ချက်တော့ ငေးမိသွား သည်။ ဘော်ဒီဖစ်ခရမ်းရောင်တီရှပ်ကို ဂျင်းအရှည်နှင့် တွဲဖက်ဝတ် ကာ ခေါင်းကြီးကြီး ခါးပတ်တစ်ခုက ပိုလို့ သူ့ကိုစတိုင်ကျသွား အောင် ပြုလုပ်ထားသည်။ သူ့ရဲ့ပုံစံဟာ လုံးဝကို သန့်ပြန့်နေပြီး ကိုရီးယားမင်းသား ဂျီဟိုနှင့်တောင် သွားဆင်နေသည်။ အဲဒီပုဂ္ဂိုလ်ရဲ့ ပုံစံကို ဓာတ်ပုံရိုက်ပြီး မိုးစုတို့ကိုပြလိုက်လျှင် တော်တော်မိုက်တဲ့ အဆင်လို့တောင်ပြောမှာ အသေအချာပင်ဖြစ်သည်။

"ဟေး ... ကိုယ့်ကိုတော့ သိပါသေးတယ်နော်"

သူက စကားဆိုလိုက်မှ လွန်းသည် ချက်ချင်းသတိ ဝင်လာပြီး ...

"ဘယ်မှာလဲ ... ကျွန်မဖုန်း"

"မင်းကလည်းကွာ ဖြည်းဖြည်းပေါ့ ပေးမှာပါ၊ ကဲ ... Aroma မှာ တစ်ခုခုသောက်ရအောင်၊ လာပါကွ"

လွန်းသည် သူ့စကားအတိုင်းပင် လပြည့်ဝန်းထဲသို့ ဝင်ကာ Aroma မှာ ကော်ဖီသောက်ဖြစ်ကြသည်။ ဆိုင်တစ်ဆိုင်မှာ လူနှစ်ယောက် ထိုင်နေကြပြီဆိုကတည်းက တော်လ်ကီကတော့ ပြောသင့်တာပေါ့။ သူက စတင်၍ လွန်းကို စကားဆိုလေသည်။

"မင်းနဲ့ကိုယ် နောက်တွေ့ရင် ခေါ်လို့ရတယ်မှလား"

သူ့ရဲ့စကားကို လွန်းသည် ခေါင်းတစ်ချက် ဆတ်ပြခြင်းဖြင့် အသိအမှတ်ပြုလိုက်သည်။ လွန်းရဲ့အဲသည့်ခပ်တည်တည် ပုံစံကြောင့် သူက တစ်ချက်ပြုံးလိုက်ကာ ...

"ကိုယ်ကတော့ လူတွေ တစ်ယောက်နှင့်တစ်ယောက်တွေ့ကြဆုံကြတာဟာ ရေစက်ရှိလို့လို့ ယုံကြည်တယ်၊ အဲဒီတော့ မင်းနဲ့ကိုယ်ကလည်း ရေစက်ရှိလို့ အခုလို လာဆုံတာပေါ့ ...

မင်း ကိုယ့်ကို အစာသိပ်မကြေဘူးဆိုတာ ကိုယ်ပေါက်ပါတယ်၊ ဒါပေမဲ့ကွာ မင်းက ကျေအေးသင့်ပါပြီ၊ ကိုယ် ဖြစ်ခဲ့သမျှ မတော်တဆတွေအတွက် တောင်းပန်ပါတယ်၊ ကျေနပ်ပါနော်"





ဒီလိုဆိုတော့လည်း ပုဂ္ဂိုလ်က သိပ်တော့မဆိုးပါ။ အမှန်တော့လည်း လွန်း စက်ဘီးမှောက်တာဟာ ကိုယ့်ဘာသာ ကားလာတာကို မြင်လိုက်ရရ၍ ကြောက်လန့်ပြီး စက်ဘီးက လဲကျသွားတာဖြစ်သည်။

အင်းလေ ... ကျေနပ်လိုက်တာ ကောင်းပါတယ်။

"ဟုတ်ပါပြီ၊ ကျွန်မ ခေါင်းထဲထည့်ကိုမထားတော့ဘူး"

"Thank you ... ဒါဆိုရင် မင်းနဲ့ကိုယ် ဘော်ဘော်တွေဖြစ်သွားပြီနော်"

လွန်းက ခေါင်းကို အသာအယာညိတ်ပြလိုက်သည်။ သူကတော့ ကျေနပ်သွားဟန်ဖြင့် ပြုံးလိုက်ရင်း ...

"မင်းနဲ့ကိုယ်က ဘော်ဒါတွေ ဖြစ်သွားပြီဆိုတော့ တစ်ယောက်အကြောင်း တစ်ယောက်တော့ သိထားသင့်တယ် ထင်တာပဲ"

"ရှင် စပြောလေ"

"အင်း ... ကိုယ့်နာမည်က ကောင်းထွဋ်၊ ကိုယ်က 3rd MB တက်နေတာ ...

ကိုယ့်အကြောင်းက ထွေထွေထူးထူးတော့ သိပ်မရှိပါဘူး၊ ကိုယ်က ဦးလေးနဲ့ အတူနေတယ်၊ မိဘတွေကတော့ မရှိတော့ဘူး"

သူ့အကြောင်းကို သိရသောအခါ လွှန်းသည် သူ့ကို ကရုဏာသက်မိသွားသည်။ လွှန်းက သူ့ကို အစစအရာရာ ပြည့်စုံသာလွန်ဟဲ့ အမျိုးသားလေးဟု ထင်ထားခဲ့တာ၊ အခုတော့ သူ့ခမျာ အကြီးမားဆုံး ဆုံးရှုံးမှုတစ်ခု ရှိနေတာကိုး။

"ကဲ ... မင်းအကြောင်းကကော"

သူက မေးလာ၍ လွှန်းသည် လွှန်းရဲ့အကြောင်းကို ပြောပြဖြစ်၏။ လွှန်းအကြောင်းကို နားထောင်ပြီးသောအခါ သူကလွှန်းကို အားကျသလို ငေးမောကာ ...

"လွှန်းကအဘက်ဘက်ကကို ပြည့်စုံတာပဲ၊ တကယ် ကံကောင်းတယ်"

"ရှင်ကလည်း ထူးချွန်တဲ့သူပါ၊ အနာဂတ်ရဲ့ထွန်းတောက်လာမယ့် ဆရာဝန်လောင်း"

လွှန်းရဲ့အပြောကို သူက အသာပြုံးရင်း ...





"ကဲပါ ဒါတွေထားလိုက်ပါတော့၊ ရော့ ... မင်းရဲ့ဖုန်း"

သူက ဖုန်းလေးကို လှမ်းပေးလိုက်ပြီး ...

"စစ်ကြည့်လိုက်ဦးလေ"

"ရပါတယ်၊ ဘော်ဒါတွေ ဖြစ်နေပြီပဲ ယုံလိုက်ပါ့မယ်"

လွှန်းရဲ့ထုံးစံအတိုင်း နောက်ရွှတ်ရွှတ်ပြောလိုက်လျှင် သူက ရယ်ကာနေလေသည်။ သူ့ရဲ့ရိုးသားပုံလေးကို လှေ့လာကြည့်သောအခါ အရင်တုန်းကလောက်တော့ အမြင်မကတ်တော့ပါ။ နည်းနည်းတော့ ခင်လာပြီဟု ထင်မိပါသည်။

"ကဲ ... ကျွန်မလည်း သွားတော့မယ်၊ ဒီဝိုင်းကို ကျွန်မ ရှင်းတာနော်"

"Thank you ပါ လွှန်း၊ မင်းဆီဖုန်းဆက်လို့ ရပါတယ်နော်"

"အင်း ... အကြောင်းကိစ္စရှိရင် ဆက်ပေါ့"

လွှန်းနှင့်သူ အတူတူပင် လျှောက်လာခဲ့ပြီးမှ သူက ပါကင်ရောက်ခါနီးတွင်တော့ ...

"လွှန်း သွားနှင့်တော့၊ ဒါပေမဲ့ ကားပါကင်မှာ ခဏတော့ စောင့်နော်"

လွှန်းသည် ခေါင်းညိတ်ပြကာ ရှေ့ကနေ ထွက်လာခဲ့သည်။ တစ်ခဏတွင်တော့ သူက လွှန်းကို ရေခဲမုန့်ခြောက်ထုပ်လေးကို ဘာမပြော ညာမပြောဘဲ လက်ထဲထည့်ပေးလေ၏။

"ဟင် ... ဘာလုပ်တာလဲ"

"ဟိုတစ်ခါ ဒိန်ချဉ်တွေ မှောက်သွားတုန်းက လွှန်းကို ဘာမှအလျော်မပေးခဲ့ရဘူးလေ၊ ဒီရေခဲမုန့်ခြောက်ကို ကိုယ်အလျော်ပေးတာပါ၊ လက်ခံလိုက်ပါနော်"

အင်း ... ဒီလိုလူမှုဆက်ဆံရေးကောင်းမှုလေးကတော့ အသိအမှတ် ပြုချင်စရာပါပဲ။ လွှန်းသည် သူပေးသော ရေခဲမုန့်ခြောက်လေးကို ကျေနပ်စွာဖြင့်ပင် လက်ခံလိုက်တော့သည်။

"Thank you very much ... အင်း"

လွှန်းသည် စကားကို ခေတ္တရပ်လိုက်ပြီး သူ့ကို ဘယ်လိုခေါ်ရင်ကောင်းမလဲ စဉ်းစားလိုက်သည်။ သူက လွှန်းထက် တစ်နှစ်ကျော် နှစ်နှစ်နီးနီးလောက် အသက်ကြီးတယ်ဆိုတော့ respect လေးတော့ ရှိသင့်တာပေါ့။





"ကိုကောင်းထွင့် ... ကျေးဇူး"

"အာ ... အခေါ်အပြောက အထာလုံးဝမကျဘူးကွာ၊ ဒီခေတ်ကြီးထဲမှာ သူငယ်ချင်းကို ဒီလိုခေါ်တယ်"

"ဪ ... အဲလိုတော့ ဟုတ်ဘူးလေ၊ ရှင်က လွှန်းထက် စီနီယာကျတော့ respect ပေးရတာပေါ့၊ အင်း ... ဒါဆို ဘယ်လိုခေါ်ရမှာလဲ"

"လွှန်း အဆင်ပြေမယ့် နာမ်စားသုံးပါ၊ သူစိမ်းမဆန်ရင် ပြီးတာပါပဲ"

သူ့ရဲ့စကားကြောင့် လွှန်းသည် ပြုံးလိုက်ပြီးမှ ...

"ကဲ ... လွှန်း သွားတော့မယ်နော် ကိုထွင့် ... Bye Bye"

"အဲလိုခေါ်တာလည်း ကောင်းပါတယ်"

လွှန်းသည် သူ့ကိုနှုတ်ဆက်ကာ လပြည့်ဝန်းထဲက ကားမောင်းထွက်လာခဲ့တော့သည်။

သည်ကနေ့အတွက်တော့ လွှန်းအဖို့ မိတ်ဆွေတစ်ယောက်ရရှိလိုက်ခြင်းဟာ အတော်ကို ပျော်ဖို့ကောင်းပေသည်။

အထူးသဖြင့် အမြင်ကတ်သော ပုဂ္ဂိုလ်လေးကို ခင်မင်လာအောင် ပြုလုပ်ပေးသော ကံကြမ္မာကြီးကိုတော့ လွန်း အံ့ဩမိပါသည်။

* ❁ *





လွန်းရဲ့အိမ်မှ ပြန်လာတဲ့နေ့ကစပြီး ငွေမှုန်း၏စိတ် အာရုံတို့သည် တစ်စုံတစ်ရာကိုသာ တွေးတောစဉ်းစားနေမိသည်။ ကိုထွဋ်နဲ့ လွန်းရဲ့ပတ်သက်မှုဟာ တစ်ချိန်မှာ ဘယ်လောက် အတိုင်းအတာထိ ရှိလာမလဲဆိုတာကို ငွေမှုန်း တွေးကြည့်မိသည်။ တစ်ခါက ကိုထွဋ် ငွေမှုန်းကို ချစ်ခွင့်ပန်ခဲ့ဖူးသည်ကို လွန်းကို လည်း မသိစေချင်ပါ။ တခြားဘယ်သူ့ကိုမှလဲ မသိစေချင်ပါ။

ငွေမှုန်း ဆယ်တန်းကျောင်းသူဘဝတုန်းက ကိုထွဋ် က ငွေမှုန်းကို ချစ်ခွင့်ပန်ခဲ့ဖူးသည်။ အချစ်ဆိုတာကို နဖူးတွေ့ ဒူးတွေ့ ခံစားလိုက်ရသည့် အခါမှာတော့ ငွေမှုန်းသည် အချစ်၏ ဒဏ်ကို သိပ်တော့ခံနိုင်ရည်စွမ်း မရှိခဲ့ပါ။

ဆေးကျောင်းသားလည်းဖြစ်သလို ရုပ်ရည်ရူပကာသဘောမနော အပြော အစစအရာရာ ဘာတစ်ခုမှ ပြောစရာမလိုအောင် ပြီးပြည့်စုံသည့် ကိုထွင့်ကို ကျနေသော မိန်းကလေးတွေ အပုံအပင်ရှိပါလျက် ငွေမှုန်းလို မနူးမနပ် ချာတိတ်မကို ချစ်ရခြင်းဟာ အကြောင်းရင်းတစ်ခုခုတော့ ရှိရမည်ဟု သံသယဝင်ခဲ့သဖြင့် ငွေမှုန်း ကိုထွင့်ကို အဖြေမပေးဖြစ်ခဲ့။

အဲသည်လို အဖြေမပေးခဲ့လိုက်တာကပဲ ငွေမှုန်းအတွက် ခပ်ကောင်းကောင်းရယ်လို့ ဆိုရပေမည်။ ခိုင်မာသေချာသော သတင်းတစ်ခုကို ငွေမှုန်း ကြားသိလိုက်ရတာကတော့ ကိုထွင့်ဟာ ငွေမှုန်းကို အလောင်းအစားနှင့် ရအောင်လိုက်ခဲ့တာဖြစ်ကြောင်း အတိအကျကို သိခဲ့ရသည်။ အဲသည်ကစ၍ ငွေမှုန်းရဲ့နှလုံးသားတို့သည်လည်း အချစ်၊ ဂုဏ်သိက္ခာ၊ ရှက်ရွံ့မှုအဲသည့်အကြောင်းတရားတွေကြောင့် မခံစားနိုင်တော့လောက်အောင် လူးလိမ့်ခံစားရကာ ကွဲကြေခဲ့ရတော့သည်။

အချစ်ကို ခုတုံးလုပ်ကာ အလောင်းအစားလုပ်ရက်လေခြင်းဟုလည်း တွေးမိကာ ကိုထွင့်ကို စိတ်နာမိသည်။ သည်





ကိစ္စတွေဟာ အရှက်ကြီးလွန်းသူ ငွေမှုန်းကိုမှ လာဖြစ်စေသည့်အတွက် အချစ်ဆိုသောအသံကို ကြားတာနှင့်ကို တစ်ကိုယ်လုံးတုန်ယင်ကာ ကြောက်လန့်လာမိတော့သည်။

အဲသည့်အတိတ်တွေကို မေ့ထားတာ တစ်နှစ်ကျော်ကြာခဲ့ပြီးမှ ကိုထွင့်က ငွေမှုန်းရဲ့သူငယ်ချင်း လွန်းဆီသို့ တစ်ကျော့ပြန် ဝင်ရောက်လာတာလားဟု တွေးမိလိုက်သေးသည်။ မဖြစ်ပါစေနဲ့ ... အဲသလိုမျိုး လုံးဝမဖြစ်ပါရစေနဲ့။

တကယ်လို့ ကိုထွင့်က လွန်းကို တကယ်ချစ်ခဲ့တာဆိုရင်ကော ... ...။

ငွေမှုန်းကကော အခုချိန်ထိ ကိုထွင့်ကို ချစ်နေဆဲပဲလား။ ဟင့်အင်း ... ဒါတော့ မဖြစ်နိုင်လောက်ပါ။ ငွေမှုန်းကအချစ်ဆိုတာကို ကြားတာနဲ့ကို ကြောက်နေပြီ ဖြစ်သဖြင့် ကိုထွင့်ကို ချစ်နေဆဲဆိုတာကတော့ မဖြစ်နိုင်တော့တာ သေချာလေသည်။

တစ်ချိန်ကတော့ တလှပ်လှပ်နှင့်ကို နင့်သီးနက်ရှိုင်းစွာ ချစ်ခဲ့ဖူးပါသည်။

အတိတ်က ဓာတ်လမ်းကို တွေးနေတုန်း ဝင်လာသော ဖုန်းမြည်သံကြောင့် ငွေမှုန်းသည် အတွေးစကိုဖျောက်ကာ ဖုန်းကိုင်လိုက်တော့သည်။

"ဟယ်လို"

"ဟို ... ငွေမှုန်းလားဟင်"

ကြည်လင်စူးရှသော အသံတစ်ခုက ငွေမှုန်းရဲ့နားစည်ထဲသို့ ဖြတ်သန်းဝင်ရောက်သွားတော့သည်။

သူ ဘယ်သူပါလိမ့်။ ငွေမှုန်းဆီကို ယောကျာ်းလေးဆိုလို့ ဘယ်သူမှ ဆက်ဖူးတာမဟုတ်။ သည်ကြည်လင်စူးရှသော အမျိုးသားအသံဟာ ဘယ်သူများပါလိမ့်။

"ဟုတ် ... ဘယ်သူပါလဲရှင်"

"ကျွန်တော် မိုးပြေပါ ငွေမှုန်း"

မိုးပြေ ... အဲဒီတစ်ယောက် ဘာကိစ္စများရှိလို ငွေမှုန်းဆီကို ဖုန်းဆက်ရတာပါလိမ့်။

"သြော် ... ပြောပါ မိုးပြေ"

"ဟို ... ကိစ္စအထွေအထူးတော့ မရှိပါဘူး၊ ငွေမှုန်း အာရဲ့လားဟင်၊ ဖုန်းပြောလို့ ရရဲ့လား"





"ဟုတ် ... ရပါတယ်၊ ပြောပါ"

အလိုက်အထိုက်သာ ပြောနေပေမယ့် စိတ်ထဲတွင်တော့ နည်းနည်းစဉ်းစားမိသွားသည်။ မိုးပြေဟာ ငွေမှုန်းရဲ့ဖုန်းနံပါတ်ကို ဘယ်လိုသိတာပါလိမ့်။

ငွေမှုန်းရဲ့အတွေးကို သိနေသည့်အလား မိုးပြေက ငွေမှုန်း သိချင်နေသည့်အရာကို ပြောပြလေသည်။

"ဒီဖုန်းနံပါတ်က ကျွန်တော့်ဖေဖေရဲ့ဖုန်းစာအုပ်ထဲက တွေ့တာပါ ...

ငွေမှုန်းနှင့် ဖုန်းပြောချင်တာနှင့် ငွေမှုန်းရဲ့အိမ်ဖုန်းကို ဆက်လိုက်တာ"

"သြော်"

သူ ဒီလိုပြောလိုက်ကတည်းက ငွေမှုန်းသည် စာရေးဆရာမပေါက်စလေးပီပီ ဘာကိုမှ မယ်မယ်ရရ မရှိပါဘဲ ပြောချင်လို့ဆက်ခြင်းကို သဘောပေါက်လိုက်ပါသည်။ ဒါကို တစ်နည်းဆိုရရင် ဒီလိုမျိုး ဖုန်းပြောခြင်းဟာ အဲဒီစီကလီဖုန်းပြောခြင်းဟု တချို့ကပြောတာ ကြားလိုက်မိသလိုရှိသည်။

"ငွေမှုန်း မနက်ဖြန် ကျောင်းတက်ရမှာပေါ့နော်"

"ဟုတ်တယ်"

"ကျွန်တော်တို့ကျောင်းကို နောက်တစ်ကြိမ်လာလည်ဖို့လည်း ဖိတ်ပါတယ်နော်"

"ဟုတ်ကဲ့ပါရှင်၊ ငွေမှုန်း အားတဲ့အချိန်ဆိုရင်တော့ လာခဲ့ပါ့မယ်"

ငွေမှုန်းသည် သူနှင့်ဖုန်းပြောရခြင်းနှင့် ပတ်သက်ပြီး စိတ်ထဲမှာ တစ်မျိုးမည်သော ခံစားမှုတစ်ခုက ရှိနေသလိုပင်။ အဲသည့် မိုးပြေဆိုသော သူဟာ ငွေမှုန်းအတွက်တော့ သူငယ်ချင်းအရင်းကြီး တစ်ယောက်လို ခံစားလို့မရသူဖြစ်သည်။ သူ့ရဲ့ပုံစံဟာ (အခြားသူတွေအတွက်ဆို) ခင်မင်ဖို့ ကောင်းပေမယ့် ငွေမှုန်းကတော့ သူ့ကို ဘာကြောင့်မှန်းမသိ သိပ်မခင်သလိုပင်။

"ငွေမှုန်း အခု ဘာလုပ်နေတာလဲဟင်"

"အင် ... ငွေမှုန်းလား ဘာမှမလုပ်ဘူး ဒီတိုင်းပဲ"

"ဩော် ... အင်း ... ဒါဆိုလည်း ငွေမှုန်း နားတော့လေ၊ မနက်လည်း ကျောင်းတက်ရဦးမယ်ဆိုတော့ ..."





"ဟုတ်ကဲ့"

ငွေမှုန်းက ဖုန်းချတော့မည်လုပ်ကာမှ မိုးပြေက သြရှရှလေသံဖြင့် မေးလေသည်။

"ငွေမှုန်း ဟန်းဖုန်းကိုင်လားဟင်"

"ဟုတ် ... ကိုင်ပါတယ်"

"ဟိုလေ ... ကျွန်တော့်ကို ငွေမှုန်းရဲ့ဖုန်းနံပါတ်လေးပေးထားပါလားဟင်၊ ဖြစ်နိုင်မယ် ဆိုရင်ပေါ့"

"ရပါတယ် ... xxxxxx တဲ့ ...

ကဲ ... ဘာပြောစရာရှိသေးလဲဟင်"

"မရှိတော့ပါဘူး၊ ဒါပဲနော် ငွေမှုန်း ..

Good Night"

မိုးပြေ ဖုန်းချသွားသောအခါတွင်တော့ ငွေမှုန်းသည် ဖိစီးမှုတစ်ခု ရှိနေသလိုကို လေးလံသောစိတ်တို့ဖြင့် ခပ်ငေးငေးလေး နေလိုက်တော့သည်။ မိုးပြေရဲ့ရိုးသားစွာ ချဉ်းကပ်မှုတစ်ခုကြောင့် ငွေမှုန်းသည် ရင်မောနေရသလို ကိုထွဋ်က လွန်းနှင့် ဘယ်အထိများ ပတ်သက်လာလေဦးမလဲဟူသော အတွေးကြောင့်

စိတ်လည်းမောနေရသေးသည်။ အဲသည့်ဖိစီးမှုတွေနှင့် ကင်းလွတ်သော အချိန်ကာလကို ငွေမှုန်းသည့် မျှော်လင့်စောင့်စားနေမိပါတော့သည်။

* ✿ *





"ဘယ်လို ... ဒါဆို မင်းက အချစ်စစ်ကို ရှာဖွေတွေ့ရှိသွားပြီပေါ့၊ ဟုတ်"

ပိုင်စိုးရဲ့တအံ့တသြလေသံဖြင့် အမေးကို မိုးပြေသည် ကြည်နူးပြုံးရွှင်စွာဖြင့်ကို ခေါင်းညိတ်ပြလိုက်သည်။ နှလုံးသားရဲ့ တိကျသေချာသော ဆုံးဖြတ်ချက်ကို ပိုင်စိုးတို့ ပြောပြလိုက်သဖြင့် ပိုင်စိုးတို့က သူ့ရဲ့နှလုံးသားကို တိကျလှချည်လားဟု ပြောစမှတ်ပြုနေကြသည်။

"နေစမ်းပါဦး ... အစက မင်း ဟတ်ထိနေတာ လွန်းမဟုတ်ဘူးလား၊ အခု ဘယ်လိုကဘယ်လို"

မိုးပြေသည် ကျော်ကျော်ရဲ့အမေးကြောင့် ပြုံးလိုက်ကာ တွေးမိသွားသည်။ ဟုတ်လည်း ဟုတ်သည်။ အစတုန်းက

တော့ သူဟာ သူ့ရဲ့နှလုံးသားကို ဘာသာပြန်တတ်ဖို့ ကြိုးစားနေစဉ် အဆင့်တုန်းက လွှန်းကို စွဲလမ်းမိသလို ဖြစ်ခဲ့ဖူးသည်။ လွှန်းကို ချစ်တယ်ဆိုတာ သေချာရဲ့လားဆိုတော့ သူ့နှလုံးသားက တိတိပပ ဘာမှအဖြေမထုတ်ပေးနိုင်ခဲ့။

အမှန်တော့ မိုးပြေသည် လွှန်းရဲ့သွက်လက်ပွင့်လင်းချက်ချာမှုတို့ကို ခင်မင်ကာ လွှန်းရဲ့အလှတို့မှာ အနည်းငယ်နစ်မျောသွားခြင်းကြောင့် ချစ်သည်ဟု ထင်ခဲ့ခြင်းပင်ဖြစ်သည်။

အခုတော့ မိုးပြေသည် ကိုယ်တကယ်ချစ်တဲ့သူ ဘယ်သူလဲ ဆိုတာကို ကွဲပြားစွာ ခွဲခြားတတ်သွားပေပြီ။ ငွေမှုန်းကို မြင်တွေ့လိုက်ရသောအခါတွင်တော့ မိုးပြေရဲ့နှလုံးသားသည် တဒိတ်ဒိတ်နှင့် တိုးခုန်လာကာ ငွေမှုန်းကို ချစ်တဲ့စိတ်တို့က အလိုလိုကို ပေါ်ပေါက်လာခဲ့တာဖြစ်သည်။

ငွေမှုန်းကို သူ ဘယ်အချိန်မှာ ချစ်သွားမိတာလဲ ဆိုတာကိုတော့ မပြောတတ်ပေ။ ငွေမှုန်းရဲ့ရိုးရိုးအေးအေးပုံစံလေးကို သူ အလွန်ပင် သဘောကျသည်။ သူ ချစ်မိပါသော ငွေမှုန်းသည် ဒီဘက်ခေတ်ကာလသမီးပျိုလေးများလို show ပွဲတွေ ဘာ





တွေ၊ ပျော်စရာရွှင်စရာတွေကို မခုံမင်ဘဲ သူ့ဘာသာသူ အေးအေးဆေးဆေး စာရေးနေသူလေးပင်ဖြစ်သည်။ သူမက တစ်နေ့မှာ နာမည်ရ စာရေးဆရာမတစ်ယောက် ဖြစ်လာအောင် ကြိုးစားမည် ဆိုသော စိတ်ဓာတ်ဖြင့် ရည်ရွယ်ရာပန်းတိုင်သို့ ဖြည်းဖြည်းမှန်မှန် သွားနေသူလေးလည်း ဖြစ်သည်ဟု လွှန်းဆီကတစ်ဆင့် ကြားသိရသည်။

ငွေမှုန်းရဲ့မျက်နှာလေးဟာ အရမ်းကို အေးချမ်းလှသည်ဟု ထင်မိပါသည်။ ခပ်ပြည့်ပြည့် ကိုယ်လုံးလေးနှင့် လိုက်ဖက်အောင် မြင့်မားသော အရပ်အမောင်းကိုလည်း ပိုင်ဆိုင်ထားကာ ငွေမှုန်းရဲ့ မျက်လုံးလေးများသည် အရည်ကြည်လဲ့ကာ ဖန်ဂေါ်လီလုံးလေးနှင့်တူနေပြီး သူက အဲဒီအရည်လဲ့ ဖန်လုံးမျက်ဝန်းလေးဆီသို့ တစ်ဘဝစာလုံး ကွန်းခိုချင်နေမိသည်။

အဲသည်လို အေးချမ်းတဲ့ မျက်နှာလေးပိုင်ရှင် ငွေမှုန်းက စာရေးဆရာမရုပ် ပေါက်သည်ဟု ပြောရမည်။ သူတွေ့ဖူးတဲ့ စာရေးဆရာမတို့၏ပုံစံမှာလည်း အလွန်ကို ကျက်သရေရှိကာ အေးချမ်းနေကြပေသည်။

"အေး ... မိုးပြေ၊ ငါတို့ဘေးထားပြီး တွေးသာတွေးဟော့"

ကျော်ကျော်က သူ့လက်မောင်းကို ဖြန်းခနဲလှမ်းရိုက်လိုက်မှ သူ့အတွေးစ ပြတ်သွားတော့သည်။ ငွေမှုန်းအကြောင်း အတွေးလွန်သွားသဖြင့် သူ့ဘာသာသူ ရှက်ရယ်ရယ်ကာ ...

"ဆောရီး ... မင်းမေးတဲ့ မေးခွန်းကိုဖြေဖို့တွေးရင်းက အတွေးလွန်သွားတာ ... အဟဲ"

"အင်း ... ဖြစ်ရမယ်၊ ကဲ ... ဆိုစမ်းပါဦး၊ မင်း ငွေမှုန်းကို ဘယ်လိုကြောင့်ချစ်"

ကျော်ကျော်က ထပ်မေးသဖြင့် မိုးပြေသည် ငွေမှုန်းရဲ့မျက်နှာလေးနှင့် မပွင့်တပွင့် ပုံလေးကို မျက်စိထဲတွင် မြင်ယောင်လိုက်ပြီးမှ ဖြည်းဖြည်းချင်း ပြောလိုက်သည်။

"အချစ်ဆိုတာက ပြောရခက်တယ်ကွ၊ ငါ ငွေမှုန်းကို ဘယ်အချိန်က ချစ်သွားတာလဲ ဆိုတာတော့ မပြောတတ်ဘူး။ ဒါပေမဲ့ သူ့ကို ငါ့ရင်ထဲမှာ နက်နက်ရှိုင်းရှိုင်းကို ချစ်မိသွားတာကွ ...





အဲဒီလို အလိုလို ပေါက်ဖွားလာတဲ့ အချစ်အတွက် ငါ့မှာ ပေးစရာ ဘာ reason မှ မရှိဘူး"

"အား ... အချစ်ကိုဖွင့်ဆိုလိုက်တဲ့ဒိုင်ကတော့ ပြင်းသလား မမေးနဲ့ဟော့၊ ငါတို့ရဲ့ဘော်ဒါကြီး မိုးပြေက အချစ်ကို တကယ်ပဲ တွေ့ရှိသွားတာကိုး"

ပိုင်စိုးရဲ့အပိတ်စကားလေးကိုတော့ မိုးပြေသည် တကယ်ပင် နှစ်သက်မိလေသည်။ အင်း ... ပိုင်စိုးရဲ့စကားက လုံးဝကိုမှန်သည်။ မိုးပြေသည် ငွေရည်မှုန်းဟူသော အချစ်ကို တကယ်ပင် တွေ့ရှိခဲ့လေပြီ။ အဲသည်အချစ်က မပျက်ပြယ်သော အချစ်ဆိုတာကိုတော့ သူ့ဘာသာပဲ သိသည်။

တစ်ယောက်က တစ်ယောက်ကို ချစ်မိသွားပြီဆိုတာနှင့် အဲဒီတစ်ယောက်ရဲ့အချစ်ကို အသိအမှတ်ပြု လက်ခံလာအောင် ကြိုးစားရခြင်းမှာ တာဝန်တစ်ခုပင် မဟုတ်ပါလား။ အဲသည့်တော့ကား ငွေမှုန်းကိုချစ်နေပြီဆိုတာဟာ လုံးဝသေချာနေမှတော့ သူ့ရဲ့အချစ်ကို ငွေမှုန်း လက်ခံလာအောင် သူ ကြိုးစားရတော့မည်။

"ဟား ... ဟော့ကောင်ရေ၊ ဟိုမှာ လွန်း လာနေတယ်။ မင်းဆီလာတာပဲ ထင်တယ်၊ သွားလိုက်ဦး"

မိုးပြေသည် ခပ်ပြုံးပြုံးမျက်နှာဖြင့် တက်ကြွစွာ လှမ်းလာသော လွန်းကို တစ်ချက်ပြုံးကာ နှုတ်ဆက်လိုက်သည်။

"ဘယ်လာတာလဲ ... လွန်း"

"နင့်ဆီပဲ တမင်လာတာ မိုးပြေရေ၊ အကူအညီတောင်းစရာ ရှိလို့"

"ပြောလေ၊ ဘာကူညီပေးရမလဲ"

"ငါ့ကို ကူညီရမှာ မဟုတ်ဘူး၊ ငွေမှုန်းကို ကူညီရမှာ"

ငွေမှုန်း ... ငွေမှုန်းဟူသော နာမည်ကို ကြားလိုက်တာနှင့် သူ့ရဲ့ကိုယ်ဟာ ဆတ်ခနဲ ထောင်မတ်သွားကာ နှလုံးသားကတော့ ကူညီပေးဖို့ stand by အနေအထား ရှိနေခဲ့သည်။

သူ့ရဲ့လက်ခနဲဖြစ်သွားသော မျက်လုံးကို ပိုင်စိုးတို့ကတော့ ရိပ်မိစွာ ပြုံးစိစိ ဖြစ်နေပေမယ့် လွန်းကတော့ သတိမထားမိဘဲ ဆက်ပြောလေသည်။





"ငွေမှုန်းတို့ကျောင်းမှာ English စာ Thesis လုပ်ပေးရမယ်၊ အဲဒါ နင့်ဆီက data ဆန်းဆန်းလေးတွေရှိရင်လို ချင်လို့"

ဟိုက် ... ကုသိုလ်ကံတွေကတော့ စွတ်ကိုတက်နေပြီဟော့။ မိုးပြေရဲ့ဝါသနာမှာ Internet က ဗဟုသုတဖြစ်မည့် အကြောင်းအရာတွေကို momory stick ထဲမှာထည့်၍ စားတမ်းပြုစုရခြင်းပင်ဖြစ်သည်။ အဲသည်ဝါသနာက မိုးပြေ အတွက် လက်တွေ့ကို အသုံးတည့်နေပေသည်။

"စိတ်ချ ... ငါ့ဆီမှာ ငွေမှုန်း လိုချင်လောက်မယ့် data တွေ အများကြီးရှိတယ်။ ငါ ကူညီပေးမယ်"

"အိုကေ ... ဒါဆိုရင်တော့ Thank you ပဲဟာ ... ကဲ ... ငါလစ်လိုက်ဦးမယ်"

လွန်းက နှုတ်ဆက်ပြီး ထွက်သွားသောအခါ ပိုင်စိုးက လွန်းရဲ့နောက်ပိုင်းအလှကို ငေးမောနေရင်းနှင့် ခပ်တိုးတိုး စကားဆိုလေသည်။

"သည်လောက်လှတဲ့ မိန်းကလေးကိုလည်း မချစ်တဲ့သူက ရှိသေးတယ်နော်၊ အဲဒါပြောတာပေါ့၊ အချစ်ဆိုတာ ဆန်းပါတယ်လို့"

ဟုတ်လည်း ဟုတ်ပေသည်။ လွန်းနှင့် ငွေမှုန်းကို ယှဉ်ကြည့်မယ်ဆိုရင် ငွေမှုန်းထက် လွန်းက ပိုလှတယ်ဆိုတာ သိသာပါသည်။ သို့ပေမယ့်လည်း သူ့နှလုံးသားကတော့ဟိုသီချင်းလိုပင် "ကိုယ်ဟာမင်းကို လှလို့ချစ်တာမဟုတ်၊ ချစ်လို့လှတာပါ" ဆိုသလို ငွေမှုန်းကိုလည်း သူက ချစ်မိသည့်အတွက် ငွေမှုန်းကသာ သူ့ရင်ထဲက လမင်းတစ်စင်းပင်။

အဲသည်လို ချစ်နေတာ သေချာနေပြီဆိုမှတော့ သူ့ရဲ့အချစ်တို့ကို ဖွင့်ဟဝန်ခံဖို့အတွက် အချိန်တစ်ခုကိုတော့ မျှော်လင့်လျက် ရှိပါသည်။

* ❁ *





လွန်းသည် ဘောင်းဘီအိတ်ကပ်ထဲတွင် ထည့်ထားသောဖုန်းလေးကို ထုတ်ယူလိုက်စဉ်တွင်တော့ missed call ခြောက်ခုက လွန်းကို အခန့်သား ဆီးကြိုစောင့်နေပေသည်။ လွန်းသည် missed call ခြောက်ခုရဲ့ တစ်ခုတည်းသောနံပါတ်ကို ပြန်ခေါ်လိုက်တော့သည်။ သူကလည်း ဇရိယာပြင်ပအထာပြပြီးမှ လိုင်းကဝင်သွားတော့သည်။

"ဟယ်လို"

"လွန်း ... အေး၊ မင်း ဘယ်ရောက်နေတာလဲ၊ ကိုယ် မင်းဆီ ဆက်နေတာ ကြာပြီ"

"သိတယ် ... ပြော ဘာကိစ္စ"

"မင်း အခု ဘယ်မှာလဲ"

လွန်းသည် သူ့ကိုပြောသင့် မပြောသင့် တစ်ချက်စဉ်းစားလိုက်သည်။ အို ... ကိုယ်ဘယ်မှာရှိတယ်ဆိုတာပြောလဲဘာဖြစ်မှာမှတ်လို့။

"လွန်းက united living mall မှာ"

"ဟာ ... ဟုတ်လား၊ shopping လာတာပေါ့"

"အင်း ... window shopping သဘောပါ၊ သူငယ်ချင်းနဲ့လာတာလေ"

"လွန်း ... မင်းဆီ ကိုယ်လာလို့ရမလား၊ ကိုယ်က အခုကျောက်မြောင်းထဲမှာ သူငယ်ချင်းတစ်ယောက်အိမ်မှာ၊ အဲဒါ မင်းရှိတဲ့နေရာနဲ့ဆို နီးနီးလေးပဲ၊ ကိုယ်လာခဲ့မယ်နော်"

လွန်းသည် သူလာခဲ့မယ်ဆို၍ နည်းနည်းတော့ အကျပ်ရိုက်သွားရသည်။ အဲသည် ကောင်းထွန်း ဆိုသည့်ကိုယ်တော်ဟာ ဘယ်လိုရေစက်ကြောင့် လွန်းရဲ့အနားမှာ တွယ်ကပ်နေမှန်းမသိပါ။ တစ်နေ့ တစ်နေ့ အကြောင်းမရှိ အကြောင်းရှာ





ရမယ်အမျိုးစုံရှာ၍ လွန်းဆီသို့ ဖုန်းဆက်ကာ ပလီစီချောက်ချက်စကားတွေ ပြောတော့သည်။ ကိုထွန်း သူမကို ဘယ်လိုသဘောထားသလဲဆိုတာကို မိန်းကလေးဖြစ်သောလွန်းက အထာပေါက်ပါသည်။

"ဟေး ... လွန်း၊ လာခဲ့မယ်နော်လို့"

"အင်း ... မလာပါနဲ့တော့၊ လွန်းတို့လည်း အခုပဲ ပြန်တော့မှာ၊ ဒါပဲနော် ကိုထွန်း ... ဘိုင့်ဘိုင်"

လွန်းသည် ဖုန်းကိုပိတ်ကာ ဘောင်းဘီအိတ်ကပ်ထဲသို့ ပြန်ထည့်လိုက်ပြီး ငွေမှုန်း ရှိရာသို့ ထွက်လာလိုက်သည်။

"ဟဲ ... ဟဲ ... ဆောရီး ငွေမှုန်း၊ ဖုန်းပြောတာ ကြာသွားတယ်"

"ရပါတယ်ဟယ်၊ ကိစ္စမရှိဘူး၊ နင် ဘာဝယ်ဦးမလဲ"

"အင်း ... မဝယ်တော့ဘူး"

"အဲဒါဆိုလည်း ပြန်ကြရအောင်လေ"

"အင်း ... သုံးနာရီတောင် ထိုးတော့မယ်"

လွန်းသည် လက်မှနာရီလေးကို တစ်ချက်ငုံ့ကြည့်ကာ တိုးဖွဖွရေရွတ်လိုက်သည်။

သည်အချိန်လောက်ဆိုရင် မိုးပြေ တစ်ယောက် ဘာတွေများ လုပ်နေမှာပါလိမ့်။

အဲဒီအတွေးနှင့်အတူ ...

"ဟဲ့ ... ငွေမှုန်း၊ ငါတို့နှစ်ယောက် ကြေးအိုးမစားတာ တောင် ကြာပြီ၊ ဘယ်လိုလဲ သွားစားကြမလား"

ငွေမှုန်းကို အဖော်ညှိလိုက်လျှင် ငွေမှုန်းကလည်း ပဲမများ အိုက်တင်မခံဘဲ ချက်ချင်းပင် ခေါင်းညိတ်သဘောတူလိုက်ကာ ...

"ကောင်းသားပဲ၊ သွားကြတာပေါ့၊ ဘယ်ဆိုင်သွားမလဲ"

"အင်း ... ဆရာစံက YKKO ပဲ သွားမယ်လေ"

လွန်းနှင့် ငွေမှုန်းသည် နှစ်ယောက်သား စည်းဝါးရိုက်ကာ Unied Living Mall က ထွက်လာပြီး ဆရာစံလမ်းရှိ YKKO ဘက်သို့ ထွက်လာလိုက်တော့သည်။ ကြေးအိုးဆိုင်





အရောက်တွင်တော့ ဆိုင်ထဲသို့မဝင်ခင်မှာပင် လွန်းသည် တစ်ကြိမ်တစ်ခါမှ မခေါ်ဖူးသော မိုးပြေရဲ့ဖုန်းကို လှမ်းခေါ်လိုက်သည်။ ဖုန်းကလည်း သဘောမနောကောင်းစွာဖြင့်ပင် တစ်ချက်တည်းနှင့် လိုင်းဝင်သွားတော့သည်။

"ဟယ်လို ... မိုးပြေလား"

"........."

"အင်း ... အခု ငါတို့က ဆရာစံက YKKO မှာလေ၊ နင် သဒ္ဓါပေါက်ရင် လာရှင်းဖို့ ခေါ်တာပေါ့"

"........."

"အိုကေ ... စောင့်နေမယ်နော်"

လွန်းက ဖုန်းကိုပိတ်ကာ ဘောင်းဘီအိတ်ထဲ ထည့်လိုက်ပြီးလျှင်တော့ ငွေမှုန်းဆီက အသံထွက်လာတော့သည်။

"ဟဲ့ ... မိုးပြေကို ဒီလာဖို့ ခေါ်နေတာလား"

"အဟဲ ... ဟုတ်တယ်လေ၊ ငါတို့သုံးယောက် ဆုံရအောင် ခေါ်လိုက်တာ ကဲပါ ... လာဝင်ရအောင်"

သည့် Thesis ကို သူက အားကြိုးမာန်တက်နှင့် ရှာပေးသတဲ့လား။ အဲသည်အတွေးကြောင့်ပင် ငွေမှုန်းရဲ့ နှလုံးသားတစ်ခုလုံးသည် နွေးထွေးရှိန်းမြလို့ သွားလေတော့သည်။

"ကျေးဇူး မိုးပြေ"

"လွန်း"

အဲသည့်အသံနှစ်ခုဟာ တစ်ပြိုင်တည်းဆိုသလိုပင် သံပြိုင်ထွက်လာကြသည်။ ငွေမှုန်း၊ လွန်းနှင့် မိုးပြေပါ အသံလာရာဆီကို လှည့်ကြည့်လိုက်တော့ တွေ့လိုက်ရသူကား ကောင်းထွဋ်ပင်ဖြစ်သည်။

လွန်းကတော့ အံ့အားသင့်စွာဖြင့် "လာလေ"ဟု သူ့ကို ဖိတ်ခေါ်လေသည်။ ငွေမှုန်းကတော့ ကိုထွဋ်များ ငါ့ကို မြင်သွားရင်ဆိုသည့် အတွေးဖြင့် သွေးပျက်နေစဉ်မှာပင် သူက ငွေမှုန်းရဲ့မျက်နှာချင်းဆိုင် ခုံမှာပင် ဝင်ထိုင်ကာ ငွေမှုန်းကိုတစ်ချက် လှမ်းကြည့်လိုက်သည်။ အဲသည့်အကြည့်မှာပင် ကိုထွဋ်ဟာ ငွေမှုန်းကို ချက်ချင်းမှတ်မိသွားကာ "ဟင်"ဆိုသော အာမေဋိတ်ကိုပြုကာ ငွေမှုန်းကို မှင်သေစွာကြည့်နေမိသည်။





ကိုထွဋ်ကတော့ ငွေမှုန်းကို မြင်လိုက်ရသောအခါ ထိတ်လန့်မှုတစ်ခုကြောင့် အတိုင်းသား ငေးကြည့်နေမိတာကိုပင် ငွေမှုန်းက ဘာမှမဖြစ်သလို နေနိုင်တာကိုပင် ကိုယ့်ဘာသာတစ် ဆိတ်အံ့သြမိလေသည်။

သည်လောက်အထိ သွေးအေးအေးဖြင့် ခပ်ပြုံးပြုံးနေနိုင်သော ငွေမှုန်းရဲ့နှလုံးသားကိုတော့ ဆလံပေးမိပါရဲ့။ အားလုံးရဲ့စကားသံတွေ တိတ်ဆိတ်နေစဉ်မှာပင် ကြေးအိုးဆိုင်ထဲမှ သီချင်းသံတစ်ခုက အေးငြိမ့်ငြိမ့်လေး ထွက်လာပေသည်။

"ငါလေ ချစ်ခဲ့ဖူးလို့သာ xxx မမေ့တာ တစ်ခုတည်းပါ xxx ကျန်တာ မင်းနဲ့ပတ်သက်ရင် xxx အရာရာကို ငါစိတ်နာနေပြီ"

လင်းလင်းရဲ့ လွမ်းရုံသက်သက်ပါဆိုသော သီချင်းလိုပင် ငွေမှုန်းကလည်း သူ့ကို ချစ်ခဲ့ဖူးလို့ မမေ့တာကလွဲလို့ သူနဲ့ပတ်သက်သမျှ အရာရာတိုင်းကို စိတ်နာနေခဲ့တာ ကြာပြီဖြစ်လေသည်။

ငွေမှုန်းရဲ့လက်ကိုဆွဲကာ လွန်းကတော့ ဆိုင်ထဲသို့ ဝင်လိုက်လေသည်။ ငွေမှုန်းကတော့ သိပ်မကြာခင် အချိန်မှာ မိုးပြေရှိန်း ဆိုသည့် ပုဂ္ဂိုလ်လေး ငွေမှုန်းတို့ရှိရာသို့ လာတော့မည် ဆိုတာကိုတွေးရင်း စိတ်ထဲမှာ တစ်မျိုးတစ်မည်သော ခံစားချက်တို့ ပေါ်လာလေသည်။ ရိုးသားကြည်လင်သော မျက်လုံးပိုင်ရှင်လေး မိုးပြေရဲ့မျက်နှာကို မြင်ယောင်ကာ နှလုံးခုန်သံတို့က တိုးတိုးလေး ခုန်ထွက်လာလေတော့သည်။

“ဝေး ... မိုးပြေ၊ ငါတို့က ဒီမှာ”

လွန်းရဲ့လှမ်းခေါ်လိုက်သံကြောင့် ငွေမှုန်းသည် သူမတို့ဆီ လှမ်းလာနေသော မိုးပြေရဲ့ပုံစံကို ငေးနေမိသည်။ အဖြူခံပေါ်တွင် အပြာရောင်ကွမ်းရိုးစင်း ကျဲကျဲများပါသော ရှပ်အင်္ကျီလက်ရှည်ကို တံတောင်ဆစ်နားအထိ လက်ခေါက်ဝတ်ထားကာ ခပ်စိပ်စိပ်ပုဆိုးလေးဖြင့် သပ်ရပ်ခန့်ညားနေသည်။ အေးချမ်းသော အပြုံးလေးတစ်ခုက သူ့ကိုစတိုင်လ်တစ်မျိုးဖြစ်စေသည်။

“ဟာ ... ငွေမှုန်းပါ ပါလာတာလား”





သူက အံ့အားသင့်သည့်ပုံစံဖြင့် ငွေမှုန်းကို စတင်နှုတ်ဆက်သည်။

“အင်း ... ဟုတ်တယ်လေ”

ငွေမှုန်းက သူ့ကိုငေးနေမိရင်းက ဖြေမိဖြေရာ ယောင်တောင်တောင် ဖြေလိုက်လျှင် သူကတော့ သတိမထားမိသလို မျက်နှာဖြင့် ခေါင်းငုံ့ပြုံးသည်။

အဲဒီလို ပုံစံလေးတွေကို ငွေမှုန်း မြင်လိုက်တိုင်း နှလုံးသားတစ်ခုလုံးသည် ဖျော့တော့နွမ်းလျသွားသည် ဆိုတာကို ရိပ်မိသိရှိခဲ့ပါသည်။

“ဩော် ... ဒါနဲ့ ငွေမှုန်း Thesis အတွက် သုံးလို့ရမယ်ထင်တဲ့ data လေးတွေတောင် ကျွန်တော် ယူလာသေးတယ် ... ရော့”

သူ့ရဲ့အင်္ကျီအိတ်ကပ်ထဲမှ memory stick လေးကို ငွေမှုန်းဆီသို့ လှမ်းပေးလိုက်သည်။ ငွေမှုန်းသည် တကယ်ပင် သူ့ကို အံ့ဩမိလေသည်။ ငွေမှုန်းတောင် ဘာမှစမလုပ်ရသေး

သည့် Thesis ကို သူက အားကြိုးမာန်တက်နှင့် ရှာပေးသတဲ့လား။ အဲသည်အတွေးကြောင့်ပင် ငွေမှုန်းရဲ့ နှလုံးသားတစ်ခုလုံးသည် နွေးထွေးရှိန်းမြလို့ သွားလေတော့သည်။

"ကျေးဇူး မိုးပြေ"

"လွှမ်း"

အဲသည့်အသံနှစ်ခုဟာ တစ်ပြိုင်တည်းဆိုသလိုပင် သံပြိုင်ထွက်လာကြသည်။ ငွေမှုန်း၊ လွှမ်းနှင့် မိုးပြေပါ အသံလာရာဆီကို လှည့်ကြည့်လိုက်တော့ တွေ့လိုက်ရသူကား ကောင်းထွဋ်ပင်ဖြစ်သည်။

လွှမ်းကတော့ အံ့အားသင့်စွာဖြင့် "လာလေ"ဟု သူ့ကို ဖိတ်ခေါ်လေသည်။ ငွေမှုန်းကတော့ ကိုထွဋ်များ ငါ့ကို မြင်သွားရင်ဆိုသည့် အတွေးဖြင့် သွေးပျက်နေစဉ်မှာပင် သူက ငွေမှုန်းရဲ့မျက်နှာချင်းဆိုင် ခုံမှာပင် ဝင်ထိုင်ကာ ငွေမှုန်းကိုတစ်ချက် လှမ်းကြည့်လိုက်သည်။ အဲသည့်အကြည့်မှာပင် ကိုထွဋ်ဟာ ငွေမှုန်းကို ချက်ချင်းမှတ်မိသွားကာ "ဟင်"ဆိုသော အာမေဋိတ်ကိုပြုကာ ငွေမှုန်းကို မှင်သေစွာကြည့်နေမိသည်။





ကိုထွဋ်ကတော့ ငွေမှုန်းကို မြင်လိုက်ရသောအခါ ထိတ်လန့်မှုတစ်ခုကြောင့် အတိုင်းသား ငေးကြည့်နေမိတာကိုပင် ငွေမှုန်းက ဘာမှမဖြစ်သလို နေနိုင်တာကိုပင် ကိုယ့်ဘာသာတစ် ဆိတ်အံ့သြမိလေသည်။

သည်လောက်အထိ သွေးအေးအေးဖြင့် ခပ်ပြုံးပြုံးနေနိုင်သော ငွေမှုန်းရဲ့နှလုံးသားကိုတော့ ဆလံပေးမိပါရဲ့။ အားလုံးရဲ့စကားသံတွေ တိတ်ဆိတ်နေစဉ်မှာပင် ကြေးအိုးဆိုင်ထဲမှ သီချင်းသံတစ်ခုက အေးငြိမ့်ငြိမ့်လေး ထွက်လာပေသည်။

"ငါလေ ချစ်ခဲ့ဖူးလို့သာ xxx မမေ့တာ တစ်ခုတည်းပါ xxx ကျန်တာ မင်းနဲ့ပတ်သက်ရင် xxx အရာရာကို ငါစိတ်နာနေပြီ"

လင်းလင်းရဲ့ လွမ်းရုံသက်သက်ပါဆိုသော သီချင်းလိုပင် ငွေမှုန်းကလည်း သူ့ကို ချစ်ခဲ့ဖူးလို့ မမေ့တာကလွဲလို့ သူနဲ့ပတ်သက်သမျှ အရာရာတိုင်းကို စိတ်နာနေခဲ့တာ ကြာပြီဖြစ်လေသည်။

"ကိုထွင့်က ငွေမှုန်းနဲ့ သိလို့လားဟင်"

လူကဲခတ်ပညာကို ကျွမ်းကျင်လိမ္မာသော လွန်းက သူ့ကို လှမ်းမေးလိုက်လျှင် သူက ချက်ချင်းပင် တုံ့ဆိုင်းခြင်းမရှိဘဲ ပြန်ဖြေလေသည်။

"အင်း... သိပါတယ်၊ ကိုယ့်ကို မှတ်မိတယ်မှလား ငွေမှုန်း"

လွန်းကို ဖြေသလိုလိုနှင့် ငွေမှုန်းကိုပါ လှမ်းမေးလိုက်သောကြောင့် ငွေမှုန်းသည် ယောင်နနဖြင့်ပင် သူမေးသည့် မေးခွန်းကို ထောက်ခံသလို ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

"ငွေမှုန်းကို အခုလို ပြန်တွေ့ရမယ်လို့ ကိုယ် တကယ်မထင်မိဘူး၊ ဟို ... အခုလိုမျိုး ဖူန်းစားကြီး တွေ့လိုက်ရတော့ ဘယ်လိုပြောမလဲ၊ လုံးဝကို အံ့အားသင့်သွားတာ"

သူ့ရဲ့အံ့အားသင့်မှုကို ငွေမှုန်းကတော့ ဩော် ... ဟုတ်လား ဆိုသော စကားတစ်ခွန်းဖြင့်သာ ပြန်လည်တုံ့ပြန်လိုက်သည်။ ခဏတာတိတ်ဆိတ်သွားသော စကားဝိုင်းလေးမှာ လွန်းက အထာပေါက်စွာ မိုးပြေနှင့် ကိုထွင့်ကို မိတ်ဆက်ပေးသည်။





"မိုးပြေ ... မိတ်ဆက်ပေးရဦးမယ်၊ သူက ကိုကောင်းထွင့်တဲ့၊ ဆေးကလေ ...

ကိုထွင့် ... ဒါက လွန်းတို့ရဲ့ သူငယ်ချင်းအရင်းကြီး မိုးပြေရှိန်းတဲ့၊ လွန်းတို့ကျောင်းကပဲ"

လွန်းက လှမ်းမိတ်ဆက်ပေးလျှင် ကိုထွင့်သည် သူ့ဘေးမှရှိနေသော မိုးပြေကို ယောကျ်ားချင်းသာ နားလည်နိုင်သော ဘုကြည့်မျိုးဖြင့် အကဲခတ်ကာ ...

"တွေ့ရတာ ဝမ်းသာပါတယ် ညီလေး"

သူ့ရဲ့ ညီလေးဟုခေါ်သံအဆုံးတွင်တော့ မိုးပြေရဲ့ စိတ်ထဲတွင် တစ်မျိုးတော့ ဖြစ်သွားသည်။ သူခေါ်သွားသည့်ပုံမှာ မင်း ငယ်ပါသေးတယ်ကွာ ဆိုသော အထာဖြင့် ခေါ်သွားပုံပင်။

"ကဲ ... ဒီကနေ့ မမျှော်လင့်ဘဲ လူစုံသွားတဲ့အတွက် လွန်းကပဲ ဒီဝိုင်းကို ရှင်းလိုက်မယ်နော်"

လွန်းက သည်လိုပြောတော့ ငွေမှုန်း၊ မိုးပြေကော ကိုထွင့်ကပါ ပျာပျာသလဲ ငြင်းဆန်ပြီး ရှင်းမယ်လုပ်တော့ လွန်းကပင် ဝင်ထိန်းလိုက်ရသည်။

"အဲသလိုကြီးက ရုပ်ပျက်ပါတယ်ကွာ၊ လွှန်းကို ခင်တယ်ဆိုရင် လွှန်း ဒါနပြုတာလေးကို အသာတကြည် လက်ခံလိုက်ပါနော်"

လွှန်းတို့ လေးယောက် စားသောက်အပြီးတွင်တော့ ဘေလ်ရှင်းအပြီးမှာ ကိုထွဋ်က အားလုံးရဲ့ရှေ့မှာတင် ငွေမှုန်းကို စကားလှမ်းပြောလိုက်သည်။

"ငွေမှုန်းကို နောက်တစ်ကြိမ် တွေ့ချင်ပါသေးတယ်"

သူ့ရဲ့စကားကြောင့် သိသိသာသာ မျက်နှာပျက်သွားသူကတော့ မိုးပြေပင်ဖြစ်သည်။ မိုးပြေရဲ့ ညိုခနဲ ဖြစ်သွားသော မျက်နှာလေးကို မြင်လိုက်ရသောအခါ ငွေမှုန်းရဲ့ရင်ထဲမှာ သိပ်တော့မကောင်းပါ။ သို့ပေမယ်လည်း အဲသည့်သနားဖွယ်မျက်နှာလေးကို လျစ်လျူရှုကာ ကိုထွဋ်ရဲ့မျက်လုံးတွေကို တည့်တည့်စိုက်ကြည့်ကာ ငွေမှုန်းက စကားဆိုလိုက်သည်။

"အင်း ... တွေ့ကြတာပေါ့ ကိုထွဋ်ရယ်"

အဲသည့်တွေ့ဆုံမှုတစ်ခုကိုတော့ ငွေမှုန်းသည် အမြန်ဆုံးရောက်ချင်နေပြီဖြစ်သည်။ အပြင်ပန်းကြည့်ရင်တော့ ငွေမှုန်း





သည် သိပ်ကိုပျော့ညံ့သည့်မိန်းမဟု ထင်ရပေမေယ့် တကယ်တမ်းဆိုရမည်ဆိုရင်တော့ ဂုဏ်သိက္ခာနှင့် ပတ်သက်လာလျှင် တုံးတိုက်တိုက် ကျားကိုက်ကိုက် ပြတ်သားရဲတင်းစွာပင် ရင်ဆိုင်ဖြေရှင်းလိုက်ချင်ပါသည်။

* ❁ *

ပေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

**Facebook on "Mae Mlin Bon"**

"ငွေမှုန်းနဲ့ လွန်းက ခင်တာကြာပြီလားဟင်"

ဖျော့တော့တော့ လေသံဖြင့် မေးလာသော သူ့ရဲ့ မျက်နှာကို ငွေမှုန်းသည် စေ့စပ်စွာ ကြည့်လိုက်ပြီး ရှင်းလင်းသော လေသံဖြင့် ဖြေလိုက်သည်။

"သူငယ်တန်းအရွယ်လောက်ကတည်းက ခင်တာဆိုပါတော့"

ငွေမှုန်းရဲ့အဖြေကြောင့် ကိုထွင်ရဲ့မျက်လုံးတွေသည် ပို၍ပြူးကျယ်သွားသည်ဟု ထင်မိပါသည်။ သူ ဘာဆက်ပြောလေမလဲဆိုတာကို ခန့်မှန်းရင်းနှင့် သူ့ရဲ့သွေးပျက်နေပုံကိုကြည့်ကာ ငွေမှုန်းသည် ရယ်ချင်လာသည်။

အဲသလောက်လည်း ကြောက်မနေစမ်းပါနဲ့ ကိုထွင်ရယ်။





"ကိုထွင် ငွေမှုန်းကို တွေ့ချင်တယ်ဆိုတာ ဘာကိစ္စလဲ"

ငွေမှုန်းက ဆိုးဆိုးဆတ်ဆတ်ဖြင့် ခပ်သွက်သွက်မေးလိုက်လျှင် ကိုထွင်သည် သူ့ရဲ့ဆံပင်တွေကို လက်ဖြင့်ထိုးသွင်းဖွလိုက်ပြီး ...

"ဟို ... ကိုယ် တောင်းပန်ချင်လို့ပါ၊ ငွေမှုန်းကို ကိုယ့်ဘက်က စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်မိတာတွေအတွက် ကိုယ် အနူးအညွတ် တောင်းပန်ပါတယ် ...

အဲဒီအချိန်ကတည်းက ငွေမှုန်းကို တောင်းပန်ချင်ခဲ့တာပါ၊ ဒါပေမဲ့ အကြောင်းကြောင်းကြောင့် ..."

ကိုထွင်ရဲ့စကားမဆုံးခင်မှာပင် ငွေမှုန်းက ဖြတ်ပြောလိုက်သည်။

"ပြီးခဲ့တဲ့ကိစ္စတွေကို ဘာလို့ ပြန်ပြောနေရတာလဲ ကိုထွင်၊ တကယ်လည်း အဲဒီအလောင်းအစားမှာ ရှင်မနိုင်ခဲ့တဲ့အတွက် ငွေမှုန်းကို တောင်းပန်ဖို့ မလိုပါဘူး"

ငွေမှုန်းရဲ့စကားကြောင့် သူဟာ ခေါင်းတစ်ချက်ဆတ်ပြလိုက်ရင်း ...

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုယ့်ရဲ့အဖြူအမူအတွက် လိပ်ပြာမလုံဘူး ဖြစ်နေတယ်"

ဘယ်လိုပါမလဲ၊ ရှင် ပေါ့ပေါ့လေး လုပ်ခဲ့တဲ့အလောင်းအစားမှာ ငွေမှုန်းရဲ့နှလုံးသားက တစစီပဲ့ကြွေသွားခဲ့တာကိုး။ ဒါပေမဲ့ ... ငွေမှုန်း ရှင့်ကိုချစ်ခဲ့တယ်ဆိုတာ ဒီကမ္ဘာမှာ ဘယ်သူမှ မသိခဲ့ဘူး ကိုထွန်း။

"ကိုထွန်း ဘာကိုဆိုလိုချင်နေတာလဲ"

ငွေမှုန်းရဲ့အမေးကြောင့် ကိုထွန်းသည် အိုးတိုးအမ်းတမ်းပုံမျိုးဖြင့် ဘာပြောလို့ ပြောရမှန်းမသိ အပြောရခက်နေသဖြင့် သူ ပြောရလွယ်အောင် ငွေမှုန်းကပင် စကားလမ်းကြောင်းပေးလိုက်သည်။

"ကိုထွန်း ... ငွေမှုန်းကို ညီမလေးလို သဘောထားပြီးပြောလိုက်မယ်ဆိုရင် ပိုအဆင်ပြေမလားပဲ"

ငွေမှုန်းရဲ့သည်းခံနိုင်စွမ်းရှိသော ခန့်ပါရမီကြောင့် ကိုထွန်းသည် မှားလေခြင်းဆိုသော နောင်တရသည့် အပြုံးမျိုးပြုံးပြကာ ...





"ကျေးဇူး ငွေမှုန်း၊ ကိုယ့်ကို နားလည်ပေးတဲ့အတွက်ပေါ့၊ ဟို ... ကိုယ် ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်နော်"

ငွေမှုန်းက လက်ခံသည်ဆိုသည့် သဘောဖြင့် ခေါင်းညိတ်ပြလိုက်တော့ ကိုထွန်းက ဆက်ပြောလေသည်။

"လွန်းကို ကိုယ် ချစ်မိနေတယ် ငွေမှုန်း၊ ဟို ... အဲဒါကလည်း ဘယ်သူတစ်ဦးတစ်ယောက်ရဲ့ပယောဂမပါဘဲနှင့် ကိုယ့်နှလုံးသားကိုက ရှူးရှူးနင့်နင့် ချစ်မိသွားတာပါ၊ ဒါပေမဲ့ ငွေမှုန်းရယ်၊ ဘာကြောင့်မှန်းမသိဘူး၊ ကိုယ့်ရဲ့ပေါ့ပျက်ပျက် လုပ်ခဲ့မိတဲ့ အလောင်းအစားတစ်ခုကြောင့် ကိုယ့်ကို လွန်း အထင်သေးသွားမှာကို ကိုယ်ကြောက်နေတယ်"

ကိုထွန်းရဲ့ လေးနက်သော စကားတွေထက် သူ့ရဲ့မျက်လုံးတွေထဲမှာ လွန်းကို ဘယ်လောက်ချစ်သည်ဆိုတာကို ငွေမှုန်း မြင်နေရသည်။

ဒါဟာ တကယ်ဆိုရင်တော့ ငွေမှုန်းဟာ ချစ်သူငယ်ချင်း လွန်းအတွက် တကယ်ပဲ မုဒိတာထားနိုင်ပေသည်။

"အဲဒီတော့ ..."

"ဟို ... ကိုယ် ဘယ်လိုလုပ်သင့်သလဲ၊ ငွေမှုန်းဆီက အကြံတောင်းတာပါ"

ငွေမှုန်းသည် ဘယ်လိုအာရုံမျိုးမှန်းမသိ။ လွန်းကို တကယ်ချစ်မြတ်နိုးသည့် ကိုထွင့်ကို ကူညီချင်မိပါသည်။

"အင်း ... လွန်းကို ဝန်ခံသင့်တယ်လို့ ထင်တာပဲ၊ ဘာလို့လဲဆိုတော့ တစ်ချိန်ချိန်မှာ ဒီကိစ္စက ပြဿနာဖြစ်လာနိုင်တယ်လေ၊ အဲဒီတော့ လွန်း သိထားတာက ပိုကောင်းမယ်ထင်တာပဲ"

"အင်း ... ဒါလည်း ဟုတ်တာပဲနော်"

ကိုထွင့်က တွေးတွေးဆဆလေး ပြောလိုက်လျှင် ငွေမှုန်းသည် အအေးတစ်ငုံ သောက်လိုက်ပြီးမှ ...

"ငွေမှုန်း ကူညီရမယ်ဆိုရင်လည်း အားမနာပါနဲ့၊ ငွေမှုန်း ကူညီပေးပါ့မယ်၊ လွန်းက သဘောထားသေးသိမ်တဲ့သူ တော့ မဟုတ်ပါဘူး"

ငွေမှုန်းရဲ့ အားပေးစကားကြောင့် ကိုထွင့်သည် ကျေးဇူးတင်သော မျက်ဝန်းများဖြင့် ငွေမှုန်းကိုကြည့်ကာ ...





"ကျေးဇူးတင်ပါတယ် ငွေမှုန်းရယ်"

သိပ်လည်း ကျေးဇူးတင်မနေပါနဲ့ဦး ကိုထွင့်ရယ်။ ငွေမှုန်းသည် စိတ်ထဲက ခပ်တိုးတိုးလေး ပြောလိုက်ပြီးမှ အိတ်ထဲမှ correction pen ဘူးလေးကိုထုတ်ကာ စားပွဲခုံပေါ်သို့တင်လိုက်သည်။

"ငွေမှုန်း အစွမ်းကုန်ကူညီမယ် မကူညီဘူး ဆိုတာကို ဒီ correction pen လေးက အဆုံးအဖြတ်ပေးလိမ့်မယ် ကိုထွင့်"

ငွေမှုန်ရဲ့အပြောကို သူက နားမလည်ဟန်ဖြင့် တစ်ချက်ငဲ့ကြည့်သည်။ ငွေမှုန်းက သူ နားလည်လာအောင်ဆက်ပြောလိုက်ပါသည်။

"ငယ်ငယ်တုန်းက ကစားနည်းလေးလိုပေါ့၊ correction pen ကို ခုံပေါ်တင်ပြီးလက်နှင့်လှည့်လိုက်မယ်၊ correction pen ရဲ့ခေါင်းပိုင်းက ကိုထွင့်ဆီကို ရောက်ခဲ့ရင် ငွေမှုန်းက ဒီကိစ္စကို အစွမ်းကုန်ကူညီပေးမယ် ...

ငွေမှုန်းဆီ correction pen ရဲ့ခေါင်းပိုင်းကျခဲ့ရင်

တော့”

ငွေမှုန်းက စကားစကို ရပ်ပစ်လိုက်သည်။ ဒါကိုပင်

ကိုထွန်းက လန့်ထိတ်စွာ ဆိုလာလေသည်။

“ဘာဖြစ်မလဲဟင်”

“ဒီကိစ္စကို ငွေမှုန်း လုံးဝမစွက်ဖက်ဘူး၊ ဒါပေမဲ့ မကူညီ

ပေးနိုင်ဘူး ...

ငွေမှုန်း ဆုံးဖြတ်တာ မှုတပါတယ်နော်”

သူက နားလည်စွာ ခေါင်းဆတ်ပြသည်။ ပြီးသည့်

နောက်တွင်တော့ လေးတွဲစွာဖြင့်ပင် ...

“ဒါ ဖြစ်သင့်ပါတယ်၊ ကိုယ် လက်ခံပါတယ် ငွေမှုန်း”

“ဟုတ်ပြီ ... ဒါဆိုရင် စလိုက်မယ်နော် ...

ကံကောင်းပါစေ ကိုထွန်း”

ငွေမှုန်းသည် ကိုထွန်းက လက်ခံသည့်သဘောဖြင့်

ခေါင်းညိတ်လိုက်သည့်အခါတွင်တော့ correction pen ရဲ့အလယ်

ချက်ကို လက်ဖြင့်ကိုင်ကာ ဂျင်လှည့်သလို လှည့်ပစ်လိုက်သည်။





correction pen က တစ်ပတ်လည်သွားပြီး ခေါင်းပိုင်းက ဘယ်

သူ့ဆီကို ကျလေမလဲဆိုတာကို ရင်ခုန်စွာ စောင့်စားနေသည်။

လည်ချက်က ရပ်တန့်သွားတော့သည်။ ငွေမှုန်းရော၊ ကိုထွန်းပါ

အဖြေတစ်ခု သေချာဖို့ correction pen လေးကို ကြည့်လိုက်မိ

တော့သည်။

အဲသည်အခါတွင်တော့ အဖြေသည် ... ...။

* ❁ *

# ၁၆

မိုးပြေသည် သည်တစ်ပတ် Sunday တွင်တော့ ငွေမှုန်းကို ရင်ထဲက ခံစားချက်တို့ကို ပြောပြဖို့ ရည်ရွယ်ထားခဲ့သော်လည်း တကယ်တမ်းတွင်တော့ ဖွင့်ပြောရဲသည့်သတ္တိမှာ ပျောက်ဆုံးနေခဲ့ပေသည်။ ဒါကြောင့်မို့ပင် စာရေး၊ စာဖတ်တာကို ဝါသနာကြီးသော ငွေမှုန်းအတွက် ရင်တွင်းဖြစ်ကဗျာတစ်ပုဒ်ကိုရေးကာ လူတွေလစ်တုန်းလေး ပေးလိုက်ဖို့သာ ဆုံးဖြတ်လိုက်တော့သည်။

အပြင်မှာရှိတဲ့ မိန်းကလေးတွေလှတာ ရင်မှာသိလည်း ... ဟု အစချီကာ ဖွင့်ထားသော ကဗျာလေးကို ငွေမှုန်း





တစ်ယောက်အတွက်သာ ရည်ရွယ်ထားပါသည်။ သူ့ရင်ထဲမှာ ငွေမှုန်းနှင့် ပတ်သက်သည့် အဟုန်ကြီးမားသော မေတ္တာတရားရှိနေသည်ဆိုတာကို ငွေမှုန်းကို သိစေချင်လှပါသည်။

ချစ်သူတွေ ဝိုင်းဝိုင်းလည်နေသော ငွေရည်မှုန်းဆိုသည့် ကလေးမဟာ မာနပဲကြီးနေတာလား၊ လေစိမ်းတွေပဲတိုက်တတ်တာလားတော့ မသိပါ။ ဘယ်အမျိုးကောင်းသားတွေနှင့်မှ ရောရောနှောနှော ခင်ခင်မင်မင် နေလေ့မရှိသော၊ အချစ်ကို စိတ်မဝင်စားသော သူမလေးကို သူ ဘာလို့ချစ်သွားမိတာပါလိမ့်။ အဲသလို မာနခပ်ကြီးကြီးလေးနှင့် လေစိမ်းတိုက်တတ်သော သူမကို ချစ်တဲ့သူ အပုံအပင်ကတော့ ငွေမှုန်းရဲ့မျက်ဝန်းလေးကြောင့် ရူးသွပ်ရပါသည်ဆိုတဲ့ သတင်းစကားကို ခိုင်ခိုင်လုံလုံကို ကြားသိခဲ့ရသည်။

ဒါဆို သူကကော ...။

အင်း ... အဲဒီမျက်ဝန်းလေးကို ချစ်မိတာလည်းပါမှာပေါ့လေ။ ဒါပေမဲ့ သူကတော့ ငွေမှုန်းကို လှလို့ချစ်တာတော့

မဟုတ်။ ချစ်လို့ကို ငွေမှုန်းက လှနေတာဖြစ်သည်။ အဲသည်လိုဆိုတော့ မချစ်ရင်တော့ မလှတော့ဘူးပေါ့ဆိုပြီး မေးစရာကရှိလာဦးမည်။ အဲသည့်အတွက် အဖြေကလည်း ရှိပြီးသားပင်ဖြစ်သည်။ ငွေမှုန်းအတွက် သူပေးမည့် အချစ်သည် နေမဝင်အချစ်ဖြစ်ပါသည်။

အဲဒါကြောင့် မချစ်ရင် မလှဘူးဆိုတဲ့ အဖြေသည် သူနှင့် ဘာမှမဆိုင်သည့် စကားလုံးပင်ဖြစ်သည်။

ငွေမှုန်းရဲ့ချစ်သူအဖြစ် သူ စိတ်ကူးယဉ်ကြည့်ဖူးပါသည်။ သိပ်ကိုပျော်ဖို့ ကောင်းတာပဲ။ ငွေမှုန်းက သားစိုးသီချင်းထဲကလို ကျွန်မကိုချစ်တာ ဘယ်သူတဲ့လဲဟု မေးလာလျှင် သူကရင်ကိုကော့ ခေါင်းကိုမော့ကာ ငါပဲ ငါပဲ ငါပဲ ငါပဲဟု သီချင်းထဲကလို ပြောလိုက်မှာဖြစ်သည်။

ဒဿဂီရိလိုတော့ အချစ်ရှုံးသမား မဖြစ်ချင်ပါ။ ဒဿဂီရိလို သိပ်ချစ်တတ်သည့်စိတ်ထားတော့ သူ့မှာလည်း ရင်ဘတ်ကြီးနှင့် အပြည့်ကိုရှိနေပါသည်။





ကဲ ...

ချစ်လို့ရမလား ငွေရည်မှုန်း။ ။

ငွေမှုန်းရဲ့အကြောင်းတွေကို တွေးနေရင်းကပင် သူက ပိုင်စိုးတို့ကို စကားစလိုက်တော့သည်။

"ငွေမှုန်းကို ပြောလိုက်တော့မယ်ကွာ"

သူ့စကားကြားတော့ ပိုင်စိုးက သူ တော်တော်သွက်လာပြီဆိုသော သဘောဖြင့် လက်မတစ်ချက် ထောင်ပြကာ ...

"Right ! အချစ်ဆိုတာ အောင်းထားသင့်တဲ့အရာမျိုးမဟုတ်ဘူးကွ၊ ဒါပေမဲ့ မင်းလိုက်မယ့် လေဒီက ငါတို့အပိုင်းက မဟုတ်တော့ သူ့ကို ခန့်မှန်းရခက်နေတယ်ဟ"

"ဟုတ်တယ်ကွ၊ မင်းသာ E ကွင်းလေးကို လိုက်မယ်ဆို ပွဲသိမ်းပဲ၊ ဘေးကနေ လှော်ပေးလို့ရတယ်။ အခုဟာက မင်း၊ မဒီက ငါတို့နဲ့လည်း မသိတော့ ဆိုးတယ်"

ရဲထွန်း ပြောသော E ကွင်းဆိုတာ လွန်းကိုပြောတာဖြစ်သည်။ သူတို့တစ်ဖွဲ့လုံးသာမက တခြားပုရသီအဖွဲ့ တော်တော်

များများကလည်း လွန်းတစ်ယောက် E မေဂျာရဲ့ Fresher Welcome ကို မတက်သဖြင့် ကွင်းမရတာကိုပဲ ကြိတ်မနိုင်ခဲမရ ဖြစ်နေကြသည်။ လွန်းနှင့် သူ နီးစပ်သွားအောင် သူငယ်ချင်းတွေ က လုပ်ပေးသော်လည်း သူက မရွေ့သဖြင့် လက်လျှော့လိုက်ကြတာဖြစ်သည်။

"ကဲပါကွာ ... ကလေးတုန်းကကိစ္စတွေ ပြောမနေနဲ့တော့ လက်ရှိမှာ ငါတို့က မိုးပြေရဲ့အချစ်ကို W.Y.T.U က ခင်ပျိုမဒီလေး လက်ခံပါစေလို့ ဆုတောင်းပေးလိုက်ကြစို့ ကွာ ချီးယားစ်"

လက်ဖက်ရည်ခွက်တွေကို ခွက်ချင်းတိုက်လိုက်ပြီး ပွဲသိမ်းသောက်လိုက်ကြသည်။ EC မေဂျာယူထားတဲ့ ငွေမှုန်းကို သူလေ့လာထားသည့် သူမတို့ဘာသာရပ်အထာတွေနှင့် သူ့အချစ်ကို ပြောရမည်ဆိုရင်တော့ သူ့နှလုံးသားကို Circuit ပြားထဲ ထည့်စမ်းသပ်ကြည့်လေလည်း သူ့နှလုံးသားထဲက အချစ်စီးကြောင်းသည် AC current အတိုင်းပဲ သူမတစ်ယောက်တည်းဆီသို့





အသွားလမ်းကြောင်းဖြင့် ဦးတည်ထားလေသည်။ အပြန်စီးကြောင်းတွင်တော့ သူမဆီက အချစ်တွေလည်း တပွေ့တပိုက်ကြီးပါလာချင်ပါသေးသည်။

အလျားအနံ မရှိပေမယ့် အသွားအပြန်ရှိတဲ့ အချစ်အတွက် ကိုယ့်ဘက်ကိုလည်း အချစ်စီးကြောင်းလေး စီးပေးလိုက်စမ်းပါ ... ငွေမှုန်းရယ်။

* ✿ *

ကောင်းထွဋ်သည် လွန်း ထွက်လာမည့်အချိန်ကို စောင့်နေရင်းနှင့် အတော်ကလေးကို ရင်မောနေရသည်။ ဟော... သိပ်တော့ မကြာလိုက်ပါ။ လွန်းသည် လွင့်ကာပေါ့ပါးနေသော စတိုင်လ်လေးနှင့် စာအုပ်တစ်ထပ်ကို ရင်ဝယ်ပိုက်ကာ စာအုပ်ဆိုင်ရှိရာသို့ လျှောက်လှမ်းလာလေသည်။ လွန်းက ဒီနေ့မှ ပိုကာလှနေသလိုပင်။

အဖြူနှင့် အနက်ရောင် အကွက်ကြီးကြီး အင်္ကျီအရှည်ကို လီနင်ဘောင်းဘီပျော့ပျော့နှင့် ခပ်မိုက်မိုက် ဝတ်ဆင်ထားသော လွန်းကို သူက ကားပေါ်ကနေ အတိုင်းသားကို ငေးကြည့်နေမိသည်။ ခွေနွယ်နွယ် စင်းကျနေသော ဆံပင်တွေကို သည်အတိုင်း ဖြန့်ချထားသည့်ပုံက တော်တော့်ကို ရင်ခုန်သံ မြန်စေပါသည်။





သူမ စာအုပ်ငှားပြီး ပြန်အထွက်ကျွင်တော့ ကောင်းထွဋ်သည် ခပ်သွက်သွက် ကားပေါ်ကဆင်းကာ သူမရဲ့နောက်ကနေ လိုက်ခေါ်လိုက်သည်။

"ဟေး ... လွန်း"

သူ့ရဲ့ခေါ်သံကြောင့် လွန်းက အံ့အားသင့်စွာ သူ့ကိုလှည့်ကြည့်လိုက်သည်။ ထို့နောက် ချက်ချင်းပင် သူ့အား နွေးထွေးစွာ ပြုံးပြပြီး ...

"ကိုထွဋ်ပါလား၊ ဘယ်လာတာလဲ"

"အင်း ... လွန်းဆီပဲ ဆိုပါတော့"

လွန်းက ချစ်စရာကောင်းအောင် မျက်ခုံးလေးတစ်ချက်ပင့်၍ အံ့အားသင့်မျက်ဝန်းများဖြင့်ကြည့်ကာ ...

"လွန်းဆီ ... ဘာကိစ္စရှိလို့လဲ"

"အင်း ... လွန်းကို သတိရတာနဲ့ ရွှေ့လာတာလေ"

သူ့ရဲ့မထိတထိစကားကို လွန်းကတော့ ဂရုမစိုက်ဟန်ဖြင့် တစ်ချက်ပြုံးကာ ...

"လာလည်တဲ့ဧည့်သည် ဆိုတော့လည်း မုန့်နဲ့ဧည့်ခံရမှာပေါ့၊ လာလေ ... ဒီဘက်ထိပ်မှာ ဒိန်ချဉ်ဆိုင်ရှိတယ်၊ ဟိုတစ်ခါ မသောက်ဖြစ်ခဲ့တဲ့ ဒိန်ချဉ်ပေါ့"

လွှန်းကို သူ ချစ်တာ အဲဒီပွင့်လင်းမှုလေးတွေကြောင့်လည်းပါသည်။

သူက မိန်းကလေးဆန်သော မိန်းကလေးမျိုးထက် ပွင့်လင်းသွက်လက်ကာ ယောက်ျားတွေနှင့် ရင်ဘောင်တန်းရဲသော မိန်းကလေးမျိုးကို ပို၍လေးစားမိသည်။

"ကဲ ... သွားမယ်လေ"

သူက ခေါင်းကိုတစ်ချက်ဆတ်ပြလိုက်လျှင် သူမက ဘာမှမပြောတော့ဘဲ ရှေ့ကနေ၍ ထွက်သွားသည်။ သူက ကားကို ရိမုဒ်ဖြင့် လှမ်းလော့ချ်ချကာ သူမနောက်မှ မြောက်ကြွကြွလိုက်လာခဲ့သည်။ နည်းနည်းလောက်လျှောက်ကာ လမ်းချိုးတစ်ခုကို ကွေ့လိုက်လျှင်တော့ ဒိန်ချဉ်ဆိုင်သို့ ရောက်လေသည်။

"လွှန်းက ဒိန်ချဉ်တော်တော်ကြိုက်တယ် ထင်တယ်နော်"





"အဟဲ ... လွှန်းက ဘာအစားအစာမဆို အကုန်ကြိုက်တယ်၊ ရှင် လွှန်းနဲ့ပေါင်းရင်တော့ စားသောက်ဆိုင် တော်တော်များများကို တော်တော်ရောက်ဖြစ်လိမ့်မယ်"

အင်း ... ဒီလောက်စားတာတောင်မှ ဒီလိုလှပတဲ့ ခန္ဓာကိုယ်အချိုးအစားလေးကို ပိုင်ဆိုင်ထားပါလား။ သူ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတာကတော့ အသည်းကွဲတာ ခံနိုင်ရည်ရှိဖို့ မိန်းကလေးများသည် အစားများများစားကြတယ်ဆိုပဲ။ လွှန်းကော အသည်းကွဲဖူးပါသလား။ သူကတော့ အသည်းတွေ ခဏခဏကွဲခဲ့ဖူးပါသည်။ သို့ပေမယ့် နင့်နေအောင် မချစ်ဖူးသေး၍ နင့်နေအောင်တော့ အသည်းတွေ ဟက်တက်မကွဲခဲ့ဖူးသေးပါ။

ဒါဆိုရင် လွှန်းကရော ... ?

"လွှန်းက အသည်းကွဲဖူးလားဟင်"

အဆက်အစပ်မရှိ မေးလိုက်သော သူ့မေးခွန်းကြောင့် လွှန်းသည် သူ့ကို မျက်မှောင်တစ်ချက်ကြုတ်ကြည့်ကာ အကဲခတ်လိုက်ရင်းမှ မေးခွန်းပြန်ထုတ်လေသည်။

"ဘယ်လိုထင်လို့လဲဟင်"

ပြုံးတုံ့တုံ့ပုံစံလေးဖြင့် မေးလိုက်သော လွန်းရဲ့ပုံစံလေးကြောင့် သူ့ရင်ထဲ နည်းနည်းတော့ ပူလောင်သွားသည်။ ဘယ်လိုများ ဖြစ်နိုင်ပါမလဲ။

"ကိုယ်မမှန်းချင်ဘူး"

"ဟား ဟား … အသည်းဆိုတာ ကွဲရအောင် ဖန်နဲ့လုပ်ထားတာမှ မဟုတ်တာ၊ ဘာကိစ္စကွဲရမှာလဲ ကိုထွန်းရဲ့"

ရွတ်နောက်နောက် အပြောလေးကြောင့် သူ့ရင်ထဲမှာ အေးမြသွားတော့သည်။ အင်း … လွန်းပြောတာလည်း ဟုတ်တာပဲ။ အသည်းနှလုံးဆိုတာဟာ ဖန်နဲ့တိုင်းဆက်ထားပြီး လုပ်ထားတာမှ မဟုတ်တာ။ သူကသာ အချစ်အတွက် ခံစားသူကြီးဖြစ်လို့နေပေသည်။

"ဟား … တော်လီကီတွေက ပြင်းတယ်ဟေး"

"ဘယ်လိုလဲ၊ မထင်မိဘူး မဟုတ်လား … ဟဲ ဟဲ၊ သိပ်တော့ အထင်မကြီးပါနဲ့၊ ဒါက အီစီကလီလေးတွေဆီကနေ ရထားတဲ့ဒိုင်လေးတွေပါ"



"ဟင် … ဒါဆို လွန်းမှာက အီစီကလီလေးတွေ ရှိတာပေါ့"

သူ့ရဲ့အမေးကြောင့် လွန်းသည် မျက်စောင်းတစ်ချက်ထိုးလိုက်ရင်းကနေ …

"ဪ … ဒီဘက်ခေတ်မှာတော့ ကောင်မလေး တော်တော်များများမှာ ဖုန်းပြောဖော် အီစီကလီလေးတွေ ရှိတာပဲဟာ၊ လွန်းကလည်း ခေတ်မီတဲ့ ကောင်မလေးပဲဟာ ရှိတာပေါ့၊ ရှင်ကော မရှိလို့လား"

လွန်းက ပေါ်တင်ကြီး မေးလိုက်သဖြင့် သူလည်း ငုင်တင်တင်ဖြစ်သွားရသည်။ လွန်းက အမှန်တွေချည်း ပြောနေသောအခါ သူ့မှာ ထောက်ခံပေးဖို့သာ ရှိတော့သည်။ သူသည် လည်းကောင်မလေးတွေနှင့် အီတီတီလေးပေးခဲ့ဖူးပါသည်။ သို့ပေမဲ့ သူ့ရင်ထဲ လွန်း ရောက်လာသောအခါတွင်တော့ ယောင်တွေအားလုံးကို ရှင်းထားခဲ့ပေသည်။ လမ်းကြောင်းရှင်းထားသော သူ့ချစ်ခြင်းအတွက် လွန်းဆီက အပြစ်ကင်းသော favour တစ်ခု ရချင်ပါသေးသည်။

"အမှန်တရားတွေချည်းပဲဆိုတော့ ရှင် နင်သွားရပြီပေါ့

အင်း ... ဖြစ်တတ်ပါတယ်"

ဟိုက် ... ဒီကောင်မလေးနှင့် ပေါင်းသင်းဆက်ဆံ ရင်တော့ ဟန်တွေပန်တွေနှင့် ဆက်ဆံလို့ကတော့ တော်လီကီတွေ နှင့် အပီလှော်ခံနေရတော့ပေမည်။ ရင်ဘတ်ကို ဖွင့်ထားပြီး ခင် မင်ကာ ချစ်မှဖြစ်တော့မည်။

"လွန်းက အရမ်းကို ပွင့်လင်းတယ်နော်"

လွန်းသည် ဒိန်ချဉ်တစ်ဇွန်းကို သောက်လိုက်ပြီးမှ သူ့ကို ငဲ့စောင်းကြည့်ကာ ခေါင်းတစ်ချက် ဆတ်ပြပြီး ...

"ဒါပေါ့ ... လူဆိုတာ open type နေလို့ရတဲ့အရွယ်မှာ နေရတယ် ကိုထွဋ်ရဲ့၊ လွန်းတို့လို တက္ကသိုလ်ကျောင်းသူ ဘဝမှာ open type နေမှပေါ့၊ ဟန်တွေ ပန်တွေနဲ့နေရတာ က mood အောက်ပါတယ်ကွာ၊ ဒါမျိုးက အလုပ်အကိုင် ရှိလာတဲ့ တစ်ချိန်ကျမှ ဟန်တွေပန်တွေနဲ့ နေရမှာ"

"အင်း ... ဟုတ်တယ်နော်"





သူက ထောက်ခံလိုက်လျှင် လွန်းက Right ဆိုသော အသံလေးနှင့်အတူ လက်မတစ်ချက်ထောင်ပြလိုက်သည်။ သူက လည်း အဲဒီပုံစံလေးကို ရင်ခုန်စွာဖြင့်ပင် အတိုင်းသားကို ထိုင်ငေး နေမိလေသည်။

"လွန်းတို့ကျောင်းကို လာလည်ရင် ဖြစ်တယ်မှလား"

"ဖြစ်ပါတယ်၊ လွန်းရဲ့ဘော်ဒါတွေနှင့် မိတ်ဆက်ပေးမယ် လေ၊ အချောတွေချည်းပဲနော် ...

ကြိုက်ရင်ပြော ဖူးစာရေးနတ်လည်း လုပ်ပေးမယ်"

ပွင့်လင်းစွာပြောနေသော လွန်းကိုကြည့်ကာ သူသည် သိပ်ချစ်မိနေပြီဆိုတာကို သိခဲ့ပါပြီ။ ကိုယ့်ရဲ့နှလုံးသားကတော့ မင်းအတွက် တံခါးဖွင့်ထားခဲ့ပြီလေ။

ဝင်ပေးနိုင်မလား ... လွန်း ...။ ။

"အချစ်ဆိုတာကို ရှိတယ်လို့ ယုံလားဟင်"

"အင်း ... ဘယ်လိုပြောရမလဲ ရှိတယ်ပဲ ဆိုပါတော့ ဒါပေမဲ့ အကောင်ထည်တော့ ပြစရာမရှိဘူး ကိုထွဋ်က ကော"

လွှန်းက ဖြေလေဟု မေးဆတ်ပြလိုက်လျှင် ကိုထွဋ်သည် စူးရှညို့နိုင်သော မျက်ဝန်းတို့ဖြင့် လွှန်းကို ကြည့်ကာ ခပ်တိုးတိုးလေး ဖြေလေသည်။

"အရင်တုန်းကတော့ အချစ်ကို လူတွေပါးစပ်ဖျားမှာပဲ ရှိတယ်လို့ ထင်ထားခဲ့တယ်၊ တကယ်တော့ အဲလိုမဟုတ်ဘူး ...

အချစ်ဆိုတာ မြင်တတ်မယ်ဆိုရင် လက်တစ်ကမ်းအကွာမှာပဲ ရှိနေပါတယ် လွှန်းရယ်"

"တကယ်"

လွှန်းက မျက်လုံးအဝိုင်းသားဖြင့် မေးလိုက်လျှင် သူက သိပ်ကိုနက်ရှိုင်းသည့် အဓိပ္ပာယ်တစ်မျိုးပါသည့် အပြုံးတစ်ခုဖြင့် ခေါင်းကိုညိတ်ပြလိုက်သည်။

သူ ဘာကိုဆိုလိုသလဲဆိုတာကို မသိလောက်အောင်အထိတော့ လွှန်းလည်း အကဲခတ်ညံ့သူတစ်ယောက်တော့ မဟုတ်ပါ။ သို့ပေမဲ့ သူ့ကို ဆက်ပြောခွင့်မပေးပါဘဲနှင့် သွားရအောင်လေဟုသာ လှမ်းပြောလိုက်သည်။





နှလုံးသားရေးရာကိစ္စနှင့် ပတ်သက်လျှင် လွှန်းသည် ကိုယ့်အနား ချဉ်းကပ်လာသောသူ အားလုံးတို့ကို နှာစေးချင်ယောင်ဆောင်ကာ ဖောရှောလုပ်တတ်စမြဲပင်။ သည်တစ်ခါလည်း ကိုထွဋ်ကို ဖောရှောလုပ်လိုက်ရတော့သည်။

ကိုထွဋ်ရဲ့ ပညာသားပါပါနှင့် ချဉ်းကပ်လာသောပုံစံက လွှန်းရဲ့နှလုံးသားကို နွေးထွေးစေခဲ့ပါသည်။ နွေးထွေးစေတိုင်း အချစ်လို့တော့ ခေါင်းစဉ်တပ်၍ မရပါချေ။

မြင်တတ်ရင် နီးနီးလေးပဲ ရှိနေမည့် လွှန်းရဲ့နှလုံးသားဆီသို့ ဝင်လာမည့်သူကို ဘယ်သူတော့ ဖြစ်ရမယ်ဆိုပြီး ကန့်သတ်မထားချင်ပါ။ အချစ်ဆိုတာ ဝုန်းဒိုင်းနဲ့ ဒိုင်းဒဲ့နဲ့ အော်တိုရင်ဘတ်ထဲ ရောက်လာသော တစ်နေ့မှာတော့ ... ...။

"လွှန်း ... အချစ်ရဲ့အဓိပ္ပာယ်ဆိုတာ အချိန်မရွေး ပြောင်းလဲနိုင်ပါတယ်။ တစ်ချက် ... တစ်ချက်လေးပဲ ငဲ့ကြည့်လိုက်ပါ၊ နှလုံးသားတစ်ခုကိုတော့ မြင်အောင်ငဲ့ကြည့်စမ်းပါ လွှန်းရယ်"

သူ့ရဲ့အိမ်ပြန်လက်ဆောင် စကားလေးကတော့ လွန်းရဲ့နားထဲမှာ ပဲ့တင်လှိုင်းထပ်သွားတော့သည်။ သူ့ကိုနှုတ်ဆက်ကာ ထွက်လာခဲ့ပေမယ့် ကိုယ့်အတွေးထဲတွင် မေးကြည့်နေမိတာက အချစ်ဆိုတာ ဘယ်လိုပုံစံမျိုးနှင့် ရင်ထဲကို ဝင်လာတတ်သလဲဆိုတာကိုပဲဖြစ်သည်။

လွန်းရဲ့အိမ်ပြန်လမ်းတစ်လျှောက်တွင်တော့ အချစ်ဆိုသည့် စာလုံးနှစ်လုံးကသာ ခေါင်းထဲတွင် ကြီးစိုးနေခဲ့ပါသည်။

အချစ်ဆိုတာ ဘာကြီးလဲ။

* ✿ *





## ၁၀

ငွေမှုန်းသည် မိုးပြေရဲ့ Memory stick ထဲမှာ ထည့်ပေးလိုက်သော Folder တစ်ခုကြောင့် မြတ်စွာဘုရားဟုတောင် တမိရတော့သည်။ ငွေမှုန်းရဲ့မိဘတွေကိုယ်တိုင်ကိုက မိုးပြေသည် ရိုးသားလွန်းပါသည်ဟု အောင်လက်မှတ် ပေးထားခြင်းခံရသူက ဒီလို idea အသစ်ဖြင့် ငွေမှုန်းကို ရည်းစားစာရေးပေးလိုက်သည်။

ငွေမှုန်း project အတွက် လိုအပ်မယ်ထင်တဲ့ အချက်လေးတွေပါလို့ ပြောကာ ဒီ stick ကိုပေးလိုက်ပြီး ငွေမှုန်းကဖွင့်တော့ project အတွက် data တွေပါသလို ငွေမှုန်းဖတ်ဖို့ ကဗျာတစ်ပုဒ်ပါ အဆစ်အနေဖြင့် မေတ္တာလက်ဆောင်ထည့်ပေး

လိုက်သည့် အဲဒီကိုယ်တော်ကို ငွေမှုန်းမှာ ကျေးဇူးပဲတင်ရမှာလား စိတ်ပဲဆိုးရမှာလား အုံးစားနေရတော့သည်။

အင်း ... သူကလည်း ခေသူတော့ မဟုတ်ပါ။

အပြင်မှာရှိတဲ့ မိန်းကလေးတွေလှတာ ရင်မှာသိလည်း ဘဝင်မှာငြိဖို့တော့ အစဉ်အလာမရှိခဲ့ပါဘူးဟု အစချီထားသော ကဗျာလေးအဆုံးမှာတော့ စာသားလှလှလေးတွေကိုပါ မြင်တွေ့လိုက်ရသည်။

"ငွေမှုန်း စိတ်မဆိုးပါနဲ့နော် ...

အချစ်ဆိုတာ ငွေမှုန်းကို တွေ့မှ မြင်ဖူးခဲ့တာပါ"

တဲ့ ...။

ကဲ ... သူ့ရဲ့ရည်းစားစာတာ လုံးဝကိုအသစ်ပင်။ တစ်ခါတစ်ခါ ငွေမှုန်းကို ခပ်ငေးငေးကြည့်တတ်တဲ့ မိုးပြေရဲ့ အကြည့်တွေကြောင့် ရင်မှာလှုပ်ရှားလာပေမယ့် သူ့ကိုချစ်တယ်လို့တော့မဟုတ်သေး။ ချစ်ရအောင်လည်း ငွေမှုန်းက အချစ်နဲ့ ဘယ်သောအခါမှ နီးကပ်စွာမနေဘဲ မြင်တာနှင့်ကို ဝေးဝေးရှောင်နေသဖြင့် ...။ အဲဒီအတွေးပင် မပြတ်သေး။ ငွေမှုန်းရဲ့ဟန်းဖုန်း





လေးက ထမြည်လာသဖြင့် ဖုန်းကိုတောင် ဘယ်သူ့ဆီကလာတာလဲဆိုတာ မကြည့်မိပါဘဲနှင့် တန်းကိုင်လိုက်တော့သည်။

"ဟယ်လို"

"ငွေမှုန်းလားဟင် ... ကိုယ်ပါ"

ကိုထွဋ်ဆီက ဖုန်းဖြစ်နေ၍ ငွေမှုန်းသည် မျက်ခုံးတစ်ချက်ပင့်လိုက်ကာ ...

"အင်း ... ကိုထွဋ်ပြောလေ၊ ဘာကူညီပေးရမလဲ"

"ဟား ... အသံကြားရတာနဲ့ကို လုံးဝအားရှိသွားပြီ ငွေမှုန်းရေ၊ ဟဲ ဟဲ ... ဒီလိုဟာ လွန်းရဲ့ဖုန်းထဲကို သီချင်းတစ်ပုဒ် ပို့ပေးချင်လို့၊ အဲဒါ ငွေမှုန်းရဲ့အကူအညီ လိုအပ်တယ်လေ၊ ကိုယ့်ကို ကူညီပါဦးကွာ"

"ဟုတ် ... ပြောပါ"

"ဒီလိုလေ"

ကိုထွဋ် ပြောသည့်အတိုင်း လွန်းကို သီချင်းပေးဖို့အတွက် ငွေမှုန်းသည် ကိုထွဋ်နှင့် တစ်ကြိမ်တော့ ထပ်တွေ့ရပေဦးမည်လေ။

"ဟုတ်ပြီ ... ငွေမှုန်း အခုပဲ ထွက်လာခဲ့ပါ့မယ်"

ငွေမှုန်းသည် ဖုန်းပိတ်ပြီးသည့်နောက်မှာတော့ ကွန်ပျူတာကိုပါပိတ်ကာ မိုးပြေရဲ့ memory stick လေးကိုတော့ အံဆွဲထဲ ထည့်သိမ်းကာ အိမ်ကထွက်လာခဲ့တော့သည်။ ငွေမှုန်းကို လိုက်ပို့ဖို့ ဒရိုင်ဘာက ဖေဖေ့ကို လိုက်ပို့ပေးနေရ၍ ငွေမှုန်းသည် ကိုယ့်ဘာသာကိုယ်သာ ကားမောင်းလာခဲ့ရသည်။ ကားမောင်းနေရင်းကမှ ဖုန်းသံကြား၍ ငွေမှုန်းသည် ခပ်မြန်မြန်ဖုန်းကိုင်ရပြန်သည်။

"ဟယ်လို"

"ငွေမှုန်းလားဟင်၊ ကျွန်တော် မိုးပြေပါ"

"သြော် ... မိုးပြေ နောက်မှ ဆက်လိုက်ပါလား၊ ငွေမှုန်း အရေးကြီးကိစ္စရှိနေလို့၊ ဒါပဲနော်"

မိုးပြေရဲ့အပြောကိုတောင် မစောင့်တော့ဘဲ ငွေမှုန်းသည် ဖုန်းပိတ်လိုက်တော့သည်။ ဆောရီးပါ ... မိုးပြေရေ။ ရှင့်ကိစ္စကို နောက်မှာခဏထားပါရစေတော့။ လက်ရှိမှာ ကျွန်မ





သူများကိစ္စတွေကို ဝင်ကူပေးနေရလို့ အချစ်ကို မေ့ထားပါရစေဦး။

ငွေမှုန်းသည် စိတ်ရှုပ်လိုက်တာဟု ရေရွတ်ကာ ကက်ဆက်မှ FM ကိုဖွင့်တော့ တိုက်ဆိုင်စွာပင် Mandalay FM ကလာသော သီချင်းက ငွေမှုန်းရဲ့ လက်ရှိအခြေအနေနှင့် တိုက်ဆိုင်ကာ ထိုသီချင်းက ငွေမှုန်းကို လာခလုတ်တိုက်သည်။

"ပေါက်တဲ့အိုးကိုလည်း xxx ဒီအတိုင်းပဲ ထားပါဟော့ xxx ရေနောက်ထပ်ဖြည့်ဖို့လည်း xxx နင် လုံးဝမစဉ်းစားပါနဲ့ xxx ရှေ့ဆက်သွားရင်လည်း xxx လမ်းမှားရောက်မှာပဲ xxx မစဉ်းစားနဲ့ ဘောဘီ xxx ကျောခိုင်းပြီးတော့ ဝေးဝေးပြေး"

ဟုတ်လိမ့်မယ် မိုးပြေ။ အဲဒီသီချင်းထဲကလိုပဲ ငွေမှုန်းရဲ့အသည်းနှလုံးဟာလည်း ပေါက်သွားတဲ့အိုးတစ်လုံးလို ဘယ်လိုအချစ်မျိုးပဲ ထပ်ဖြည့်ဖြည့် ပြည့်နိုင်ဖို့ဆိုတာ လွယ်မယ်မထင်ဘူး မိုးပြေ။

အဲဒီတော့ ငွေမှုန်းရဲ့နှလုံးသားကို ဘယ်လိုမေတ္တာ ရေစေ့မှ မဖြည့်ပါနဲ့တော့။ ငွေမှုန်းသည် သတိနှင့် ကိုယ်ကိုပြန် ကပ်လိုက်ကာ ကိုထွဋ်နှင့် ချိန်းထားရာသို့ ကားကိုခပ်မှန်မှန် မောင်းနှင်းမျိုးဖြင့် မောင်းလာခဲ့တော့သည်။

ခဏအကြာတွင်တော့ ကိုထွဋ်နှင့် ချိန်းထားရာဆိုင် လေးသို့ ရောက်လာရာ ကိုထွဋ်က ကြိုရောက်လို့နေသည်။ ငွေမှုန်းကို မြင်ရင် လက်တစ်ဖက်ပြကာ နှုတ်ဆက်နေသော ကိုထွဋ်ရဲ့စားပွဲဝိုင်းမှာ ဝင်ထိုင်သည်။

"ငွေမှုန်း ... တစ်ခုခုမှာလေ"

"ရပါတယ်၊ အဆင်ပြေတာပေါ့"

"အိုကေ ... ဒါဆို စတော်လက်ဖျော်မှာလိုက်မယ်နော်"

ငွေမှုန်းက အသာပြုံးကာ ခေါင်းညိတ်ပြသည်။ ငွေမှုန်း စတော်ဘယ်ရီလက်ဖျော်ကိုသာ နှစ်သက်ကြိုက်တာကို သိထားသော ကိုထွဋ်က အလိုက်တသိ မှာပေးပြီးနောက် ကိုထွဋ် က စကားစလာသည်။





"ဒီလိုငွေမှုန်းရဲ့၊ ကိုယ်က လွန်းရဲ့ဖုန်းထဲကို သီချင်းတစ် ပုဒ်ပို့ပေးချင်တယ်၊ ဒီတိုင်းကြီး သွားပို့ရင် သူက လက်ခံ မှာမဟုတ်ဘူးလေ၊ အဲဒါကြောင့် ငွေမှုန်းကို ကူညီတောင်း ရတာပါကွာ"

"ရပါတယ် ကိုထွဋ်ရဲ့၊ ပေးလေ ဖုန်း၊ ကိုထွဋ်ရဲ့ဖုန်းနဲ့ပဲပို့ ပေါ့၊ လွန်းရဲ့ဖုန်းထဲမှာ ကိုထွဋ်ရဲ့ဖုန်းကို paired device ကော Auto connection ပါ Yes လုပ်ပေးထားမယ် ... အိုကေ"

ငွေမှုန်းရဲ့အပြောကြောင့် သူသည် ကျေနပ်စွာပြုံး ကာ ...

"Thank you ငွေမှုန်းရာ၊ ကဲ ... ရော့ဖုန်း၊ အားလုံး ready လုပ်ထားပေးနော်"

"ဟုတ် ... သြော် ... ဒါနဲ့ ဒီဖုန်းကို ဘယ်လိုပြန်ပေးရမလဲ"

"ရတယ်၊ မနက်ဖြန်ကျမှပဲ ကိုယ်လာယူမယ်"

"အိုကေ ... ငွေမှုန်း ဖုန်းပိတ်ထားမယ်နော်၊ ဖြစ်လား"

"ရတယ် ... အေးဆေး၊ ငွေမှုန်း ... ကဲ သောက်လိုက်ဦး"

ငွေမှုန်းသည် ကိုထွင့်ရဲ့ဖုန်းကို အိတ်ထဲထည့်လိုက်ပြီး စတော်ဘယ်ရီဖျော်ရည်ကို သောက်လိုက်သည်။

"ငွေမှုန်းကော စာလိုက်နိုင်ရဲ့လား"

"ဟုတ်ကဲ့ ...၊ တစ်နေ့စာတစ်နေ့ ပုံမှန်တော့ ဘာမှမခက်ပါဘူး၊ အဆင်ပြေပါတယ်"

"အင်း ... အကူအညီလိုရင် ပြောနော်၊ ကိုယ့်သူငယ်ချင်းတစ်ယောက်လည်း EC ကပဲ၊ သူက B. Tch $1^{st}$ လေ၊ ငွေမှုန်းတို့ ကျောင်းကပဲ၊ နောက်ကြုံရင် မိတ်ဆက်ပေးထားမယ်"

"ဟုတ် ... ကျေးဇူး ကိုထွင့်၊ ငွေမှုန်း ပြန်တော့မယ်နော်"

ကိုထွင့်ကို နှုတ်ဆက်ပြီးနောက် သူမနှင့် ကိုထွင့်သည် ကားပါကင်ဆီသို့ အတူလျှောက်လာကြသည်။ ငွေမှုန်းရဲ့ ကားကိုမြင်တော့ သူက အံ့သြစွာ တစ်ချက်ပြုံးပြ၍ ...

"ဟား ... ငွေမှုန်းတောင် ကားကို ကျွမ်းကျွမ်းကျင်ကျင် မောင်းနေတာပဲ၊ ကောင်းတယ် ... ကောင်းတယ်"

"ဟုတ် ... ကဲ ... ကိုထွင့် သွားပြီနော်"





"အင်း ... တာ့တာ"

ကိုထွင့်က လက်ပြနှုတ်ဆက်လျှင် ငွေမှုန်းကလည်း ပြန်လက်ပြကာ ကားပေါ်တက်၍ မောင်းထွက်လာခဲ့သည်။ ငွေမှုန်းကားမောင်းထွက်သွားတာကို မျက်စိတဆုံး ငေးနေမိသူကတော့ ကိုထွင့် အပြင် နောက်ထပ် တစ်စုံတစ်ယောက်ရှိနေသေးသည်ဆိုတာကို ငွေမှုန်းများ သိခဲ့ရင် ...။

* ✿ *

သူ့ရင်ခွင်တစ်ခုလုံးသည် နေဆယ်စင်းပေါ်တင်ကာ မှိုင်းတိုက်ခံလိုက်ရသလိုကို ပူလောင်နေသည်။ နေ့လယ်ပိုင်းမှာ သူ တွေ့လိုက်ရတဲ့ မြင်ကွင်းက အခုထိမြင်ယောင်ထင်ဟပ်နေပေသည်။ ငွေမှုန်းနှင့် ကိုကောင်းထွဋ်တို့ ဘယ်လိုများ ပတ်သက်နေကြပါသလဲ။ ငွေမှုန်းကလည်း သူ့ကိုတောင် တစ်ခါမှမပြုံးခဲ့ဖူးသော ကြည်လင်သည့် အပြုံးမျိုးဖြင့် ကိုကောင်းထွဋ်ကို ပြုံးပြလို့။

အား ... ဘာတွေလဲ။ အခြေအနေတွေဟာ ဘယ်လိုယူဆရမှန်းမသိအောင်ကို ရှုပ်ထွေးလို့လာသည်ဟု သူ ထင်မိသည်။ ငွေမှုန်းနှင့် ကိုကောင်းထွဋ်ရဲ့ပတ်သက်မှုက ဘာလဲ။ ငွေမှုန်းရဲ့နှလုံးသားကို သူ့ထက်ဦးသူများ ရှိနေပြီလားဆိုသော အတွေးက သူ့တစ်ကိုယ်လုံးကို ညွတ်ကျသွားစေတော့သည်။





နေ့လယ်က သူ ငွေမှုန်းဆီ ဖုန်းဆက်တော့ ငွေမှုန်းက ခပ်လောလောလေသံဖြင့် အရေးကြီးကိစ္စရှိနေလို့ နောက်မှ ဆက်လိုက်ပါတဲ့။ ငွေမှုန်းပြောတဲ့ အရေးကြီးကိစ္စဆိုတာ ကိုကောင်းထွဋ်နှင့် သွားတွေ့ဖို့တဲ့လား။

အခုချိန်မှာ သူ ဘာလုပ်သင့်ပါသလဲ။ မိုးပြေသည် သိပ်ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ အိပ်ရာမှ ငေါက်ခနဲထထိုင်ကာ ငွေမှုန်းဆီသို့ ဖုန်းခေါ်လိုက်တော့သည်။ ဖုန်းက တောက်လျှောက် user busy ဖြစ်ကာ တော်တော်လေး စိတ်ရှည်လက်ရှည်ခေါ်ပါမှ ဒီတစ်ကြိမ်မှာတော့ အတိအကျကို လိုင်းဝင်သွားတော့သည်။

"အင်း ... မိုးပြေ ပြောပါ"

ချိုချိုသာသာ အသံလေး သူ့နားထဲတွင် ဖြတ်သန်းစီးဆင်းသွားခိုက်တွင်တော့ သူ့ရင်ထဲက ပူလောင်မှုတွေဟာ တဒင်္ဂတော့ ပျောက်ကွယ်သွားတော့သည်။

"ကျွန်တော် ဖုန်းခေါ်နေတာ ကြာပြီ"

"ဟုတ်လား ... သူငယ်ချင်းနဲ့ ဖုန်းပြောနေတာ နည်းနည်းကြာသွားတယ်"

သူငယ်ချင်း ...။ ကျေးဇူးပြုပြီး မင်းပြောတဲ့သူဟာ ကိုကောင်းထွဋ်တော့ မဖြစ်ပါစေနဲ့ ငွေမှုန်း။

"မိုးပြေ ... ဘာပြောမလို့လဲဟင်"

"ဟို ... အင်း ... ငွေမှုန်း memory stick ဖွင့်ပြီးသွားပြီလား"

ငွေမှုန်းဘက်က ဘာသံမှ မတုံ့ပြန်သဖြင့် မိုးပြေသည် တော်တော်လေးကို ထိတ်လန့်သွားရသည်။ ဘာမှပြန်မပြောဘူးဆိုရင်တော့ ငွေမှုန်းဟာ သူ့ကို စိတ်များဆိုးသွားပြီလား မပြောတတ်ပါ။

"ငွေမှုန်း ကျွန်တော့်ကို စိတ်ဆိုးသွားလားဟင်"

"မဆိုးပါဘူး"

ဟိုက်ရှားဘား ... ငွေမှုန်းရဲ့စိတ်မဆိုးပါဘူးဆိုတဲ့ အပြောကြောင့် သူ့တစ်ကိုယ်လုံးသည် မိုးကောင်းကင်ပေါ်သို့ မြောက်တက်သွားသလိုကို ခံစားရပါသည်။





"အဲဒီထဲက ကဗျာက ကျွန်တော့်ရဲ့တကယ့်ကို ခံစားချက် အစစ်အမှန်ပါ ငွေမှုန်း၊ ကျေးဇူးပြုပြီးတော့ ကျွန်တော့်ရဲ့ အသည်းနှလုံးလေးကို ကျကွဲသွားအောင်တော့ မရက်စက်ပါနဲ့နော် ငွေမှုန်း ...

ကျွန်တော် မျှော်လင့်နေပါရစေ"

အချစ်နဲ့ ပတ်သက်လာရင် လူတိုင်းက ကဗျာဆရာတွေ ဖြစ်သွားတတ်တယ်ဆိုတဲ့ စကားက သိပ်ကိုမှန်နေတာပါလား။ ကြိုတင်လေ့ကျင့်မထားပါဘဲနှင့်ကို နှုတ်ဖျားက အလိုလိုထွက်လာသော စကားတွေအတွက် သူကတော့ အတော်ကျေနပ်နေမိပေသည်။

"မိုးပြေရယ် ... ဒုက္ခပါပဲ၊ အချစ်ဆိုတာကြီးကို အဲဒီလောက်ထိ မကြေငြာမ်းပါနဲ့၊ ငွေမှုန်းက အချစ်ကိုမယုံဘူး။ ပြီးတော့ မစဉ်းစားချင်ဘူး၊ ငွေမှုန်းကို နားလည်ပါ၊ အဲဒါကြောင့် ငွေမှုန်းတို့ သူငယ်ချင်းတွေလိုပဲ ခင်သွားကြရအောင်လား ဟင်"

"ကျွန်တော်က ငွေမှုန်းကို တကယ်ချစ်မိနေတာပါဗျာ၊ ကျွန်တော့်ကို နည်းနည်းလောက်တော့ စဉ်းစားပေးပါနော်"

အထာမရှိသော သူ့ရဲ့ချစ်ခြင်းအတွက် သူကတော့ ငွေမှုန်းဆီက မေတ္တာတရားကို ရရှိလိမ့်မည်ဟု အကြွင်းမဲ့ကို ယုံကြည်ထားသည်။

"ငွေမှုန်းက အချစ်ကို လုံးဝမစဉ်းစားတော့ဘူးလားဟင်"

"အင်း ... တစ်နေ့နေ့တော့ စဉ်းစားမှာပေါ့ မိုးပြေ"

တစ်နေ့နေ့ ...။ ဖြစ်သည် ... အဲဒီတစ်နေ့နေ့ကိုပဲ သူက စိတ်ရှည်ရှည်နှင့်ကို စောင့်နေပေဦးမည်။

"ငွေမှုန်းရဲ့အကန့်အသတ်မရှိတဲ့ တစ်နေ့နေ့မှာ စဉ်းစားမယ်ဆိုရင် ကျွန်တော့်ကို စဉ်းစားပေးပါနော်၊ ကျွန်တော်မျှော်လင့်စွာနဲ့ စောင့်နေပါတယ်"

"ဟုတ်ပါပြီ၊ ကဲ ... မိုးပြေ၊ ဖုန်းပိတ်လိုက်တော့မယ်၊ တစ်နေ့နေ့မှာ ရှင် ကံကောင်းနိုင်ပါစေ"





ငွေမှုန်းကတော့ ဖုန်းပိတ်သွားပြီဖြစ်သည်။ သူကတော့ ငွေမှုန်းရဲ့ဖုန်းပိတ်ခါနီး စကားလေးကြောင့် တော်တော့်ကို ကြည်နူးသွားရသည်။ တစ်နေ့နေ့မှာ ရှင် ကံကောင်းနိုင်ပါစေတဲ့။ ဘယ်လောက်တောင်မှ ရင်ခုန်ဖို့ ကောင်းလိုက်လေသလဲ။

တစ်နေ့နေ့ ... တစ်နေ့နေ့။

အမြန်ဆုံး ရောက်လာဖို့ပဲ စောင့်နေရပါတယ် ငွေမှုန်းရယ်။

* ✿ *

လွန်းသည် သည်ကနေ့တွင်တော့ မေမေနိုင်းသော ကိစ္စကို ဆောင်ရွက်နိုင်ရန်အတွက် ကျောင်းတစ်ရက်ဖျက်လိုက်ရတော့သည်။ မေမေနိုင်းသောကိစ္စမှာ အခြားတော့မဟုတ်ချေ။ နိုင်ငံခြားသင်္ဘောလိုက်နေသော လွန်းရဲ့ကိုကြီးက လူကြုံရှိသဖြင့် ကိုကြီးဆီသို့ အစားအသောက်ပို့ရန် agent ကို လွန်းက ပစ္စည်းတွေ သွားပေးရမှာဖြစ်သည်။ အစကတော့ မေမေက တစ်ယောက်တည်း သွားပို့မည်ဖြစ်ပေမယ့် အရေးပေါ် အလုပ်ကိစ္စပေါ်လာ၍ လွန်းကပဲ မေမေ့ကိုယ်စား ပို့ပေးရမှာဖြစ်သည်။

လွန်းသည် လုပ်စရာရှိသည်တို့ကို သွက်လက်စွာလုပ်ဆောင်ပြီး အိမ်မှထွက်တော့မည် အလုပ်တွင်တော့ ဖုန်းကဝင်လာသေး၍ ဖုန်းသွားကိုင်ရသေးသည်။

"ဟယ်လို"





"ကိုလင်းနေရောင်တို့ အိမ်ကပါလား"

ကိုကြီးတို့ agent က ဖုန်းမှန်းသိ၍ လွန်းသည်ချိုသာသောအသံနှင့်အတူ ဟုတ်ကဲ့ဟု ဖြေရင်တော့ ...

"ကိုလင်းနေရောင်အတွက် လူကြုံပစ္စည်းကို လာပို့လို့ရပါပြီနော်၊ အဲဒါ confirm လှမ်းလုပ်တာပါ"

"ဟုတ်ကဲ့ ... ကျေးဇူးပါနော်"

လွန်းသည် ဖုန်းချပြီးသည့်နောက်တွင်တော့ ပစ္စည်းထုပ်ကိုယူကာ အိမ်တံခါးသော့ပိတ်၊ သံပန်းတံခါးသော့ခတ်ပြီးနောက် lift ဖြင့် အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ပြီးရင်တော့ ကားပါကင်ဆီသို့သွားကာ ကားကို တစ်ချက်စစ်၍ ကိုကြီးရဲ့ သင်္ဘောအေးဂျင့်ရှိရာ တက္ကသိုလ်ရိပ်သာလမ်းသစ်ဆီသို့ မောင်းလာခဲ့တော့သည်။ ကားမောင်းရင်းနှင့် မိုးစုဆီက ဖုန်းလာတာကြောင့် ဖုန်းကပြောရသေးသည်။ မိုးစုက လွန်း ဒီနေ့ ကျောင်းမလာတာကို သူ့ကို ကြိုမပြော၍ ပွစိပွစိဖောက်ကာ ကွိုင်ရှာနေတာဖြစ်သဖြင့် မိုးစု ကျေနပ်အောင် ချော့ပြီးမှ လွန်းသည် ဖုန်းပိတ်ရတော့သည်။

ကိုကြီးရဲ့အေးဂျင့်ဆီသို့ လွှန်းက ခဏခဏရောက် ဖူးနေ၍ လမ်းရှာ အိမ်ရှာတွေလုပ်ဖို့ မလိုပါ။ တန်းမတ်စွာပင် ကိုကြီးရဲ့အေးဂျင့်ဆီသို့ ရောက်လာခဲ့သည်။ အဲဒီအရောက်မှာတော့ တစ်ယောက်သောပုဂ္ဂိုလ်နှင့် လွှန်းသည် တိုက်တိုက်ဆိုင်ဆိုင်ပင် ဆိုက်ဆိုက်မြိုက်မြိုက်ကြီးကို တွေ့ရလေသည်။ လွှန်းသည် အော်လ်တာရုပ် ကြက်သွေးရောင်လက်တိုကို skinney ဂျင်းအနက်ရောင်ဖြင့် လန်ထွက်နေအောင် ဝတ်ဆင်ထားသော ကိုထွင့်ကို အံ့အားသင့်စွာဖြင့် လှမ်းခေါ်လိုက်သည်။

သူနှင့် တိုက်ဆိုင်စွာဖြင့် ကိုလွှန်းသည် ဘာလို့ ခဏခဏ လာဆုံနေရတာပါလိမ့်။ ပြီးတော့ သူကကော ဒီကို ဘာလာလုပ်တာပါလိမ့်။

"ဟယ် ... ကိုထွင့်က ဘယ်လိုလုပ် ဒီကိုရောက်နေတာလဲ"

"ဒါက ကိုယ့်ဦးလေးရဲ့ agent လေ လွှန်းရဲ့၊ လွှန်းကကော ဒီကို ဘာလာလုပ်တာလဲ"

ဟယ် ... အံ့ပါလေရောကွယ်။ ကိုကြီးတို့ အေးဂျင့်က သူ့ဦးလေးရဲ့အေးဂျင့်တဲ့လေ။ -





"လွှန်းက ဒီမှာ ကိုကြီးအတွက် လူကြုံရှိတယ်ဆိုလို့ ပစ္စည်းတွေ လာပို့တာပါ"

လွှန်းရဲ့စကားကြောင့် သူ့မျက်နှာသည် အစွမ်းကုန်ကို ထိန်ဝင်းကာ လင်းထင်းသွားပြီး ပြုံးရွှင်သော မျက်လုံးတွေနှင့် နူးညံ့စွာကြည့်ကာ ...

"ဟာ ... တိုက်ဆိုင်လိုက်တာ၊ လွှန်းအစ်ကိုက ဒီလိုင်းကလား"

"ဟုတ်ကဲ့"

"ဟို ... လွှန်းရဲ့အစ်ကိုအရင်းလားဟင်"

မပွင့်တပွင့်လေသံလေးဖြင့် လွှန်းကို ခပ်တိုးတိုးမေးလာသော ခပ်ချောချောကောင်လေး ကိုထွင့်ရဲ့ပုံစံလေးကြောင့် လွှန်းသည် သူ့ကိုတစ်ချက်တော့ ငေးကြည့်မိသွားသည်။ အင်း ... သူဟာ အတော်လေးကို ချောသော ကောင်ကလေးပါလား။ အထူးသဖြင့် သူဟာ လွှန်းကြိုက်သော F4 ဇာတ်လမ်းတွဲထဲမှ ဂျီဟိုနဲ့တောင် သွားဆင်နေပြီး သူ ပြုံးလိုက်ရင်တော့ တော်ရုံ

ကောင်မလေးတွေ လုံးဝအရည်ပျော်သွားနိုင်မည့် အနေအထားကို ပိုင်ဆိုင်ထားသော ကောင်ချောချောလေးပင် ဖြစ်ပါသည်။

"ဟုတ်ပါတယ်၊ ကဲ ... လွန်း ပစ္စည်းဝင်ပို့လိုက်ဦးမယ်"

"အင်း ... ကိုယ်လိုက်ပေးရမလား"

"ရတယ် ကိုထွဋ်"

ကိုထွဋ်ရဲ့ရှေ့ကနေ ထွက်လာကာ လွန်းသည် reception တွင် ပစ္စည်းသွားပေးပြီးနောက် ပြန်ထွက်အလာတွင် တော့ မပြန်သေးဘဲ လွန်းကို ထိုင်စောင့်နေသော ကိုထွဋ်ကို တွေ့ရသောအခါ ...

"ဟယ် ... မပြန်သေးဘူးလား ကိုထွဋ်"

"အင်း ... လွန်းကများ သဒ္ဓါပေါက်ပြီး မုန့်လေးဘာလေး ဝယ်ကျွေးမလားလို့ စောင့်နေတာ"

သူ့ရဲ့စကားပြောလိမ္မာပါးနပ်မှုကိုတော့ လွန်း တစ်ဆိတ်တော့ ချီးကျူးမိလေသည်။

"ကဲပါ ... ရှင်ကြိုက်တဲ့ဆိုင်ကိုသာ ရွေးလိုက်"





"အိုကေ ... ဒါဆို ကိုယ် ရှေ့ကသွားလိုက်မယ်လေ"

လွန်းသည် ခေါင်းတစ်ချက် ဆတ်ပြလိုက်ပြီး ကားတံခါးကိုဖွင့်ကာ ဝင်ထိုင်ပြီး ...

"ကဲ ... ရှေ့ကသာမောင်း"

လွန်းသည် ကိုထွဋ်ရဲ့ကားလေးနောက်ကနေ လိုက်လာခဲ့တော့သည်။ အေးအေးဆေးဆေးရှိသော ဆိုင်လေးတစ်ဆိုင်တွင် လွန်းတို့ ထိုင်ဖြစ်ခဲ့ကြသည်။

"လွန်း ... အချစ်ဆိုတာကို ဘယ်လိုမြင်လဲဟင်"

မြတ်စွာဘုရား ...။ အချစ်ဆိုသောစကား စပြီဆိုတော့ သူ့ရဲ့ဦးတည်ရာက ဘာများပါလိမ့်။ ကေ့ တော့ သူ ... သူက ...။

"လွန်း ... ကိုယ်မေးတာ ဖြေပါဦး"

"ရှင် ... ဟို ... အချစ်ဆိုတာ အချစ်ပဲပေါ့ ကိုထွဋ်ရဲ့... အဟင်း"

လွန်းသည် အရင်ကလို သွက်သွက်လက်လက်ပုံစံလေးမျိုးဖြင့် မြူးကြွနေသောသူဟာ အခုကျတော့ ဖြတ်ရိုက်ပစ်

ချင်စရာကောင်းအောင်ကို ပါးစပ်ပိတ်နေခဲ့သည်။ လွှန်းရဲ့အ,တီး အ,တ ဖြစ်နေသော ပုံလေးကိုကြည့်ကာ သူက အသာရယ်ပြီး ...

"ကိုယ်ကတော့ အရင်တုန်းက အချစ်ဆိုတာ ပါးစပ်ဖျား မှာပဲ ရှိနေတတ်တဲ့ အရာလို့ ထင်ခဲ့တယ်၊ အခုကျတော့"

သူ့ရဲ့စကားသံဟာ ပြတ်တောက်သွားကာ လွှန်းကို ငေးကြည့်နေရလေသည်။

သူ့ရဲ့ အဲဒီအကြည့်ဒဏ်တွေကို လွှန်းက ဘယ်လိုမှ မခံနိုင်တော့စွာဖြင့် ခေါင်းငုံ့ပစ်လိုက်ကာ ငြိမ်သက်နေရင့်တော့ သူက စကားဆက်၏။

"အခုကတော့ ကိုယ့်ရဲ့အချစ်အဓိပ္ပာယ်တွေ ပြောင်းလဲ သွားခဲ့တယ် လွှန်း၊ လွှန်းကို ကိုယ်ပြောပြရမလားဟင်"

တိုးတိုးသဲ့သဲ့ အဲဒီအသံလေးကြောင့် လွှန်းသည် လှုပ်ရှားရင်ခုန်စွာဖြင့်ပင် သူ့ကို တစ်ချက်မော့ကြည့်လိုက်သည်။ ချစ်ရည်ရွှန်းလဲ့နေသော မျက်ဝန်းများဖြင့် လွှန်းကို ရီဝေစွာကြည့် နေသော အကြည့်တွေက ဘာကိုဖော်ကျူးနေတယ်ဆိုတာကို လွှန်း သိသည်။





ဘုရား ... လွှန်းရဲ့နှလုံးခုန်သံတွေဟာ သိပ်မမှန်ချင် တော့ပါလား။ အဲဒီ အကြည့်ဒဏ်တွေအောက်မှာ လွှန်းတစ်ယောက် ကျရှုံးတော့မှာတဲ့လား။

တဒိတ်ဒိတ် ခုန်မြည်နေသော အဲဒီရင်ခုန်သံတွေကို လွှန်းသည် မသိကျိုးကျွန်ပြုလိုက်ကာ နဂိုအသွက်ပုံစံလေးကို ပြန်ဖမ်းလိုက်ပြီး ကိုထွင့်ကို တစ်ချက်ပြုံးပြလိုက်ကာ ...

"မပြောနဲ့တော့၊ ကိုယ်ဖွင့်ဆိုထားတဲ့ အဓိပ္ပာယ်ဆိုတာ သူများတကာကို လျှောက်မပြောရဘူးရှင့်"

လွှန်းက လက်ညှိုးလေးထိုးပြီး ပြောင်ချော်ချော်လေး ပြောလိုက်လျှင် သူက ခေါင်းတစ်ချက်ညိတ်ကာ အဓိပ္ပာယ်ပါသော အပြုံးတစ်ခုကို ပြုံးလိုက်ကာ ...

"ဟုတ်ပါတယ်လေ၊ ပြောဖို့က စောပါသေးတယ်၊ ဒါပေမဲ့ ကိုယ့်ရဲ့ definition ကိုတော့ တစ်ချိန်ချိန် သေချာပေါက် ပြောကိုပြောဖြစ်မှာပါ"

"အင်း ... ကဲ ... ကိုထွင့် ပြန်ရအောင်လေ"

လွန်းရဲ့စကားကြောင့် သူက ခေါင်းညိတ်ပြကာ ပြန်ခဲ့ကြတော့သည်။ ကားပါကင်ဆီသို့ အရောက်တွင်တော့ လွန်းဆီသို့ ကိုထွဋ်က မျက်နှာလှည့်ကာ ထပ်၍စကားဆိုလိုက်ပြန်သည်။

"သြော် ... လွန်း၊ လွန်းရဲ့ received file ကိုဖွင့်ကြည့်လိုက်ဦးနော်"

အဆက်အစပ်မရှိပြောသော သူ့စကားကြောင့် လွန်းသည် ကြောင်အမ်းအမ်း ဖြစ်သွားပြီး ...

"ဘာ rceived file လဲ"

"လွန်းဖုန်းက received file သာ ဖွင့်ကြည့်လိုက်ပါလား ... surprise"

လွန်းသည် ယောင်နနဖြင့် ဖုန်းကိုဖွင့်စဉ်မှာပင် သူက ကားကိုစက်နှိုးလိုက်ပြီး ...

"တာ့တာ ... သွားပြီနော် လွန်း၊ အဲဒါ my real feeling"

လွန်းကို လက်ပြနှုတ်ဆက်ကာ မောင်းထွက်သော သူ့ကို နည်းနည်းတော့ အံ့သြရပါသည်။ real feeling တဲ့။ ဘာ





ပါလိမ့် ? ? ။ လွန်းသည် received file ကို ဖွင့်ရင်တော့ သီချင်းတစ်ပုဒ် ရောက်နေတာ တွေ့ရသည်။ ဘာသီချင်းလဲ ဆိုတာကိုတော့ အိမ်ပြန်ရောက်မှပဲ ဖွင့်ကြည့်တော့မည်။

လွန်းသည် အိမ်သို့ပဲ တန်းတန်းမတ်မတ် ပြန်လာခဲ့တော့သည်။ အိမ်ပြန်ရောက်လျှင် အိမ်မှာ ဘော်ဒါတစ်ယောက်က အသင့်စောင့်နေကာ ဘာလဲမေးတော့ သူ့ဘဲနဲ့ပြတ်သွား၍ အသည်းကွဲဖီလင်တွေ လွန်းဆီမှာ လာဖွင့်ပြတာဖြစ်သည်။ သူမကိုလည်း လိုအပ်မည့် အားပြည့်ဗိုင်တွေခင်းကာ နှစ်သိမ့်ရသေးသည်။

လွန်းရဲ့ဘော်ဒါ ပြန်သွားတော့မှပဲ လွန်းသည် ရေမိုးချိုးကာ အိမ်နေရင်း ပေါ့ပေါ့ပါးပါး ချည်သားဝမ်းဆက်ကို ဝတ်ဆင်ကာ မေမေ ပြန်လာရင် အဆင်သင့်ဖြစ်အောင် သပရာရည်တစ်ခွက်ဖျော်ပြီးနောက် လွန်းသည် ဝတ္ထုတစ်အုပ်နှင့် ငြိမ်မည်အလုပ် ဟိုပုဂ္ဂိုလ်လေးရဲ့ receiver file ထဲ ပို့ပေးသော သီချင်းကိစ္စကို သွားသတိရကာ ဖုန်းယူ၍ သီချင်းဖွင့်ကြည့်လိုက်တော့သည်။ သီချင်းကရော ရဲလေးရဲ့ Baby girl သီချင်းဖြစ်သည်။

"အရင်က ဇာတ်လမ်းတွေပြီးလို့ xxx အသက်ငယ်သူကို မချစ်တော့ဘူးလို့ xxx ငါ့စိတ်မှာတွေးထား xxx စိတ်ဆုံးဖြတ်ထားတဲ့ ငါ့ရဲ့အတွေးများ xxx ကို အနားပေးထားတဲ့ ကောင်းကင်အရောင်ဖျော့တဲ့ နေ့တစ်ရက်မှာ xxx ငါရှုံးခဲ့ ဝန်မခံချင်တော့ ဘောဘီ xxx မင်းရဲ့အပြုံးများ"

ဒီသီချင်းက လွန်းရဲ့ဖုန်းထဲ ဘယ်လိုရောက်လာတာပါလိမ့်။ သူပို့တာဖြစ်ပေမယ့် လွန်းဖုန်းက Bluetooth က ဘယ်လိုပွင့်နေတာပါလိမ့်။ လွန်း bluetooth ဖွင့်ထားခဲ့တယ်ပဲထားဦး။ သူ သီချင်းပို့ဖို့အတွက် လွန်းဘက်က accept လုပ်မှဖြစ်မည်။ အခုတော့ သူက paired device လုပ်ထားပြီးသလိုကို အပိုင်ပို့လိုက်တာဖြစ်သည်။ သူ ဘာရည်ရွယ်ချက်နဲ့ ဒီသီချင်းပို့သလဲဆိုတာကိုတော့ မိန်းကလေးဖြစ်တဲ့ လွန်းက ရိပ်စားမိပါသည်။

ဒါပေမဲ့ သူ ဒီသီချင်းကို ဘယ်လိုပို့လိုက်တာလဲဆိုတာကိုတော့ လွန်း အလွန်ပင် သိချင်လှပါသည်။ အင်း ... ကြုံရင်တော့ မေးမည်ဟု တေးထားလိုက်ပါသည်။





ကိုထွဋ်ဆိုတဲ့သူဟာ လွန်းရဲ့နှလုံးသားထဲသို့ အချိန်တိုအတွင်းမှာပင် ခပ်စိပ်စိပ် ချဉ်းနင်းဝင်ရောက်လာခဲ့သူဖြစ်သည်။ သူ့ရဲ့အပြုံး၊ သူ့ရဲ့အပြောအဆို၊ သူ့ရဲ့ရုပ်ပါသည် ဆွဲဆောင်မှုတွေကြားမှာ လွန်းကကော လုံးဝကြီးကို ညွတ်ကျသွားနေပြီလား။ ဟင့်အင်း ... မဖြစ်နိုင်သေးပါဘူး။

လွန်းက တစ်စုံတစ်ယောက်ကို မျှော်လင့်နေတာပါ။ နောက်မှရောက်လာတဲ့ ကိုထွဋ်က လွန်းရဲ့နှလုံးသားထဲမှာရှိနေတဲ့ တစ်စုံတစ်ယောက်ကို ပျောက်ပျက်ပစ်နိုင်တဲ့ အစွမ်းကော ရှိလို့လား။ လွန်းသည် ကိုထွဋ်ရဲ့အကြောင်းကို တွေးနေရင်းကမှ လွန်းရဲ့နှလုံးသားထဲ တစ်စုံတစ်ယောက်အကြောင်းကို စဉ်းစားမိသွားသည်။

မိုးပြေ ... သူ့ရဲ့ရိုးသားအေးဆေးသော ပုံစံလေးနှင့် မလှုပ်တလှုပ် မထုံတတ်တေး အသွင်သဏ္ဍာန်လေးတွေသည် လွန်းအတွက်တော့ ကျိတ်ခိုက်ရသော အခြေအနေမျိုးတွင်ရှိလေသည်။ သူ့ရဲ့အေးဆေးတည်ငြိမ်သော ပုံစံလေးကို မြင်လိုက်ရလေတိုင်း လွန်းရင်ထဲမှာ အေးခနဲတော့ ဖြစ်သွားတတ်သည်။ သို့ပေမဲ့

မိုးပြေနှင့်တွေ့ကာ စကားပြောကြသည့်အခါတိုင်းမှာ ရှိန်းတိန်း ဖိန်းတိန်း ခံစားမှုတို့တော့ မရှိခဲ့ပါ။ ကြားဖူးတာကတော့ အချစ် ဆိုရင် ရင်တွေတရစပ် အကြမ်းပတမ်းခုန်သည်တဲ့။

ဒါဖြင့် ကိုထွဋ်နဲ့ကျတော့ကော ... ? ။

ရှိန်းတိန်းတိန်းနှင့် ရင်တွေ တဒိန်းဒိန်းခုန်ကာ လက်ဖျားခြေဖျားတွေက အေးမြတုန်ယင်ကာ နှုတ်တို့ကဆွံ့အ နေတတ်သည်။

ဘာကြောင့်လဲ ? ? ။ အချစ်ဆိုတာကကော ဘယ် လိုဗီလင်မျိုးပါလိမ့်။ လွန်းသည် အသည်းထောင့်တစ်နေရာကနေ အတိအကျ ထွက်လာမည့် အဖြေတစ်ခုအတွက် ရင်ခုန်ရှူးသွပ်စွာ စောင့်စားမျှော်လင့်နေမိပါသည်။

* ❁ *





## ၁၁

မိုးပြေသည် သူငယ်ချင်းတစ်ယောက်ရဲ့မွေးနေ့ပွဲကို သွားရန်အတွက် မွေးနေ့လက်ဆောင်ကိစ္စကို စီစဉ်ရသည်။ အဲဒါ ကြောင့် ဒဂုံစင်တာဘက် လမ်းကြုံတာနှင့် ဝင်လိုက်တော့သည်။ ဘာဝယ်ရနိုးနိုး ပတ်ကြည့်နေစဉ်မှာတော့ မိုးပြေသည် တစ်စုံတစ် ယောက်က သူ့နောက်ကျောကို လှမ်းပုတ်လိုက်သဖြင့် လှည့်ကြည့် ရင်တော့ တကယ့်ကို မထင်မှတ်ထားစွာ တွေ့လိုက်ရသူက ကိုကောင်းထွဋ်ပင် ဖြစ်သည်။

"ဘယ်လာတာလဲ မိုးပြေ၊ ကိုယ့်ကို မှတ်မိပါတယ်နော်"

ဖော်ရွေပျူငှာစွာ လာနှုတ်ဆက်သော ကိုထွဋ်ကြောင့် မိုးပြေသည် သူ့ကိုပြုံးပြလိုက်ပြီး ...

"ဟာ ... မှတ်မိတာပေါ့ ကိုထွင့်ရဲ့"

"တော်သေးတာပေါ့ကွာ၊ ကိုယ်က မမှတ်မိတော့ဘူးလားလို့၊ ကဲ ... လာ တစ်ခုခုစားရင်း စကားလေးဘာလေး ပြောကြရအောင်၊ မိတ်ဖြစ်ဆွေဖြစ်ပေါ့ ...

အချိန်ရတယ် မဟုတ်လား မိုးပြေ"

မိုးပြေသည် ကိုထွင့်နှင့်လည်း စကားပြောကြည့်ချင်သဖြင့် လက်ခံလိုက်တော့သည်။

"ဟုတ်ကဲ့ ... သွားကြတာပေါ့"

သိပ်ရှည်ရှည်ဝေးဝေး ဆိုင်တွေ မစဉ်းစားနေတော့ဘဲ အပေါ်ထပ်က Mymilk မှာပဲ ထိုင်ဖြစ်တော့သည်။

"မိုးပြေက physics မေဂျာကနော်"

"ဟုတ်ကဲ့"

"အင်း ... လွန်းနဲ့ကော တွေ့သေးလား"

လွန်းရဲ့အကြောင်းတော့ စကားစလာပြီ။ ငွေမှုန်းဆီသို့ စကားလမ်းကြောင်းပေးမှသာ သူလိုချင်နေသည့် အဖြေကို သိနိုင်မည်။ သူ မပြောရသေးခင် ကိုထွင့်က စကားဆက်၏။





"မိုးပြေကို ကိုယ့်ရဲ့ညီတစ်ယောက်လို၊ သူငယ်ချင်းတစ်ယောက်လို သဘောထားပြီး ပြောမယ်နော်၊ ကိုယ်က လွန်းကို စိတ်ဝင်စားနေတယ်၊ ဒါပေမဲ့ကွာ ကိုယ်နဲ့ လွန်းနဲ့ကအရမ်းရင်းနှီးတဲ့အနေအထားမှာ မရှိဘူး၊ အဲဒါကြောင့် မိုးပြေဆီက ကူညီမှုတစ်ချို့လိုတယ်၊ ကိုယ်က request လုပ်တာပါ"

"ဗျာ"

ကိုထွင့် စိတ်ဝင်စားနေသော မိန်းကလေးဟာ လွန်းတဲ့။ ဒါ ... ဒါဆို သူ့အတွက် စိတ်ပူစရာတွေ စိုးရိမ်စရာတွေ တကယ်မရှိတော့ဘူးပေါ့။

"ကူညီမယ်မှလားဟင်"

မျှော်လင့်စွာ မေးနေသော ကိုထွင့်ရဲ့မျက်လုံးတွေကို တစ်ချက်အကဲခတ်ကြည့်လိုက်သည်။ အဘက်ဘက်မှ ပြည့်စုံသော ကိုထွင့်လိုလူမျိုးနှင့် သွက်လက်ထက်မြက်သော လွန်း၊ သူတို့နှစ်ယောက်ကို မျက်လုံးထဲတွင် တွဲမြင်ကြည့်လိုက်သည်။ တော်တော်လေးကို လိုက်ဖက်ပြည့်စုံသည်ဟု ထင်မိပါသည်။

ဒါကြောင့်ပင် မိုးပြေသည် သွက်လက်ရွှင်မြူးစွာပင် ခေါင်းညိတ်ပြလိုက်ပြီး ...

"ကူညီမှာပေါ့ ကိုထွဋ်ရ"

"ဟား ... thank u မိုးပြေ၊ မင်းကြိုက်နေတဲ့ ကောင်မလေး ရှိရင်လည်းပြော၊ ကိုယ်ကူညီပေးမယ်"

"တကယ်"

ကိုထွဋ်က မယုံဘူးလားဆိုသော သဘောဖြင့် မျက်ခုံးတစ်ချက်ပင့်ကာ သူ့ကို လက်ညှိုးတစ်ချက်ထိုးကာ ...

"ကိုယ့်ညီက ရှိနေပြီ ထင်ပါတယ်၊ ကဲ ... ဘယ်သူလဲပြော"

"ငွေရည်မှုန်း"

မိုးပြေရဲ့ခပ်သွက်သွက် အဖြေစကားကြောင့် ကိုထွဋ်သည် ဟင် ... ဆိုသည့် အာမေဋိတ်ကိုပြုကာ သူ့ကို တစ်ချက်ကြည့်သည်။ သူက အဲဒီအပြုအမူကို အံ့ဩသွားကာ ...

"ဘာ ... ဘာလို့လဲ ကိုထွဋ်"





"အင်း ... မိုးပြေအနေနဲ့ သိထားသင့်တယ်လို့ ကိုယ်ထင်တယ်၊ ကိုယ်နဲ့ ငွေမှုန်းက တော်တော်ရင်းနှီးကြတယ်၊ ဒါပေမဲ့ ကိုယ့်အမှားတစ်ခုကြောင့် ကိုယ်တို့ဆက်ဆံရေးတွေ ကျဲသွားခဲ့ရတယ် ...

ငွေမှုန်း ဆယ်တန်းကျောင်းသူဘဝတုန်းက ကိုယ်တို့ရင်းနှီးခဲ့တယ် ဆိုပါတော့၊ ကိုယ်က ငွေမှုန်းရဲ့အေးဆေးနေတတ်တဲ့ပုံစံလေးကို စိတ်ဝင်စားခဲ့တယ်၊ အဲဒါနဲ့ပဲ ကိုယ်တို့သူငယ်ချင်းတွေ ငွေမှုန်းနဲ့ ပတ်သက်ပြီး အလောင်းအစားတစ်ခု လုပ်ခဲ့ကြတယ်၊ ငွေမှုန်းကို ရအောင်လိုက်မယ်ပေါ့ကွာ ...

ဒါပေမဲ့ ကိုယ် ရှုံးခဲ့ပါတယ်၊ ကိုယ့်ကို ငွေမှုန်းအဖြေမပေးခဲ့ပါဘူး ...

ဟို ... ကိုယ်တို့ရဲ့အလောင်းအစား ကိစ္စကို ငွေမှုန်းသိသွားလို့ မဟုတ်ဘူးနော်၊ နောက်မှ ဒီကိစ္စကို သူသိသွားတာ ...

ကိုယ်နဲ့ ငွေမှုန်းကြားမှာ အဲဒါလေးတော့ ရှော့ခ် ရှိဖူးတယ်၊ မိုးပြေက ငွေမှုန်းကို တကယ်ချစ်တယ်ဆိုတာ ကိုယ်ယုံလို့ တစ်ချိန် ပြဿနာတွေ ဖြစ်မလာအောင် ကိုယ်ကြိုပြောပြထားတာပါ၊ ဒီကိစ္စကို ကိုယ်က ဂုဏ်ဖော် ပြောတာ မဟုတ်ဘူးဆိုတာတော့ မိုးပြေ ယုံပါ"

ကိုထွင့်ရဲ့စကားစ ပြတ်သွားချိန်တွင်တော့ သူ့ရင် ထဲတွင် နွမ်းလျလို့သွားလေသည်။ မှိုင်ကျသွားတဲ့ သူ့ပုံစံကိုကြည့် ပြီး ကိုထွင့်က အသာပြုံးကာ ...

"အဲဒီလောက် မမှိုင်သွားပါနဲ့၊ မင်း မေးချင်တာကို ကိုယ် သိပါတယ်၊ ကိုယ် အမှန်အတိုင်း ပြောတာနော်၊ ငွေမှုန်း က လှတယ် ယဉ်တယ် အေးဆေးတယ်ကွာ၊ အဲဒီပုံစံလေး တွေကြောင့် ကိုယ် သူ့ကို စိတ်ဝင်စားခဲ့တာပါ၊ ခဏတာ စိတ်ဝင်စားခဲ့မှုကို အချစ်လို့မှန်းပြီး ခေါင်းစဉ်တပ်မိတာပါ ကွာ ...

တကယ်တမ်းမှာ ကိုယ် ငွေမှုန်းကို ကြိုက်တယ် ဆိုတာကလွဲပြီး မပိုခဲ့တာ အမှန်ပါ။ လွှမ်းနဲ့ ငွေမှုန်းကို





ကိုယ့်နှလုံးသားက ယှဉ်ကြည့်တော့မှ ကိုယ်လည်း အဲဒီ အဖြေထွက်တာ၊ သေချာပါတယ် မိုးပြေ၊ ကိုယ် ငွေမှုန်းကို မချစ်ခဲ့ပါဘူး"

ကိုထွင့်ရဲ့ တိကျပြတ်သားသော အဖြေစကားကြောင့် သူ့ရင်ထဲမှာ အပူလုံးကြီးက ဟုန်းခနဲ ကျသွားတော့သည်။ ကိုထွင့် ပြောသော စကားအတိုင်းဆိုရင်တော့ ငွေမှုန်းကို သူ တကယ်ချစ်တာ လုံးဝသေချာသွားပြီဖြစ်သည်။

"ဟုတ်တယ် ကိုထွင့်၊ အဲဒီ ဝိုးတဝါးခံစားချက်မျိုး ကျွန် တော်လည်း ခံစားခဲ့ဖူးပါတယ်၊ ယှဉ်ကြည့်မှ အဖြေက အတိကျ ထွက်လာတာ"

"အင်း ... ဟုတ်တယ်၊ ဒါနဲ့ သူ့ကို propose လုပ်ပြီးပြီ လား"

"ဟုတ်ကဲ့ ... ဒါပေမဲ့ ငွေမှုန်းက အခုချိန်မှာ အချစ်ကို လုံးဝမစဉ်းစားဘူးတဲ့၊ တစ်နေ့နေ့တော့ စဉ်းစားဖြစ်မှာပါ တဲ့"

"ဟား ... ဒါ မင်းအတွက် နိမိတ်ကောင်းပဲကွ"

ကိုထွင့်ရဲ့အားပေးစကားကြောင့် သူသည် ရှက်ရယ် ရယ်လိုက်ကာ ပခုံးတွန့်၍ ...

"အာ ... ကိုထွင့်ကတော့ နောက်ပြီဗျာ"

"ဟာ ... ဟုတ်တယ်လေကွာ၊ တစ်နေ့နေ့ဆိုတာ ဒီနေ့ ဖြစ်နိုင်သလို မနက်ဖြန်လည်း ဖြစ်နိုင်တာပဲကွ၊ အဲဒီတော့ ဘာမှ စိတ်ဓာတ်ကျစရာမရှိဘူး မိုးပြေ"

"အင်း ... ကျွန်တော်လည်း ငွေမှုန်းကို ပြန်ချစ်ပါလို့ မပြောတော့ဘူး၊ သူ ပြန်ချစ်လာမယ့်နေ့ကိုပဲ စောင့်နေတော့မယ်"

ကိုထွင့်က သူ့စကားကို သဘောကျစွာဖြင့် လက်မ ထောင်ပြလိုက်ပြီး ...

"မိုက်တယ်ကွာ ... ဒိုင်ကတော့ ပြင်းတယ်ဟေ့၊ ကိုယ့်ကို လည်း လွန်းနဲ့ပတ်သက်တာလေးတွေ ကူညီပေးဦးနော် မိုးပြေ"

"ဟုတ်ကဲ့ ... ကျွန်တော် တတ်နိုင်သမျှ ကူညီမှာပါ"





"ကျေးဇူး မိုးပြေ၊ ကဲ ... ကိုယ့်ကို အခုလို အချိန်ပေးတဲ့ အတွက် ကူညီပေးမယ်ဆိုတဲ့အတွက် ကိုယ်ကလည်း မိုးပြေ ရဲ့အချစ်ကိစ္စကို ကူညီပေးပါမယ်။ ကိုယ့်ဖုန်းနံပါတ်က (541xxxx)ပါ"

"ဟုတ်ကဲ့ ကိုထွင့်၊ ကျွန်တော့်ဖုန်းက 506xxxx "

မိုးပြေသည် ကိုထွင့်နှင့် လမ်းခွဲပြီးနောက်တွင်တော့ မွေးနေ့လက်ဆောင်ကို ခပ်သွက်သွက်ဝယ်ပြီး အိမ်သို့သာ ပြန်လာ ခဲ့တော့သည်။ သူတို့အတွက် ကောင်းမွန်သော ချစ်ခြင်းတစ်ခု ရရှိနိုင်လိမ့်မည်ဟု မိုးပြေကတော့ အကြွင်းမဲ့ကို ယုံကြည်ထားပါ သည်။

* ✿ *

"အမယ်လေး ... မင်းသားရယ်၊ အခုမှပဲ ပေါ်တော်မူတယ်"

သူ့ကို လှမ်းနှုတ်ဆက်သော လွှန်းရဲ့ရွှံ့တုံ့တုံ့စကားကြောင့် သူသည် အသာပြုံးလိုက်ကာ နှုတ်ဆက်လိုက်သည်။ ဒီနေ့တွင်လည်း လွှန်းက ခါတိုင်းလှသလိုမျိုး လှနေပါသည်။ အခုတလော ရာသီဥတုက အတော်လေး ပူနေသဖြင့် လွှန်းက ရာသီဥတုနှင့် လိုက်ဖက်ညီစွာ ပန်းနုရောင်ဖျော့ဖျော့ လက်ပြတ်အကျပ်လေးကို လှိုင်းတွန့် ရေစိုစကတ်လေးဖြင့် ကဗျာဆန်စွာ ဝတ်စားထားပုံမှာ ဟာဝိုင်ရီကျွန်းက ကျွန်းသူလေးတွေ လှတယ်ဆိုတာလောက်ကတော့ သနားတယ်ဆိုရလောက်အောင်ကို လွှန်းက ပိုသာပါသေးသည်။ လွှန်းလို ခေတ်ရှေ့ပြေးကာ active ဖြစ်





နေသော ကလေးမနှင့် ကိုရီးယားမင်းသားပုံပေါက်ကာ သဘောကောင်း မနောကောင်း ရုပ်ရှိရေလျှံ ကိုထွင့်ကိုသာ တွဲကြည့်လိုက်မည်ဆိုရင် တော်တော့်ကို လိုက်ဖက်မှာပင်ဖြစ်သည်။

"လွှန်းကို အခုတလော သိပ်မတွေ့မိသလိုပဲ"

"အံမယ် ... ရှိပါတယ်နော်၊ ဟဲ့ ... ဒါပေမဲ့ အတန်းကတော့ မရောက်ဖြစ်ဘူး"

လွှန်းက စကားစဖြတ်ကာ စားပွဲထိုးကို ကိုလာလှမ်းမှာလိုက်သည်။

"ဘယ်လိုလဲ ... စာတွေ အိုကေပြီလား semester နီးပြီနော်"

"ဟုတ်ပ ... စာတွေကတော့ ကျက်တုန်းပါ၊ လွှန်းရော ပိုင်ပလား"

သူ့မေးခွန်းကို လွှန်းက ပြောင်စပ်စပ်ပုံလေးလုပ်ပြကာ ...

"ပိုင်နေပြီလေ၊ စာအုပ်တွေ ... ဟဲ ဟဲ"

ပေါ့ပါးသွက်လက်နေသော လွန်းရဲ့စတိုင်လ်လေးကိုကြည့်ကာ မိုးပြေသည် ငွေမှုန်းကို သတိရမိသွားသည်။ ငွေမှုန်းလည်း အခုချိန်ဆို ဘာတွေလုပ်နေမှာပါလိမ့်။ အင်း ... သူထင်တာ မလွဲလောက်ဘူးဆိုရင် ငွေမှုန်းဟာ စာရေးချင်ရေး၊ ဒါမှမဟုတ်ရင်တော့ စာကျက်နေမှာဖြစ်သည်။ ဒါမှမဟုတ်သေးရင်တော့ အတန်းတက်နေမှာဖြစ်သည်။

ကိုယ့်ကို မင်းပြန်ချစ်လာရင် သိပ်ကောင်းမှာပဲ ငွေမှုန်းရယ်။

"မိုးပြေ ... လွန်းကို ပြောစရာရှိနေတဲ့ပုံပဲ၊ ဟုတ်လား ... ပြောစရာရှိရင် ပြောနော်"

လွန်းရဲ့စကားကြောင့် မိုးပြေသည် ကိုထွဋ်နဲ့တော့ လှော်ပေးရင် ကောင်းမည်ဟု တွေးလိုက်ကာ ...

"အင်း ... တစ်နေ့က ကိုထွဋ်နဲ့တောင် ဒဂုံစင်တာမှာ တွေ့သေးတယ်"

"ဟယ် ... ဟုတ်လား"





"အင်း ... ကိုထွဋ်က တော်တော်သဘောကောင်းတာနော်၊ သူ့ကိုရတဲ့ ကောင်မလေးကတော့ တော်တော်ကံကောင်းမှာပဲ ...

ဟုတ်တယ်နော် လွန်း"

မိုးပြေက ထောက်ခံခိုင်းလျှင် လွန်းက ဒါဘာသဘောလဲ သိတယ်နော်ဆိုသည့် အထာဖြင့် လက်ညှိုးလေးတစ်ချောင်း ထောင်ပြပြီး မျက်စောင်းလေးပါ ရွယ်လိုက်ကာ ...

"ဟင်း ... မိုးပြေနော်"

"ဟဲ့ ... ဟုတ်တယ် လွန်းရဲ့၊ ကိုထွဋ်ကိုရတဲ့ မိန်းကလေးဆို တကယ် ကံကောင်းမှာ၊ သူက အခု ကောင်မလေးတစ်ယောက်ကို အရမ်းစွဲလမ်းနေတာတဲ့၊ ကျွန်တော့်ကို ပြောတယ်"

"ဟုတ်လား ... ကဲပါ မိုးပြေရယ်၊ လွန်း အတန်းတက်ရမှာမို့ သွားဦးမယ်"

စကားလမ်းကြောင်းလွှဲကာ ပြန်ဖို့စကားစလိုက်သော လွန်းရဲ့ပုံစံက မပြောချင်တော့လို့ပြန်မှန်း အသိသာကြီး

ဖြစ်နေသဖြင့် ဖွတ်အတင်းကြီး မတားတော့ဘဲ ခေါင်းညိတ်ပြ လိုက်ကာ ...

"ကောင်းပါပြီ၊ ဒါဆို အတန်းရှေ့ထိ လိုက်ပို့ပေးမယ်လေ"

လွန်းက သဘောတူဟန်ဖြင့် ခေါင်းညိတ်ပြရင်တော့ မိုးပြေသည် လွန်းနှင့်အတူတူပင် လွန်းရဲ့အတန်းရှေ့အထိကို လိုက်ပို့ဖြစ်သည်။

"လွန်း ... ငွေမှုန်နဲ့ကော တွေ့ဖြစ်သေးလားဟင်"

"မတွေ့ဖြစ်ဘူး မိုးပြေ၊ ဘာလို့လဲ"

မိုးပြေသည် အစတုန်းကတော့ ငွေမှုန်းများ စိတ်ဆိုးလေမလားဆိုပြီး မေးမြန်းကြည့်ဦးမယ်ဟု တွေးလိုက်ပြီးမှ မကောင်းပါဘူးလေဟု စဉ်းစားကာ လွန်းကို ဆက်မမေးဖြစ်တော့ပေ။

"ဘာမှမဟုတ်ပါဘူး မေးကြည့်တာပါ၊ ကဲ ... လွန်းအတန်းထဲ ဝင်တော့နော်"

လွန်းက ခေါင်းတစ်ချက်ဆတ်ပြကာ သူ့ကိုလက်ပြကာ နှုတ်ဆက်၍ အတန်းထဲသို့ ဝင်သွားလေတော့သည်။ သူကတော့ ခပ်အေးအေး ခြေလှမ်းတို့ဖြင့်ပင် သူ့အတန်းဘက်သို့ ပြန်လျှောက်လာခဲ့တော့သည်။ သူ တွေးမိနေတာကတော့ ငွေမှုန်းရဲ့ရာသီဥတုအခြေအနေပဲဖြစ်သည်။

* ✿ *

လွန်းသည် အတန်းတက်ဖို့အတွက် ထိုင်ခုံမှာထိုင်မည်အလုပ်မှာတော့ ဖုန်းကမြည်လာသဖြင့် ဖုန်းကိုင်ရသေးသည်။ ကိုထွဋ်ဆီကဖုန်း ဖြစ်ပါသည်။

"လွန်းလား ... ကိုယ်ပါ"

"ခေါင်းမပါဘူးပေါ့ ... ဟုတ်လား၊ သနားစရာ"

"အား ... ဖွဲ့ပြီကွာ၊ ကိုယ် အခု ကန်တင်းရောက်နေတယ် သိလား"

ကိုထွဋ်က ကန်တင်းရောက်နေတယ် ? ဘာပါလိမ့်။ လွန်းသည် နားမလည်သဖြင့် သေချာအောင် ထပ်မေးရသေးသည်။

"ဘာရယ် .. ဘာရယ် .. ကန်တင်း ဟုတ်လား"

"ကိုယ်က လွန်းတို့ကျောင်း ရောက်နေတာ၊ ခုမိတ်မဟာ ကန်တင်းမှာလေ၊ လာခဲ့"





အိုး ... အံ့ဖွယ်သုတ။ ကိုထွဋ်က လွန်းတို့ကျောင်းရဲ့ကန်တင်းမှာ ရှိနေတယ်။ မဖြစ်နိုင်ပါ၊ ဒီဘဲကြီးနောက်တာဖြစ်မည်ဟုတွေးကာ ထပ်မေးလျှင် ကိုထွဋ်က ရယ်ရယ်မောမောဖြင့် ပင် ...

"ဩော် ... ဟုတ်ပါတယ်ဆို၊ မယုံရင် လာကြည့်လိုက်လေ"

"ဟင် ... မလာပါဘူး၊ တော်ကြာ မဟုတ်ရင် ဒီက ငပေါ ဖြစ်ရော"

"အာ ... လာခဲ့ပါကွာ၊ လွန်းကို တွေ့ချင်လို့ ဒီထိတောင် လာခဲ့တာကို ဧည့်သည်ကို ဒီလိုပဲ နွေးထွေးစွာ ဧည့်ခံတယ် ပေါ့လေ"

ကိုထွဋ်က ပြောင်ချော်ချော်လေး ပြောလိုက်လျှင် လွန်းသည် ရယ်ကျဲကျဲလေးလုပ်ကာ ...

"အိုခေ ... ယုံလိုက်ပါ့မယ်၊ မိတ်မဟာမှာနော် လာခဲ့မယ်၊ ဒါနဲ့ ဘယ်သူတွေပါသေးလဲ၊ ရှင့်ဘော်ဘော်တွေကော"

"နိုး ... only one ပဲ"

"ဟုတ်ပြီ ... လာခဲ့မယ်"

လွန်းသည် ဖုန်းပိတ်ကာ မိုးစုတို့ဘက်လှည့်ကာ...

"ကဲ ... မိုးစုတို့ လိုက်မလား၊ အရမ်းလန်းတဲ့ဘဲကြီးနဲ့ introduce ပေးမယ် follow me "

လွန်းစကားကြောင့် သူမတို့က ခေါင်းညိတ်၍ မိုးစုနှင့် သိမ့်သိမ့်က လိုက်မယ်ဟု ဟန်ပြင်ပြီးမှ မျက်နှာတစ်ချက်ရှုံ့မဲ့သွားကာ ...

"ဟယ် ... လိုက်လို့တော့ မဖြစ်ပါဘူးဟာ"

"ဘာလို့လဲ"

"အခုက မြန်မာစာချိန်ရှင့် ကျေးဇူးရှင်၊ ကျုပ် Roll Call မဝင်တာ ကြာပြီ၊ တော်ကြာ minor တွေထိပြီး ကားနေဦးမယ်၊ ဒီတော့ ရှင် အရင်သွားနှင့် Roll Call ပေးပြီးတာနဲ့ ကျုပ်တို့ထွက်လာမယ် ဘယ်မှာရှိမလဲ"

လွန်းသည် ဖြစ်ရပြန်ပြီဆိုသော သဘောဖြင့် မျက်စောင်းထိုးကာ ...





"နင်တို့ကတော့ လုပ်ပြီ၊ ဒါဆိုလည်း ပြီးရော၊ ငါမိတ်မဟာမှာ ရှိမယ်"

မိုးစုတို့နှင့် အချိန်းအချက်လုပ်ကာ အားလုံး OK ပြီဆိုမှ လွန်းက အတန်းမှထွက်မည်အလုပ်တွင် မြန်မာစာတီချယ်ကြီးက ဝင်လာသဖြင့် လွန်းသည် အနောက်ပေါက်က လစ်ထွက်လာခဲ့တော့သည်။

လွန်းသည် ဂုန်တင်းအရောက်မှာတော့ သူ့ကိုတွေ့ရလေသည်။ ကိုထွင့်ကတော့ ဘယ်အချိန်ကြည့်ကြည့် မိုက်နေဆဲပင်ဖြစ်သည်။ Baby pink အရောင် polo စပို့ရှပ်ကို jean အနက်ဖြင့် အမိုက်စား ဝတ်ထားပုံမှာ ကဗျာတစ်ပုဒ်ဖြစ်သည်။ ဆေးကျောင်းသား ကိုထွင့်ဟာ ဘယ်အချိန်ကြည့်ကြည့် စာပိနေပုံမပေါ်ဘဲ အမြဲလန်းဆန်းနေကာ ဝတ်ထားပုံက မင်းသားရုံးလေသည်။

လွန်းကိုမြင်သောအခါ ကိုထွင့်က နွေရာသီရဲ့အပူကိုအံတုနိုင်လောက်မည့်-အေးမြကြည်လင်သော အပြုံးတစ်ခုကိုပေးလေသည်။

"ဟား ... လွန်းကတော့ ပိုပိုလှလာတယ်ဟေး"

"အင် ... ကိုထွင့်ကတော့ မြှောက်နေပြန်ပါပြီ၊ ကဲ ... ဆို ပါဦး ဘယ်ကနေ ဘယ်လို ဒီကို တမင်တကာရောက်လာ တာလဲ၊ လမ်းကြုံလို့ ဝင်တယ်ဆိုရင်တော့ သိပ်မယုံချင် ဘူးနော်"

လွန်းက သွက်သွက်လက်လက်လေး ပြောလိုက်လျှင် ကိုထွင့်က ငေးကြည့်နေရင်းမှ သူ့နံဘေးမှ ကျောပိုးအိတ်ထဲက ချောကလက်တောင့်ကိုထုတ်ကာ လွန်းရဲ့ရှေ့သို့ တွန်းပို့ပေးလိုက် လေသည်။ အဲဒီအပြုအမူကြောင့် လွန်းက သူ့ကို တစ်ဆိတ်အံ့သြ နေမိပါသည်။

သူက romantic gentleman ပုံစံလေးဖြင့် လွန်းကို ထူးခြားစွာ အကြည့်တွေပေးတတ်သူဖြစ်သည်။ လွန်းက သူ့ရဲ့ ချောကလက်တောင့်လေးကိုကြည့်ကာ ဘာလဲဆိုပြီး မေးဆတ်ပြ လျှင် သူက ပြုံးပြရင်း ရင်ခုန်ဖွယ် ဖြေပေးလေသည်။

"လွန်းအတွက် သီးသန့်ကို ဝယ်လာတာ"





"အမယ် ... တယ်ထူးဆန်းပါလား၊ အင်းလေ သဒ္ဓါပေါက် တော့လည်း ဒါနလေးမြောက်အောင် စားပေးရမှာပေါ့ ... thank you"

လွန်းက ချောကလက်တောင့်လေးကို ဖောက်ကာ တစ်ကိုက်စားပြီးသည့်နောက်တွင်တော့ ကိုထွင့်က လွန်းကိုတိုးသွဲ့ သွဲ့လေး စကားစဆိုလေသည်။

"လွန်း ... လွန်းကို မပြောဖြစ်တဲ့ စကားတစ်ခွန်းကို အခု ချိန်မှာ ပြောသင့်တယ်လို့ ကိုယ်ထင်တယ်၊ လွန်းကို ကိုယ့်နှလုံးသားက လိုလိုလားလားကို မြတ်နိုးတန်ဖိုးထား တယ်"

လွန်းသည် မထင်မှတ်တဲ့အချိန်မှာ သည်လိုကြီး အပြောခံလိုက်ရသဖြင့် တော်တော်တော့ အံ့အားသင့်သွားရသည်။

"ကိုထွင့်က ဒီကိုလာတာ ကိစ္စရှိလို့လား"

တမင်သက်သက်ကို ပေါ်တင်ကြီး စကားလမ်းလွှဲ သွားတာကို ကိုထွင့်ကလည်း သဘောပေါက်ပေမယ့် direction တစ်ခုကိုပဲ ဦးတည်ကာ ခုနက စကားကိုပဲ ပြန်ဆက်လေသည်။

"စကားတွေ မလွှဲပါနဲ့ လွန်းရယ်၊ ကိုယ့်ခံစားချက်တွေကို လွန်း ခံစားမိမှာပါကွာ"

"လွန်းလည်း ဘာမှနားမလည်ရတော့ပါလား ကိုထွဋ်ရယ်"

"ကိုယ့်ဘဝမှာ လွန်းကို ရူးသွပ်စွာ ချစ်မိသွားတယ်"

သူ့ရဲ့တည်ငြိမ်လေးနက်စွာ ပြောနေသော စကားသံတွေ၊ လွန်းကို စူးရှသိမ်မွေ့စွာ ကြည့်နေသည့် အကြင်နာမျက်ဝန်းတွေ စသည်တို့ကြောင့် လွန်းရဲ့ရင်ခုန်နှုန်းတွေသည် တရိပ်ရိပ်တိုးတက်လာနေတော့သည်။ ဘယ်တုန်းကမှ မဖြစ်ခဲ့ဖူးပါတဲ့ ရင်ခုန်သံတွေအားပြင်းမှုကြောင့် သူ ကြားသွားမှာကိုတောင် စိုးရိမ်ရပါသည်။ ဗုဒ္ဓေါ ... လွန်း သူ့အချစ်ပိုက်ကွန်မှာ မလူပ်သာတော့ပါလား။

"လွန်း ... ကိုယ့်ကို စိတ်ဆိုးသွားသလားဟင်"

ကိုထွဋ်ရဲ့အမေးကို မဖြေခင် သူ့ရဲ့မျက်ဝန်းတွေကို လွန်း ဖတ်ကြည့်မိသည်။ လွန်းရဲ့အဖြေကို မျှော်လင့်ခြင်းကြီးစွာ စောင့်စားနေသော သူ့မျက်ဝန်းတွေမှာ ဘာကိုစိုးရွံ့နေတဲ့ အရိပ်





အယောင်တွေကို မြင်နေရတာပါလိမ့်။ ကိုထွဋ်က ဘာကိုစိုးရွံ့နေပါသလဲ။ အဲဒါဟာ လွန်း ငြင်းခဲ့ရင်ဆိုပြီး ကြောက်နေသည့် စိုးရွံ့မှုမဟုတ်တာတော့ လွန်း သေချာသိပါသည်။

"လွန်း ... ကိုယ့်ကို စိတ်ဆိုးနေတာလား"

"မဆိုးပါဘူး ကိုထွဋ်"

လွန်းရဲ့စကားက သူ့ကို တော်တော်အားတက်သွားစေပုံရသည်။ လွန်းသည် သူ့ကို တစ်ချက်ကြည့်မိသည်။ သူကတော့ လွန်းကို အေးချမ်းကြည်လင်စွာ ပြုံးပြ၍ ...

"ကိုယ်ကို ပြန်ချစ်ပါလားဟင်"

လွန်းသည် ဒီဘူတာပဲ လာလာဆိုက်သော ကိုထွဋ်ကို ဘာစကားမှမဆိုဘဲ ငေးကြည့်နေမိသည်။ သူ့ရဲ့မျက်ဝန်းတွေနှင့် သွားဆုံသောအခါ လွန်းသည် နှလုံးသားတွေပေါက်ကွဲမလားတောင် စိုးရသည်။

"လွန်း ... ကိုယ်မေးတာ ဖြေပါကွာ"

"ရှင် မျှော်လင့်သလိုပါပဲ ကိုထွဋ်"

လွန်းရဲ့စကားကို အစကတော့ သူက နားမလည်ပါ။ ဘာကိုဆိုလိုတယ်ဆိုတာ တွေဝေသွားပြီးမှ အထာပေါက်သွားမှ ပြုံးလိုက်ပြီး အံ့ဩဝမ်းသာစွာဖြင့် ...

"ဟို ... လွန်းက ကိုယ့်ကို ..."

သူ့ရဲ့စကားကို လွန်းက ဘာမှမပြောဘဲ ပြုံးကြည့်နေလျှင် သူက ကြည်နူးဝမ်းသာစွာ တစ်ခုခုပြောမည် အလုပ်တွင်တော့ မိုးစုတို့က ရောက်လာသဖြင့် သူက လွန်းကို မကြားတကြားလေသံတိုးတိုးဖြင့် "ဟိုက် ... သေပြီဆရာ"ဟု ပြောလိုက်သောကြောင့် လွန်းသည် သူ့ကိုပြုံး၍သာ ကြည့်နေတော့သည်။

လွန်းရဲ့အယူအဆကတော့ ကိုယ် တကယ်ချစ်မိပြီဆိုရင် သိပ်ပြီးရှုပ်ရှုပ်ထွေးထွေး စဉ်းစားဖို့ တွေးနေဖို့ မလိုအပ်တော့ပါ။ တကယ်ချစ်နေသော အချစ်စစ်သာဆို ရင်ဘတ်ထဲကို ဖြန်းစားကြီး ဝင်လာတတ်ကြောင်းကိုတော့ လွန်းတစ်ယောက် တော်တော်လေး သဘောပေါက်နေမိပြီဖြစ်သည်။

* ✿ *





# ၁၂

သည်တစ်ပတ် စနေနေ့တွင်တော့ မိုးပြေသည် ငွေမှုန်းနှင့် အေးအေးဆေးဆေး စကားပြောချင်ပါ၍ သင်တန်းပြီးရင် အချိန်နည်းနည်းလောက်ပေးပါဟု တောင်းပန်ခယစွာ ပြောနေသဖြင့် အားနာသောကြောင့် လက်ခံလိုက်ရတာဖြစ်သည်။ ငွေမှုန်းကတော့ မှန်းဆလို့ မရနိုင်သည့် ပုံစံလေးဖြင့် မိုးပြေရဲ့ မျက်နှာချင်းဆိုင် အနေအထားခုံမှာ ဝင်ထိုင်လေသည်။

"ဘာပြောမလို့လဲ မိုးပြေ"

ငွေမှုန်းက ခပ်တည်တည်လေး မေးလိုက်လျှင် မိုးပြေသည် အဲဒီပုံစံလေးကို သိပ်မြတ်နိုးသွားရပါသည်။ ဒေါသထွက်

နေရင်ပဲဖြစ်ဖြစ်၊ ပျော်ရွှင်နေရင်ပဲဖြစ်ဖြစ် အရည်လဲ့လဲ့ဖြင့် လင်းဖြာနေသော ငွေမှုန်းရဲ့မျက်ဝန်းနက်လေးကို သူက တကယ်ပဲရူးသွပ်လှပါသည်။

"ငွေမှုန်း ကိုယ့်ရဲ့စိတ်သဘောထားကိုလည်း သိပြီးပါပြီနော်၊ ကိုယ် ငွေမှုန်းကို ..."

"မိုးပြေ ... ငွေမှုန်းတို့ Topic ပြောင်းရင် ကောင်းမယ်၊ ငွေမှုန်း ဒါတွေ နားမထောင်ချင်ဘူး"

ငွေမှုန်းက အပြတ်ပြောလိုက်လျှင် သူ့မှာ အကြီးအကျယ် ဒုက္ခများသွားတော့သည်။ ငွေမှုန်းကို သူက အရမ်းချစ်တာပဲဖြစ်သည်။ ချစ်လို့လည်း သူ့ကိုယ်သူ "ကျွန်တော်" ဟု နာမ်စားမသုံးတော့ဘဲ လေးနက်စေရန် "ကိုယ်" ဟု နာမ်စားပြောင်းသုံးတာဖြစ်သည်။ ငွေမှုန်းသာ သတိထားကြည့်မိမယ်ဆို သူ့နှလုံးသားကိုတောင် အဆုံးအထိတိုင် မြင်နိုင်မှာဖြစ်သည်။

"ဘာလို့လဲ ငွေမှုန်းရယ်၊ ကိုယ့်မှာ ဘာအပြစ်တွေရှိနေလို့လဲ၊ ကိုယ့်အနေနဲ့ ငွေမှုန်းကို ချစ်ခွင့်မရှိဘူးလား"





သူ့စကားကြောင့် ငွေမှုန်းသည် တစ်ခဏတော့ ဝေးဝိုင်သွားသည်။ ငွေမှုန်းဟာ သူ့ကို ဘာလို့ ဒီလောက်ခါးသီးနေမှန်းလဲ မပြောတတ်တော့ပါ။ သူ့အတွေးတွေ ဖြန့်ကျက်စဉ်းစားနေစဉ်မှာတော့ ငွေမှုန်းက စကားပြန်စလာလေသည်။

"ငွေမှုန်းက အချစ်ကို မစဉ်းစားတော့ဘူး မိုးပြေ၊ အချစ်ဆိုတာကိုလည်း မယုံကြည်စမ်းပါနဲ့ မိုးပြေရယ်၊ ငွေမှုန်းတို့ မိုးပြေတို့ဆိုတာ ကျောင်းသူကျောင်းသားအရွယ်တွေပဲရှိသေးတယ်၊ ဒီကိစ္စတွေ ခေါင်းထဲထည့်ပြီး စဉ်းစားမနေပါနဲ့၊ မဖြစ်နိုင်ပါဘူး"

ငွေမှုန်းရဲ့စကားကြောင့် သူ့နှလုံးသားသည် ဟိုးအဝီစိထိကျဖို့ရာ တဲတဲလေးလိုတော့သော အခြေအနေသို့ ရောက်သွားတော့သည်။ စာပြီးရင် စာဖြစ်နေသော အဲဒီ ဖြူဖြူစင်စင်ကောင်မလေးကို သူက ကြင်ကြင်နာနာ ချစ်နေပါသော်လည်း သူ့ကိုဆိုရေရေရာရာ အိပ်မက်တောင် မပေးပါဘဲ လုံးဝကြီးကို ငြင်းဆန်နေတာဟာတော့ ငွေမှုန်းက ရက်စက်ပါသည်။

"ငွေမှုန်းရယ် ... ကိုယ့်ကို နည်းနည်းလေးတောင် မေတ္တာ မထားနိုင်ဘူးလားဟင်"

"အချစ်တွေ မေတ္တာတွေကို ငွေမှုန်း မစဉ်းစားချင်ဘူး၊ သိလည်း မသိချင်ဘူး၊ ဘာကြောင့်လဲဆိုပြီးတော့ အကြောင်း ပြချက် မတောင်းပါနဲ့နော် ...

ငွေမှုန်းကို မိုးပြေ နားလည်နိုင်ပါစေ"

"ငွေမှုန်းရယ်"

သူက တမ်းတလှိုက်မောစွာ နာမည်ခေါ်ဆိုလိုက်မိသည်။ ငွေမှုန်းကတော့ သူ့ကို သိပ်ပြတ်သားလွန်းပါသည်။ တစ်စုံတစ်ယောက်အတွက်နဲ့တော့ အချစ်ကို မနာကြည်းပါနဲ့လား ငွေမှုန်းရယ်။ အဲဒီစကားကိုတော့ တကယ်တမ်းမှာ သူ့ပါးစပ်က ထုတ်မပြောထွက်ခဲ့ပါ။ အချစ်တို့ဖြင့် နင့်သီးနေခဲ့သောကြောင့် မပြောဖြစ်တာပဲ ဖြစ်နိုင်ပါမည်။

လောလောဆယ်မှာ သူ တွေးနေမိသည်က ငွေမှုန်းရဲ့ အေးစက်မာကျောနေသည့် ရေခဲပြင်နှလုံးသားလေးကို ဘယ်လိုများ အရည်ပျော်အောင် အပူတိုက်ပေးရမှာပါလိမ့်။





"အင်း ... ဘာပဲဖြစ်ဖြစ်ပေါ့ ငွေမှုန်းအတွက်ဆို ကိုယ်က အမြဲအဆင်သင့် ရှိနေမှာပါ၊ ကိုယ့်ကြောင့် ငွေမှုန်း စိတ်ဆင်းရဲနေရလားဟင်"

မိုးပြေရဲ့အမေးကြောင့် ငွေမှုန်းရဲ့မျက်နှာ တစ်မျိုး ဖြစ်သွားတာကို သတိထားမိသွားသည်။ သူ့စကားကြောင့် ငွေမှုန်း ဟတ်တော့ ထိသွားလောက်ပါမည်။

"ဖြေလေ ... ကိုယ့်ကြောင့် စိတ်ဆင်းရဲနေရတာလား လို့"

သူ့ရဲ့နောက်တစ်ကြိမ် ထပ်အမေးမှာတော့ ငွေမှုန်းက သူ့ကို တစ်ချက်မျက်လုံးလှန်ကြည့်လိုက်ပြီး အဖြေပြန်ပေးလေသည်။

"စိတ်တော့ နည်းနည်းညစ်ရတာပေါ့"

"ကိုယ် ငွေမှုန်းကို အနှောင့်အယှက်မပေးပါဘူး၊ ငွေမှုန်း ပြန်ချစ်လာနိုင်တဲ့ အချိန်အထိ စိတ်ရှည်ရှည်နဲ့ ကိုယ်စောင့်နေမှာပါ ... နော်"

မိုးပြေက လေးလေးနက်နက်ကို ပြောလိုက်လျှင် ငွေမှုန်းရဲ့မျက်ဝန်းတွေက တစ်မျိုးတစ်မည် ပြောင်းလဲသွားသည်။ သူချစ်သလို အချစ်မျိုး ငွေမှုန်းဆီက ရလိမ့်မည်ဟု အားတင်းကာ မျှော်လင့်ထားပါသည်။

"ကဲ ... ပြန်ကြရအောင် မိုးပြေ"

"ဟို ... ငွေမှုန်းဆီ ဖုန်းဆက်ခွင့်လေးတော့ ပြုပါနော်၊ အဲဒါလေးတစ်ခုကိုတော့ ကိုယ့်ကို လက်ခံပေးပါ ငွေမှုန်း ရယ်"

ငွေမှုန်းက ခေါင်းညိတ်ပြလိုက်လျှင် မိုးပြေသည် တကယ့်ကို ပျော်ရွှင်သွားလေတော့သည်။ မာကျောနေသော နှလုံးသားလေးကို ပျော့ပျောင်းပြီး ချစ်တတ်လာစေခြင်းအလို့ငှာ ...။ သူ အတော်လေးကို နားလည်လာပါသည်။

* ✿ *





မိုးပြေနှင့်တွေ့အပြီး အိမ်ပြန်လာချိန်တွင်တော့ ငွေမှုန်း ရဲ့ရင်ထဲမှာ နွမ်းလျပင်ပန်းနေခဲ့သည်။ ငွေမှုန်းဟာ မိုးပြေကိုလည်း အရမ်းကို အားနာမိပါသည်။ ငွေမှုန်းဟာ အချစ်ကို မခံစားလို တော့ပေမယ့် မိုးပြေရဲ့ချစ်ခြင်းအရိပ်တွေနှင့် ရင်ဆိုင်ရတိုင်း နှလုံး သားတစ်ခုလုံးသည် နုံးချည့်လာခဲ့၏။ မိုးပြေကို ချစ်လာဖို့ဆိုတာ။

ခံမှန်ဖူးလေတဲ့ စာသူငယ်တစ်ယောက်လို ဖြစ်နေ သော ငွေမှုန်းအတွက်တော့ အချစ်နှင့် နောက်တစ်ကြိမ် ပတ်သက် ဆက်နွယ်ဖို့ဆိုတာ အတော်ကိုခဲယဉ်းလှပေသည်။ အဲဒီလိုအတွေး တွေ နယ်ချဲ့နေစဉ်မှာပင် ငွေမှုန်းရဲ့လက်ကိုင်ဖုန်းလေးက မြည် လို့လာလေသည်။ ဒါ ... ဒါဟာ ကိုထွဋ်ဆီက ဖုန်းပါလား။ ငွေမှုန်းသည် ရှိတုံ့ချတုံ့ဖြင့်ပင် ဖုန်းကိုင်လိုက်တော့သည်။

"ဟယ်လို"

"ငွေမှုန်း ... ကိုယ်ပါ"

"ဪ ... ကိုထွဋ် ပြောလေ၊ ဘာကူညီပေးရမလဲ"

"ကျေးဇူးပါပဲကွာ၊ ကိုယ် ဒီနေ့ပဲ လွန်းဆီက အဖြေရခဲ့ပြီ"

ဟင် ... လွန်းနဲ့ ကိုထွဋ်တို့က ချစ်သူတွေဖြစ်သွားကြပြီ။

"ဘယ်လိုလဲ ငွေမှုန်း၊ ရာတော့လေဟာ ...

ကိုယ့်ပတ်ဝန်းကျင်ထဲကပဲ ရွေးစမ်းပါဦး၊ တကယ့်အဖိုးတန်လေးကို ရနိုင်တယ်နော်"

အဖိုးတန် ... ကိုထွဋ်ရဲ့အဲဒီစကားဟာ ငွေမှုန်းရဲ့နားထဲမှာ ပဲ့တင်လှိုင်းထပ်လို့ သွားသည်။ မိုးပြေကတော့ ငွေမှုန်းအတွက် အဖိုးတန်ဖြစ်နိုင်ပါသလား။ ဒါပေမဲ့ ...။ ငွေမှုန်းရဲ့အချစ်တွေကို တစ်နေ့မှာ ဥပေက္ခာပြုသွားခဲ့ရင်ကော။

"ငွေမှုန်း ... အရင်က ကိစ္စတွေအတွက် ကိုယ် တကယ့်ကိုတောင်းပန်ပါတယ်"





"ရပါတယ် ကိုထွဋ် ... ပြဿနာမရှိပါဘူး"

"ငွေမှုန်း ... တချို့ကိစ္စတွေမှာ သိပ်ပြီးအစွန်းရောက်တာဟာ မကောင်းဘူးကွ၊ ပထမတစ်ကြိမ်မှာ မအောင်မြင်ခဲ့ပေမယ့် နောက်တစ်ကြိမ်မှာ လောကကြီးက အဲဒီမအောင်မြင်မှုအတွက် ထိုက်တန်ညီမျှတဲ့ လျော်ကြေးတစ်ခုတော့ပြန်ပေးတတ်တယ် ...

အဲဒီလို လျော်ကြေးရလာတဲ့အခါမျိုးမှာ သိပ်ပြီးအစွန်းရောက်သွားတဲ့ ခံစားချက်ကြောင့် မမြင်လိုက်ပဲဖြစ်သွားရင် နှမြောဖို့ကောင်းတယ်ကွ၊ ကိုယ် ဘာကိုဆိုလိုချင်လဲ သိပါတယ်နော်"

ကိုထွဋ်က အဓိပ္ပာယ်တစ်ခုပါသော စကားတွေကိုပြောနေသဖြင့် ငွေမှုန်းသည် နည်းနည်းတော့ တွေးမိသွားသည်။ ကိုထွဋ်က တချို့ တချို့သော ကိစ္စတွေကို သိများသိသွားလေပြီလား။

"ကိုထွဋ်က ဘာတွေသတင်းကြားထားလို့လဲဟင်"

"ဩော် ... မကြားပါဘူး ငွေမှုန်းရယ်၊ ကိုယ်က ကြိုပြီး သတိပေး ပြောထားတာပါ၊ ကဲ ... ငွေမှုန်း ကိုယ်ဖုန်းချ လိုက်တော့မယ်နော် ...

လွှန်းနဲ့ပတ်သက်ပြီး ကူညီပေးတဲ့အတွက် ကျေးဇူး ပါပဲ"

ကိုထွဋ်ကတော့ ငွေမှုန်းကို နှုတ်ဆက်ကာ ဖုန်းချ သွားသည်။ ငွေမှုန်းသည် သက်ပြင်းတစ်ချက်ကို ချလိုက်ကာ ငေးငိုင်နေမိသည်။ မျက်လုံးထဲတွင်တော့ ရိုးသားပြီး ငွေမှုန်းအပေါ် ကို အချစ်ပိုရှာသော မိုးပြေရဲ့ဖြူစင်သော ပုံရိပ်တို့က တရိပ်ရိပ် ထင်ဟပ်လာတော့သည်။

မချစ်ချင်ပါဘူး မိုးပြေရယ်။

* ❁ *





သူနဲ့ချစ်သူဖြစ်ပြီးသွားတော့မှပင် လွှန်းသည် ဒီတစ် ယောက်ကို ရွေးချယ်ခဲ့တာတော့ဖြင့် မှန်ကန်တယ်ဟု သတ်မှတ် လိုက်တော့သည်။ ကိုထွဋ်သည် လွှန်း ထင်ထားတာထက်ကို ပို၍ ချစ်ပြနိုင်ခဲ့သူဖြစ်သည်။ အရာရာတိုင်းကို လွှန်းအလိုကျဖြစ်စေ သော ကိုထွဋ်လို ဘဲချောချောလေး ရထားတာကိုက သူငယ်ချင်း တွေကြားမှာ လွှန်းကိုဂုဏ်မြင့်စေသည်။ လွှန်းက ကိုထွဋ်ကို အမှတ်အများဆုံးပေးထားသည့် အချက်ကတော့ သူ့ရဲ့ရိုးသားမှု ကိုပင်။ ဘယ်တော့မဆို လွှန်း မေးသမျှကို မခြွင်းမချန် အမှန် အတိုင်း ပြောတတ်သော သူလိုကောင်လေးကိုဖြင့် လွှန်းက အရင်ထက် နှစ်ပိုချစ်နေပြီဖြစ်သည်။

"ဟိတ် ... လွန်း၊ ကိုယ့်ကိုဘေားချိတ်ပြီး တွေးချင်တာတွေး နေတယ်ပေါ့လေ"

ကိုထွင့်က နောက်ရွတ်ရွတ်လေး မေးလိုက်လျှင် လွန်းသည် သူ့ပခုံးလေးကို တွန်းတိုက်လိုက်ပြီး ...

"ဟဲ ... ဟဲ ... ဒီလိုပါပဲ"

"ဘာဒီလိုပါလဲ၊ ပြော ဘာတွေးနေတာလဲ"

"ဘာအကြောင်းတွေ တွေးရမှာလဲ၊ ဘဲဘဲကြီးအကြောင်း ပေါ့"

လွန်းရဲ့ဆိုလျော်သော အဖြေကြောင့် သူ နည်းနည်းတော့ ကျေနပ်သွားပေသည်။ လွန်းရဲ့လက်ဖဝါးလေးကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်ပြီး ...

"လာမယ့် Sunday လွန်း ကျူရှင်ကအပြန် ကိုယ်နဲ့ shopping သွားမယ်နော်"

"ဟင်း ... အဲဒီ ကိုထွင့်ကတော့လေ တကယ်ပါပဲ၊ စာမေးပွဲက နီးနေပြီရှင့်၊ ဟိုသွား ဒီသွားလုပ်လို့ မရတော့ဘူး၊ ပြီးတော့ ရှေ့တစ်ပတ်ဆို ကိုကြီးက ပြန်လာတော့မှာ"





"ဟုတ်လား ... ယောက်ဖကြီး ပြန်လာတော့မှာပေါ့"

ကိုထွင့်ရဲ့စကားကြောင့် လွန်းက မျက်စောင်းတစ်ချက် ထိုးလိုက်လျှင်တော့ ကိုထွင့်သည် သူ့ရင်ဘတ်သူဖိကာ ယိုင်တိုင်တိုင်လေးလုပ်ပြီး ...

"အား ... လုံးဝ ဟတ်ကိုထိသွားပြီကွာ၊ အင်း ... အဲဒီ မျက်စောင်းလေးကို တစ်သက်လုံး သိမ်းထားချင်လိုက်တာ ကွာ"

"သွားပါ ... ဝတ္ထုထဲက စာသားတွေ အလွတ်ကျက်ပြီး လာပြောမနေနဲ့"

လွန်းက အဲဒီလိုဆိုလိုက်လျှင် ကိုထွင့်က အသာရယ်မောလိုက်ရင်း လွန်းရဲ့ဦးခေါင်းလေးကို အုပ်မိုးလှုပ်ယမ်းပြီး ...

"လွန်းကိုလေ ကိုယ် သိပ်ချစ်တာပဲ သိလား"

"ဘာလဲ ... အုန်းခြစ်နဲ့လား"

လွန်းက ပြောင်စပ်စပ်လေး မေးလိုက်လျှင် သူက လွန်းရဲ့ပါးတစ်ဖက်ကို ခပ်ဖွဖွ လိမ်ဆွဲလိုက်ပြီး ...

"မနောက်ပါနဲ့ ကလေးမရာ၊ ဒီက တကယ် mood ဝင်ပြီး ပြောနေတာ"

"အင်းပါ ... ကဲ ice-cream စားချင်တယ်"

သူက ခဏစောင့်ပြောကာ မျက်လုံးတစ်ဖက်မှိတ်ပြပြီး လွန်းရဲ့ရှေ့က အပြေးလေး ထထွက်သွားသော ကိုထွဋ်ကို မျက်စိတဆုံး ငေးကြည့်နေမိသည်။ သည်လောက်ချစ်ဖို့ကောင်းလှသော ချစ်သူကလေးတစ်ယောက်ကို ရရှိပိုင်ဆိုင်ထားသော မိန်းကလေးတွေဟာ တော်တော်ကံထူးတာပဲဖြစ်သည်။ လွန်းသည် ကိုယ့်အတွေးနှင့်ကိုယ် ပြုံးမိသွားကာ နောက်မှခေါ်သံကြောင့် လှည့်ကြည့်မိသွားသည်။

"အမယ် ... လွန်းပါလား၊ ငါက တူပါတယ် ကြည့်နေတာ နေစမ်းပါဦး၊ ခုနက ထွက်သွားတဲ့တစ်ယောက်က ကောင်းထွဋ် မဟုတ်လား"

လွန်းတို့အိမ်ဘေးက မကြာသေးခင်ကပင် ပြောင်းသွားသော ကိုကျော်သိုက်က ကိုထွဋ်ကိုပါ အဆစ်သိနေတာကို အံ့သြစွာဖြင့်ပင် လွန်းသည် သူ့ကိုမေးလိုက်သည်။





"အင်း ... ကိုသိုက်နဲ့ သိလို့လား"

"အမယ်လေး ... သိတာပေါ့ဟယ်၊ သိပ်သိတာပေါ့"

ခပ်နွဲ့နွဲ့ပုံစံရှိသော ကိုသိုက်က မဲ့ကာရွဲ့ကာပြောလျှင် လွန်းသည် ဘာလို့ပါလိမ့်ဟု တွေးလိုက်ရင်း သိချင်စိတ်ဖြင့် ဆက်မေးလိုက်တော့သည်။

"ဟုတ်လား ... ကိုသိုက်ရဲ့၊ သူက ဘာဖြစ်လို့လဲဟင်"

"အမယ်လေး ... သင်းက တစ်စက်ကလေးမှ အကျင့်ကောင်းတဲ့ကောင် မဟုတ်ဘူးဟဲ့၊ သူ့ဇာတ်လမ်းတွေက အများကြီး ...

တစ်ခါက ငွေရည်မှုန်းဆိုတဲ့ ကောင်မလေးကို မကြိုက်ဘဲနဲ့ အလောင်းအစားလုပ်ပြီး ရအောင်လိုက်တယ် ဆိုပဲ ...

မိန်းကလေးတွေကို အပျော်တွဲနေတဲ့ငပွေးပါ၊ ဒါနဲ့ နေဦး ... ညည်းနဲ့ ဒီကောင် ဘယ်လိုပတ်သက်သလဲ"

"သူ ... သူငယ်ချင်းပါ၊ ဒီလိုပဲ သိနေတာ"

လွန်းသည် ငွေရည်မှုန်း ဆိုသည့် နာမည်ကိုကြား သည်နှင့် ဖျတ်ခနဲဆိုတော့ လန့်ဖျပ်သွားကာ အံ့သြသွားရသည်။ ကိုထွင့်နဲ့ ငွေမှုန်း ပတ်သက်နေကြတယ်။ ပြီးတော့ ကိုထွင့်က ဒီလိုစိတ်ဓာတ်မျိုးရှိတယ်။

ဟင့်အင်း ... မဖြစ်နိုင်ပါ။

"ကိုသိုက် ... ကိုသိုက်က ဒါတွေ ဘယ်လိုသိတာလဲဟင်"

"ဟဲ့ ... ငါ့ညီငနောင်က သင်းနဲ့ တစ်ဖွဲ့တည်း၊ ညည်းနော် သူများအကြောင်း ဒီလောက်စပ်စုနေတာ ငါ သိပ်မသက်ာ ဘူး"

"ဩော် ... ဘာရယ်မဟုတ်ပါဘူး၊ ဒီလိုပဲ မေးတာပါ"

လွန်းက ဆီလျော်အောင် ကြည့်ကျက်ချီးလိုက်လျှင် ကိုသိုက်က ကျေနပ်သွားကာ ...

"ဟုတ်ပါပြီ၊ ကဲ ... ဟိုမှာလာနေပြီ၊ တွေ့နေရင် နှုတ်ဆက် ရဦးမယ်၊ သွားပြီဟေ့ ...

ကောင်မလေး ကြည့်လုပ်နော် ... ဟင်း ဟင်း"





ကိုသိုက် ထွက်သွားလျှင်တော့ လွန်းသည် ဟန် ဆောင်ကာ ပြုံးရယ်နေရသည့် အရေခွံတို့ကို ခွာချလိုက်ပြီး မျက်နှာတစ်ခုလုံးသည် ပေါက်ကွဲတော့မည့် ဗုံးတစ်လုံးလို တင်း မာနီမြန်းလျက် ဒေါသသွေးတို့သည် ဆူပွက်ကာ ကိုထွင့်ဆိုသည့် သူ့ကို ရင်ဆိုင်ဖို့ အသင့်အနေအထား ရှိနေခဲ့သည်။

"ဟူး ... မောလိုက်တာ လွန်းရာ၊ ရေခဲမုန့်က ဟိုးဘက် ထိပ်အထိ သွားဝယ်ရတာ၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ အချစ် အတွက်ပဲဟာ၊ မောတော့ မောတာပေါ့၊ ဒါပေမဲ့ မမောဘူး"

ရေခဲမုန့်ခွက်လေးကို ကမ်းပေးကာ ပြုံးရွှင်နေသည့် မျက်နှာဖြင့် စကားတွေ ရွှန်းရွှန်းဝေ ပြောနေသော ကိုထွင့်ကို လွန်းသည် စူးစူးစိုက်စိုက်ကြည့်ကာ သူ ကမ်းပေးသော ရေခဲမုန့် ခွက်ကို လက်ဖြင့်ပုတ်ထုတ်လိုက်သဖြင့် သူက အံ့သြမှင်သက်စွာ အောက်သို့ပြုတ်ကျသွားသော ခွက်လေးကိုကြည့်ပြီး ...

"ဟာ ... လွန်း၊ ဘယ်လိုလုပ်လိုက်တာလဲဟာ၊ ဘာလဲ ... ကောက်သွားတာလား ကိုယ် တောင်းပန်ပါတယ်ကွာ၊ နည်းနည်းလေး ကြာသွားတာ စိတ်တော့မဆိုးပါနဲ့နော်"

လွှမ်းသည် တိုးသက်ညင်သာ ချော့မြှူသောလေသံဖြင့် တောင်းပန်နေသော သူ့ကို လွှမ်းသည် နာကျင်စွာ ကြည့်လိုက်ပေသည်။ လွှမ်း ချစ်ရပါသော ကိုထွဋ်သည် လွှမ်းရဲ့အချစ်ဆုံးသူငယ်ချင်း ငွေမှုန်းကိုမှ အလောင်းအစားနှင့် အသုံးချသွားရက်ခဲ့သည်။

ငွေမှုန်းကိုသာ ဒါဟာ ငါ့ချစ်သူပါဆိုပြီး မိတ်မဆက်ပေးမိတာပဲ ခပ်ငကောင်းကောင်းရယ်။

လွှမ်း အထင်ကြီးသော၊ ချစ်မိသော ကိုထွဋ်က ဒီလိုလုပ်ရပ်မျိုးကို လုပ်တယ်တဲ့လား။ လွှမ်းသည် အဲဒီအဖြစ်ကို တွေးရင်းကမှ နှလုံးသားတစ်ခုလုံးသည် မခံရပ်နိုင်စွာဖြင့် ပေါက်ကွဲတော့မတတ် အောင့်မျက်နာကျင်လာရသည်။

"ကျွန်မတို့ လမ်းခွဲကြစို့"

"ဘယ်လို ... လွှမ်း ဘာပြောလိုက်တယ်"

သူ လုံးဝထင်မှတ်မထားပါသော စကားကို ကြားလိုက်ရသည့်အခါတွင်တော့ တော်တော့်ကို အံ့သြနပမ်းကြီးစွာ ရှော့ခ်ရသွားပုံရသည်။ ကျန်နေသေးသည့် ရေခဲမုန့်ဘူးလေးကို





ဘေးခုံမှာတင်ထားလိုက်ပြီးမှ လွှမ်းရဲ့ပခုံးကို ခပ်တင်းတင်းဆုပ်ကိုင်လှုပ်ယမ်းကာ ညှိုးငယ်ဖျော့တော့သော လေသံဖြင့် ...

"ဘာမဟုတ်တဲ့ ကိစ္စလေးအတွက်နဲ့ လွှမ်းရယ်၊ ကိုယ်နောက်ကျသွားတဲ့အတွက် တောင်းပန်ပါတယ်ကွာ ...

အဲဒီလို လမ်းခွဲဖို့စကားတော့ မပြောပါနဲ့နော်"

လွှမ်းရဲ့ဆူပွက်နေသော ဒေါသသွေးတို့သည် အစွမ်းကုန်ပေါက်ကွဲပစ်ချင်နေပြီမို့ လွှမ်းရဲ့ပခုံးကို ကိုင်ထားသော သူ့ရဲ့လက်တွေကို ဆောင့်ရုန်းချပစ်လိုက်ကာ ...

"ရှင်နဲ့ ငွေမှုန်းရဲ့ပတ်သက်မှုကို ကျွန်မသိပြီ။ ရှင့်ရဲ့အောက်တန်းကျတဲ့ လုပ်ရပ်တွေကိုလည်း ကျွန်မ သိခဲ့ပြီ၊ ရှင်လိုလူမျိုးနဲ့ ချစ်ခဲ့မိတဲ့ ကျွန်မအတွက် သိပ်ကိုမှားခဲ့တာပဲ"

"လွှမ်းရယ် ... ဒီကိစ္စတွေကို ကိုယ် ရှင်းပြပါရစေဦး"

"တော် ... ဆက်မပြောနဲ့တော့၊ မိန်းကလေးတစ်ယောက်ကို တကယ်မကြိုက်ဘဲနဲ့များ အလောင်းအစားလုပ်တဲ့ ရှင့်ရဲ့အောက်တန်းကျတဲ့ စိတ်ဓာတ်တစ်ခုတည်းနဲ့တင် ကျွန်မနဲ့ ရှင် ပြတ်ဖို့လုံလောက်သွားပြီ"

လွန်းရဲ့ပြတ်သားစွာ နာကျင်စွာ ဆိုသော စကားကြောင့် သူမှာ ရင်နင့်အောင် ခံစားရပေသည်။ သူဟာ အတိတ်က အမှားတစ်ကွက်ကြောင့် အချစ်ဆုံးကို လက်လွှတ်ရတော့မှာလား။ လွန်းရဲ့နာကြည်းသော အကြည့်တွေကြောင့် သူဟာ အထိတ်ထိတ် အလန့်လန့်ဖြင့် လွန်းကို သွေးရူးသွေးတမ်းတောင်းပန်ကာ ...

"ကိုယ် အနူးအညွတ် တောင်းပန်ပါတယ် လွန်းရယ်၊ တကယ်တော့ အဲဒီကိစ္စတွေက ကိုယ် အချစ်ဆိုတာကို အယုံအကြည်မရှိသေးတဲ့အချိန်မှာ ဖြစ်ခဲ့တဲ့ကိစ္စပါကွာ ...

အခု ကိုယ်က လွန်းကို တကယ် နှစ်နှစ်ကာကာ ချစ်တာ၊ အဲဒီလိုမျိုးတော့ ကိုယ့်ကိုမရက်စက်ပါနဲ့ လွန်း"

ကိုထွဋ်ရဲ့စကားကြောင့် လွန်းသည် မျက်နှာကိုမဲ့ပစ်လိုက်ပြီး ...

"ထားပါတော့ ... ဒါဆိုရင် ငွေမှုန်းနဲ့ ကျွန်မ သူငယ်ချင်းဆိုတာကို ရှင်သိသိကြီးနဲ့ ကျွန်မကိုလိုက်ခဲ့တယ် ဘာလဲ





ဒီတစ်ခါကော ဘယ်သူနဲ့ အလောင်းအစား လုပ်ထားပြီး ကျွန်မကို လိုက်ခဲ့တာလဲ၊ ပြောလေ"

လွန်းရဲ့အဲဒီစကားဟာ သူ့ရဲ့ရင်ဝကို မီးစနဲ့ဆောင့်ထိုးပစ်လိုက်သလိုကို ပူလောင်နာကျင်စေပါသည်။ ဘာတွေဖြစ်ကုန်တာလဲကွာ။ အေးချမ်းနေတဲ့ သူတို့နှလုံးသားကို ဂယက်လှိုင်းတွေထအောင် ဘယ်သူတွေကများ လုပ်တာပါလိမ့်။

"ဘာမှမဆိုင်ဘူး လွန်း၊ အချစ်ဆိုတာ ဘာနဲ့မှ လုပ်ယူလို့မရဘူး ...

ကိုယ် အရင်က အမှားတွေလုပ်ခဲ့မိတာ မှန်တယ်၊ ကိုယ် ဝန်ခံပါတယ်၊ ဒါပေမဲ့ အဲဒီအမှားတွေကို မှားမှန်းသိတဲ့အခါ ကိုယ် ပြုပြင်ခဲ့တာပဲ"

"တော်ပါတော့ ... ရှင် တစ်ခုသိထားဖို့က၊ ကျွန်မဟာ မမှားခဲ့တဲ့၊ ဘယ်တုန်းကမှ အမှားမလုပ်ခဲ့တဲ့ မိန်းမတစ်ယောက် ဖြစ်နေခဲ့တဲ့အတွက် ရှင့်လို အမှားကြီးကြီးလုပ်ခဲ့တဲ့သူနဲ့ လက်တွဲဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး ...

နှုတ်ဆက်တယ်၊ နောက် ကျွန်မကို လမ်းတွေ့တောင် မခေါ်ပါနဲ့၊ ရှင်နဲ့ကျွန်မ ပြတ်ပြီ”

လွန်းက အပြတ်ဆိုကာ လှည့်ထွက်မည်အလုပ်တွင်တော့ သူက လွန်းရဲ့လက်ကို လှမ်းဆွဲကာ ရှိုက်သံသဲ့သဲ့ကြားရသော လေသံတွေအကြားမှာ စကားဆိုလေ၏။

“လွန်းကို ကိုယ်သိပ်ချစ်တာပါ။ အဲဒီအတွက် ကိုယ့်ဘက်က လွန်းကို ဘယ်တော့မှ နှုတ်မဆက်ဘူး၊ ဒီကိစ္စကို လွန်း နားလည်လာမယ့် အချိန်ထိ ကိုယ်စောင့်နေပါ့မယ်...

သိစေချင်တာ တစ်ခုက ကိုယ့်ဘဝမှာ နောင်တရခဲ့တဲ့အဖြစ်အပျက်ကလည်း ကိုယ့်ရဲ့မိုက်ရူးရဲဆန်စွာ လုပ်ခဲ့မိတဲ့ အဲဒီကိစ္စပါပဲ လွန်းရယ်”

လွန်းသည် သူ ဆုပ်ကိုင်ထားတဲ့ လက်တွေကို ရုန်းဖယ်လိုက်ပြီး ခပ်သွက်သွက် သူ့ရဲ့ရှေ့က ထွက်သွားလိုက်တော့သည်။ သူ့ကိုထားခဲ့တာဟာ လွန်း မမှားပါဘူး။ အချစ်ကို အလောင်းအစားတစ်ခုလို သဘောထား ဆော့ကစားခဲ့တဲ့ သူ့ကို လွန်း သိပ်စိတ်ပျက်မိပါသည်။





သူဟာ လွန်းကိုကော အလောင်းအစားနှင့်လိုက်ခဲ့တာမဟုတ်ပါဘူးလို့ ဘယ်သူက ပြောနိုင်ပါ့မလဲ။

အဲသည်လိုသာဆိုရင်တော့ လွန်းဟာ သေလောက်အောင်ကို စုတ်ပြတ်သွားနိုင်ပေသည်။ လွန်း သူ့ကို သိပ်ချစ်တာမှန်ပေမယ့်လည်း အချစ်ဆိုတာ ပြောင်းလဲသင့်တဲ့အရာလို့ လွန်းက သတ်မှတ်လိုက်တာကြောင့် ...။

အသည်းကွဲတယ်ဆိုတာကို လွန်း ခံစားခဲ့ရပြီပေါ့ကွယ်။

## ခန်း ၁၃ 

“ဘယ် ... ဘယ်လို၊ လွန်းက လမ်းခွဲလိုက်တယ် ဟုတ်လား”

ကိုထွင့်ရဲ့စကားကြောင့် မိုးပြေကော ငွေမှုန်းပါ တစ်သံတည်း ထွက်မိသွားသည်။ ဒီနေ့ ငွေမှုန်းတို့သင်တန်းဆီသို့ ကိုထွင့် ရောက်လာကာ ငွေမှုန်းနှင့် မိုးပြေကို လွန်းနဲ့ဖြစ်ခဲ့သည့် အကြောင်းတို့ကို လာရင်ဖွင့်၍ ငွေမှုန်းတို့ဆီက diea လာတောင်းတာဖြစ်သည်။

“အဲဒါ ဘာကြောင့်လဲ ကိုထွင့်”

လွန်းက ဖြတ်လိုက်တယ်ဆိုတာ အကြောင်းတစ်ခုတော့ ရှိရပေလိမ့်မည်။ ငွေမှုန်းရဲ့အမေးကို ပြန်ဖြေဖို့အတွက်





ကိုထွင့်က မိုးပြေကို ကြည့်လိုက်လျှင်တော့ ငွေမှုန်းသည် တစ်စုံတစ်ရာကို သဘောပေါက်သွားကာ ...

“ဟိုကိစ္စကြောင့်လား ကိုထွင့်”

“အင်း ... ဟုတ်တယ်၊ အဲဒီကိစ္စကို မိုးပြေလည်း အစအဆုံး သိပါတယ် ငွေမှုန်း”

ငွေမှုန်းသည် ကိုထွင့်ရဲ့စကားကြောင့် လန့်သွားကာ မိုးပြေရဲ့မျက်နှာကို ဖျတ်ခနဲ လှမ်းအကဲခတ်ကြည့်မိသည်။

“ကိုယ် သိသင့်တယ်ထင်လို့ မိုးပြေကို ပြောထားတာပါ၊ မိုးပြေက ငွေမှုန်းကို စိတ်ဝင်စားနေတာဆိုတော့ တစ်ချိန် ကိုယ်တို့လို ပြဿနာမျိုးမဖြစ်အောင် ပြောလိုက်တာပါ”

ငွေမှုန်းသည် ဘာစကားမှကို ဆက်ပြောချင်စိတ် မရှိတော့ပေ။ ခပ်ရှည်ရှည် သက်ပြင်းတစ်ချက်ကိုသာ ချလိုက်ရင်း ဒီကိစ္စကို သဘောထားကြီးပေးလိုက်တော့သည်။ ပြီးလျှင်တော့ အခိကပြဿနာတက်နေသော ကိုထွင့်ကို စာနာစွာကြည့်ကာ ...

“ဒါဆို လွန်းကို ဘယ်လိုဖြေရှင်းမှာလဲ ကိုထွင့်”

“ကိုယ်လည်း အဲဒါ ဘာလုပ်ရမှန်းကို မသိပါဘူးကွာ”

တော်တော့်ကို စိတ်ပျက်လက်ပျက် လေသံကြီးဖြင့် ပြောလာသော ကိုထွင့်ကိုကြည့်ကာ လွန်းနှင့် အဆင်ပြေအောင် ဘယ်လိုလုပ်ပေးရပါ့ဟု အကြံထုတ်မိသည်။ ကိုထွင့်နှင့် ငွေမှုန်းကို လွန်းကတော့ ဘာတွေမှတ်ချက်ချသွားသလဲတော့ မပြောတတ်ပါ။

ငွေမှုန်းကတော့ ဘယ်လိုပဲဖြစ်ဖြစ် ချစ်တဲ့သူနှစ်ယောက်ကို ဝေးကွာမသွားစေလိုပါ။

အဲသည့်စိတ်တစ်ခုတည်းကြောင့်ပင် ငွေမှုန်းသည် မိုးပြေကိုတစ်လှည့် ကိုထွင့်ကိုတစ်လှည့် လှည့်ကြည့်လိုက်ကာ ပြတ်သားစွာ စကားဆိုလိုက်သည်။

"ဒီကိစ္စကို ငွေမှုန်း ကူညီနိုင်မှာပါ၊ အဲဒီလို ကူညီနိုင်ဖို့ အတွက် မိုးပြေရဲ့အကူအညီကို အဓိက လိုအပ်ပါတယ်"

ငွေမှုန်းရဲ့စကားကြောင့် သူတို့နှစ်ယောက်လုံးက အံ့အားသင့်သွားကာ သူတို့ဘာမှမပြောရသေးခင်မှာပင် ငွေမှုန်းက စကားပြန်ဆက်လိုက်သည်။





"ငွေမှုန်းက မိုးပြေရဲ့ချစ်သူအဖြစ် နေပေးမယ်ဆိုရင် ဘယ်တုန်းကမှ ငွေမှုန်းက ကိုထွင့်ကို မချစ်ခဲ့ဖူးဆိုတာကို သက်သေပြနိုင်ရင် ကိုထွင့်ရဲ့အလောင်းအစားကိစ္စက အပျော်သဘောဆိုတာ လွန်း သိပြီဆို အိုကေပြီပေါ့၊ လွန်းက ကိုထွင့်ကို သေချာပေါက် ခွင့်လွှတ်မှာပါ"

ငွေမှုန်းက အတည်ကိုပြောသောအခါ မိုးပြေကော ကိုထွင့်ပါ အံ့အားသင့်သွားကာ ...

"မိုးပြေရဲ့ချစ်သူအဖြစ်ကျတော့ ဘာလို့"

"သြော် ... ဒါက ယုတ္တိရှိအောင် ဟန်ဆောင်တာပေါ့၊ ငွေမှုန်းက မိုးပြေကို ယုံကြည်လို့ ဒီလိုအကူအညီတောင်းတာပါ ...

ကူညီနိုင်မလား မိုးပြေ"

ငွေမှုန်းက မေးတစ်ချက်ဆတ်ပြပြီး မေးလိုက်လျှင် မိုးပြေသည် နူးညံ့သော အပြုံးတစ်ခုကိုပြုံးပြကာ ခေါင်းတစ်ချက်ညိတ်၍ ...

"ကူညီနိုင်တာပေါ့ ငွေမှုန်းရယ်၊ ကိုထွင့်တို့ကို ပြန်အဆင်ပြေသွားစေချင်ပါတယ်"

ငွေမှုန်းတို့ရဲ့ အပြန်အလှန်စကားတွေကို ကြားသောအခါ ကိုထွင့်သည် ချက်ချင်းဆိုသလို အားတက်သွားကာ ...

"ကျေးဇူးအများကြီးတင်ပါတယ်ကွာ၊ ဒါပေမဲ့ ဘယ်လိုကူညီနိုင်မှာလဲ၊ ကိုယ်က အပြစ်ကြီး ကျူးလွန်ခဲ့တာကို"

ကိုထွင့်ရဲ့စကားကြောင့် ငွေမှုန်းသည် အသာပြုံးကာ လက်မလေးတစ်ချက် ထောင်ပြလိုက်သည်။ တကယ်ကို ကိုထွင့်နဲ့လွှန်းကို အဆင်ပြေ ချောမွေ့သွားစေချင်သည်။ အဲဒီအတွက် ငွေမှုန်းရဲ့ ဆောင်မမှုမှာ အများကြီးကို လိုအပ်ပေသည်။

"ငွေမှုန်းက ဓာတ်ကွက်တွေကို ဖန်တီးတတ်ပါတယ် ကိုထွင့်ရဲ့ ... စိတ်မပူပါနဲ့နော်"

ငွေမှုန်းက အရွှန်းဖောက်ကာ ပြောလိုက်သဖြင့် မှိုင်းပြေကော ကိုထွင့်ပါ သဘောပေါက်သွားသလို ခေါင်းလေးဆတ်ပြလိုက်ပြီး ...





"ကဲ ... စာရေးဆရာမရေ၊ ကိုယ့်ရဲ့နှလုံးသားကိုတော့ လွှန်းလက်ထဲကို အရောက်သာ ထည့်ပေးပေတော့ဟေ့၊ အားကိုးတယ်နော်"

"အားကိုးလိုက်စမ်းပါ"

ငွေမှုန်းသည် လွှန်းနှင့် ကိုထွင့်ကို ကူညီဖို့ရန်အတွက် အသင့်အနေထားတွင် ရှိနေတော့သည်။ ချစ်သူငယ်ချင်းရဲ့အချစ်ရေး ချောမွေ့စေဖို့ ငွေမှုန်းရဲ့ကူညီမှုမှာ အရာထင်မှ ဖြစ်ပေမည်။ ယုံကြည်တာတစ်ခုက လွှန်းနှင့် ကိုထွင့် ပြန်လည်ပေါင်းစည်းသွားကြမယ်ဆိုတာပဲဖြစ်သည်။

* ❁ *

ငွေမှုန်းသည် မိုးပြေနှင့် ချိန်းဆိုထားသည့်အတိုင်း သူနှင့်သွားတွေ့ကာ လုပ်စရာ အစီအစဉ်တွေကို ပြောပြလိုက်ပြီး လွန်းဆီသို့ ဖုန်းလှမ်းခေါ်လိုက်သည်။ အစကတော့ လွန်းက ဖုန်းမကိုင်ပါ။ ဖုန်းမကိုင်ဘူးဆိုသည့် အကြောင်းက အတန်းတက်နေလို့ပဲဟု ခန့်မှန်းကာ ထပ်မခေါ်တော့ဘဲ ကန်တင်းမှာထိုင်နေတော့သည်။ ခဏအကြာမှာတော့ လွန်းဆီက ဖုန်းပြန်ဝင်လာတော့သည်။

"အေး ... ငွေမှုန်း၊ ဘာကိတ် ခုနက ငါ အတန်းတက်နေလို့"

"အင်း ... ထင်သားပဲ၊ နင် အခု ကန်တင်းလာခဲ့ပါလား"

"ဟင် ... ဘယ်လို"





"ငါ အခု နင်တို့ကျောင်းမှာ၊ အဲဒါ ငါ ကန်တင်းမှာရှိတယ်၊ လာခဲ့နော် လွန်း"

"အိုကေ ... အခုလာပြီ"

လွန်းနှင့် ဖုန်းပြောပြီးသော် ငွေမှုန်းသည် မိုးပြေဘက် လှည့်၍ လှမ်းပြောလိုက်သည်။

"ကဲ ... လွန်းက အခုလာတော့မယ်တဲ့ မိုးပြေ"

မိုးပြေက ခေါင်းတစ်ချက် ဆတ်ပြကာ အပြင်သို့ ထွက်သွားလေတော့သည်။ မိုးပြေသွားပြီး သိပ်မကြာခင်မှာ လွန်းက ကန်တင်းဆီသို့ တစ်ယောက်တည်း ပေါက်ချလာတော့သည်။

"အမယ်လေး ... ဒေါ်ငွေမှုန်း၊ အကြောင်းမကြား ဘာမကြားနဲ့ ဘယ်ကဘယ်လို ရောက်လာတာလဲ"

ငွေမှုန်းသည် ဘာမှမဖြစ်သလိုပုံစံဖြင့် ဟန်ဆောင်နေသော လွန်းကိုကြည့်ကာ အသာပြုံးလိုက်ရင်း ...

"ဒီလိုပဲပေါ့ လာတာကတော့ မိုးပြေဆီလေ၊ နင့်ကိုပြောရဦးမယ် သိလား၊ ငါနဲ့ မိုးပြေ ချစ်သူတွေဖြစ်သွားကြပြီ"

"ဟုတ်တယ်"

လွန်းက အံ့အားသင့်စွာမေးလျှင် ငွေမှုန်းက ခေါင်းညိတ်ကာ ...

"ဟုတ်တယ်ဟ"

"ငွေမှုန်း ... ဟို"

လွန်းရဲ့ ဟို ... ဆိုသော စကားရဲ့နောက် ဘာအဓိပ္ပာယ်တွေရှိလဲဆိုတာကို ငွေမှုန်းက သဘောပေါက်စွာဖြင့် ...

"ကိုထွင့်နဲ့ ငါက ဟိုးအရင်တည်းက သိတဲ့သူတွေပါ၊ အလောင်းအစားကိစ္စ ဆိုတာက ဒီလိုပဲ ဖြစ်တတ်တာပဲ၊ ဒီမှာ လွန်း၊ အချစ်ဆိုတာ ဘာနဲ့မှ နှိုင်းပြလို့မရအောင် နက်နဲတယ်၊ ချစ်နေပြီဆို သူ့ရဲ့အပြစ်အနာအဆာဆိုတာ ဘာမှမပြောပလောက်ဘူး၊ ငါကတော့ မိုးပြေကို ချစ်တဲ့အတွက် သူ့ကို အပြစ်မမြင်ဘူး"

ငွေမှုန်းရဲ့စကားကြောင့် လွန်းသည် အနည်းငယ်တော့ တွေမိသွားသည်။ ငွေမှုန်း ပြောသလိုဆိုရင်တော့ ကိုထွင့်ဟာ သိပ်တော့ အပြစ်မကြီးသလိုပင်။ ဒါဆိုရင် ခွင့်လွှတ်ဖို့က





သိပ်မခက်ပါ။ အထူးသဖြင့် ကိုထွင့်နှင့်မတွေ့ခဲ့သည့် တစ်ပတ်အတွင်းမှာ လွန်းဟာ သူ့ကို ဘယ်လောက်ထိတောင် နက်ရှိုင်းစွာချစ်တယ်ဆိုတာ သေချာသတိပြု သိရှိလာတော့သည်။

"လွန်းရယ် ... တစ်ထစ်လောက်တော့ လျှော့လိုက်ပါဟာ နော်လို့"

"ဟင်း ... နင်ကတော့လေ"

"လွန်း ခွင့်လွှတ်လိုက်ပါဟယ် ... နော်"

ငွေမှုန်းက လွန်းပခုံးလေးကို တွန်းတိုက်ပြီးပြောသည့်အခါတွင်တော့ လွန်းသည် ခပ်ငေးငေးကြည့်လိုက်ပြီးမှ ...

"ငါ ကိုထွင့်ကို ချစ်ပါတယ်၊ ဒါပေမဲ့ ..."

"ကဲပါ လွန်းရယ်၊ ဒီလိုအသေးအဖွဲ့ကိစ္စလေးအတွက် နင်က အသည်းကွဲခံမလို့လား၊ ကိုထွင့်က နင့်ကိုသိပ်ချစ်တာပါ"

လွန်းသည် ငွေမှုန်းရဲ့အပြောကြောင့် သူ့ကို တမ်းတမ်းတတကို သတိရလာမိသည်။ အခုချိန်ဆို ကိုထွင့်လည်း

လွန်းကို လွမ်းနေမှာပါ။ ငွေမှုန်းကတောင် ကျေအေးနိုင်မှတော့ လွန်းက ပိုပြီးခွင့်လွှတ်ချစ်နိုင်ရမှာပေါ့။

"ငွေမှုန်း ... ကိုထွဋ်ကို တွေ့သေးလားဟင်"

ငွေမှုန်းက ဘာမှပြန်မဖြေရသေးခင်မှာပင် မိုးပြေက ဝင်လာကာ ငွေမှုန်းဘေးနားမှာ ဝင်ထိုင်လိုက်ရင်း ...

"ဟာ ... လွန်းပါ ရောက်နေတာလား"

"မိုးပြေကလည်း ကြာလိုက်တာ ဘယ်တွေသွားနေတာလဲ"

"ကိုထွဋ်ပေါ့၊ ဒီကိုလာတယ်လေ၊ စိတ်ညစ်နေတယ် ထင်တယ်၊ အဲဒါ မနည်းဖျောင်းဖျနေရတယ်"

မိုးပြေရဲ့စကားကြောင့် လွန်းသည် ထိတ်ထိတ်ပျာပျာဖြင့်ပင် မိုးပြေကို လှမ်းမေးရတော့သည်။

"သူ ... သူ အခု ဘယ်မှာလဲဟင်"

"ကားပါကင်မှာလေ၊ ခဏလောက်ထိုင်ပြီးရင်တော့ အရက်သွားသောက်မယ် ဆိုလားပဲ"





ဟင် ... ဆိုသော အာမေဍိတ်ကိုပြုကာ ကားပါကင်ဆီသို့ လွန်းသည် အပြေးထွက်သွားတော့သည်။ မိုးပြေနှင့် ငွေမှုန်းကတော့ ခပ်ပြုံးပြုံးဖြင့် နေခဲ့ကြသည်။ လွန်းသည် သူ့ကိုစိတ်ပူတာနှင့်ပဲ ပါကင်ဆီသို့ ဘယ်လိုအပြေးလျှောက်လာခဲ့မိသလဲ မသိတော့ပါ။ လွန်းက ကားပါကင်မှာ ကိုထွဋ်ကို အသည်းအသန်ရှာနေမိရင်းက ကားတံခါးကို မှီရပ်နေကာ ခပ်ငိုင်ငိုင်လေးနေနေသော ကိုထွဋ်ကို တွေ့လိုက်သော လွန်းရဲ့ရင်ခွင်တစ်ခုလုံး နုံးချည့်သွား၍ သူ့ရှေ့သို့ အပြေးသွားမိသည်။

"ကိုထွဋ်"

"လွန်း ... ကိုယ့်ဆီလာတယ်"

ကိုထွဋ်ရဲ့အမေးကို ခေါင်းညိတ်ပြကာ သူ့ရဲ့လက်တွေကို လွန်းက ဆုပ်ကိုင်ထားလိုက်လျှင် သူက ...

"ကိုယ့်ဘဝမှာ လွန်းက အရေးကြီးဆုံးပါကွာ"

လွန်းသည် သူ့ရဲ့စကားကြောင့် တကယ်ကို ကြည်နူးမိသွားတော့သည်။ သူ့အချစ်ကိုတော့ လွန်းက မှတ်ကျောက်တင်

လိုက်ပြီဖြစ်သည်။ လွန်းကလည်း တကယ်ကို ချစ်မိသွားခဲ့ပြီဖြစ်သည်။ သည်တစ်ခါ တွဲထားသော လွန်းတို့ရဲ့လက်တွေဟာ ဘယ်တော့မှ ဖြုတ်ချတော့မည် မဟုတ်ပါ။

ကိုထွင့်လည်း လွန်းနည်းတူ ဖြစ်လိမ့်မည်ဟု ယုံကြည်ထားပါသည်။

* ❁ *





လွန်းတို့ရဲ့ကိစ္စတွေ အားလုံး ပြီးပြတ်ရှင်းလင်းသွားသောအခါ မိုးပြေက ငွေမှုန်းကို "တွေ့ပါရစေ"ဟု ဖုန်းဆက်ချိန်းထားသဖြင့် ငွေမှုန်းသည် ချိန်းဆိုထားရာနေရာသို့ သွားဖြစ်တော့သည်။ မိုးပြေကတော့ အရင်ကြိုရောက်နေကာ ငွေမှုန်းကိုမြင်လျှင် လက်လှမ်းပြလိုက်သဖြင့် ငွေမှုန်းသည် ခေါင်းတစ်ချက်ဆတ်ပြကာ သူ့နံဘေးက ထိုင်ခုံလေးမှာ ဝင်ထိုင်လိုက်တော့သည်။

"ဘာကိစ္စရှိလို့လဲ မိုးပြေ"

"Semester စာမေးပွဲတောင် ဖြေရတော့မယ်နော်"

မိုးပြေသည် ရောက်တတ်ရာရာတွေ ပြောနေရင်းကမှ ခပ်တိုးတိုးလေသံဖြင့် စကားဆိုလာတော့သည်။

"ငွေမှုန်း ... ကိုယ့်ကို အဖြေမပေးသေးဘူးလားဟင်"

သူ့စကားကြောင့် ငွေမှုန်းသည် မျက်စောင်းတစ်ချက် ထိုးလိုက်ရင်း ...

"အချစ်ကို စိတ်မဝင်စားဖူးလို့ ပြောထားပြီးသားလေ၊ ငွေမှုန်းနဲ့ ဆက်ခင်ချင်သေးတယ်ဆိုရင် အဲဒါတွေမပြောပါနဲ့"

ငွေမှုန်းရဲ့အပြောကြောင့် ခပ်မှိုင်မှိုင်လေး ဖြစ်သွားသော သူ့ကိုကြည့်ကာ နည်းနည်းတော့ သနားမိသွားသည်။ မိုးပြေရဲ့အချစ်ကိုတော့ ငွေမှုန်းသည် အကြွင်းမရှိကို လက်ခံယုံကြည်ပါသည်။ သူ့ကို ဒဏ်ရာတွေလည်း မပေးချင်ပါ။ သို့ပေမဲ့ ဘာကြောင့်မှန်းမသိ ငွေမှုန်းသည် ချစ်ဖို့ကို တစ်စုံတစ်ရာ စိုးရွံ့နေမိသည်။

"ဘယ်လိုပဲဖြစ်ဖြစ်ပါ ငွေမှုန်း၊ ကိုယ်ကတော့ စောင့်နေဆဲပါပဲ"

သူ့ရဲ့အဲဒီအပြောမှာ ငွေမှုန်းက ရင်တွေခုန်လာတော့သည်။ ဘုရားရေ ... သူ့ကို တကယ်ပဲ ငွေမှုန်း ချစ်နေမိပြီလား။

"ကိုယ့်ကို ပြန်ချစ်ပါလား ငွေမှုန်းရယ် ... ဟင်"





မိုးပြေက ဆွဲဆွဲငင်ငင်လေးဖြင့် ဟင်,ဟု မေးလိုက်လျှင် ငွေမှုန်းသည် မြားနတ်မောင်ရဲ့အချစ်မြား ထိခံရသူလို ဝိုင်စင်းသွားကာ သူ့ကိုအဖြေပေးချင်သည့်စိတ်တို့က ဟုန်းခနဲ ထပေါ်လာလေတော့သည်။ သူ့ရဲ့ဖြူစင်သော မျက်ဝန်းထဲက ငွေမှုန်းကိုချစ်သည့်အယောင်တွေကို အတိုင်းသား မြင်နေရသည်။

"ဒီတစ်ခါတော့ မငြင်းတော့ပါဘူး မိုးပြေရယ်"

ငွေမှုန်းရဲ့တိုးသဲ့သဲ့စကားသံကြောင့် သူ့ရဲ့မျက်လုံးတွေတောင် ပြူးကျယ်သွားမတတ်ပင်။ ငွေမှုန်းရဲ့အဖြေပေးပုံမှာ သူ့အတွက်တော့ တကယ်ကို ဆပ်ပရိုက်(စ်)ဖြစ်သည်။ သူက ကိုယ့်နားကိုယ် မယုံကြည်စွာဖြင့် နောက်တစ်ခါ ထပ်မေးလျှင် ရှက်ပြုံးလေးတစ်ခုဖြင့် ,...

"မိုးမြေနဲ့ ထပ်တူပါပဲရှင်"

ငွေမှုန်းရဲ့ အဲသည်စကားမှာ သူက လုံးဝကိုနစ်မျောသွားလေတော့သည်။ ငွေမှုန်း၏ဖြူစင်ဝင်းပကာ အရည်လဲ့နေသော မျက်နက်ဝန်းလေးတွေမှတစ်ဆင့် သူ့အပေါ် သဘောထားကို သူက ဖတ်တတ်ခဲ့ပြီ။ အဲဒီအကြင်နာတွေ ပြည့်လျှမ်းနေသည့် မျက်ဝန်းလေးမှာ ထာဝရကွန်းခိုခွင့် ရချင်ပါသည်။

အခုမှ အဖြေရထားသော သူတစ်ယောက်ရဲ့ ရင်ခုန်သံဟာ တဒိန်းဒိန်း မြည်ဟည်းကာ သူ့မျက်နှာလေးကို တစိမ့်စိမ့်ငေးကြည့်၍ ပိုလို့တိုးကာ ချစ်မိပါသည်။ ချစ်မိသည့်အတွက်လည်း ...။

ကျေးဇူးတင်စွာဖြင့်

မယ်မင်းဘုံ

6th March 2010. (SAT)

9:25 P.M

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

**Facebook on "Mae Min Bon"**